
http://www.cherrythitsar.org



http://www.cherrythitsar.org

မောင်မျိုးစီစဉ်သည်

two cats PUBLICATION
ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၁၃၂ (မြေညီ) ဥဿလမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၂၁၊ ၀၁-၂၈၂၂၄၈

http://www.cherrythitsar.org



http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၂၂၈၀၅၀၃

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၆၃၂၀၅၀၆

**ထုတ်ဝေသူ**

ဒေါ်ဆွေဆွေအောင်

ဆွေဆွေအောင်စာပေ

၁၅၀၊ ဘိုးလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

**ပထမအကြိမ် ၂၀၀၅ ခုနှစ် ဇူလိုင်လ**

**အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်**

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာရှာ ဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ် ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဆွေဆွေအောင်**

# ၁

“မူးလိုက်တာ ‘လဝန်း’ ရယ်... ဒီသစ်ပင်အောက်မှာ ခဏလောက်ထိုင်မှဖြစ်မယ်”

“အို လမ်းမဘေးကြီး... ပြီးတော့ ဆိုက်ကားသမားတွေရော ယောက်ျားတွေရော တစ်ပုံကြီးထိုင်နေတာ မကောင်းပါဘူး တည်းခိုခန်းလည်းရောက်တော့မှာပဲ မေကြီး ရဲ့... အားတင်းပြီး လျှောက်လိုက်ရင်ရောက်မှာပါ”

“အေး အေး ဒီနားကလူများတာတော့ အမှန်ပဲ...ဟိုဘက်လမ်းကူးပြီးရင် လူရှင်းတဲ့နေရာတော့ ခဏနားမှဖြစ်မယ် ခေါင်း

အရမ်းမူးနေပြီ”

ဟုတ်ပါသည်။ မေကြီး ၏နဖူးမှာ ချွေးတွေသီးနေသည်။

မျက်လုံးလည်း ကောင်းကောင်းမဖွင့်။

အသက်ရှူလည်း မြန်လွန်းနေသည်။

မန္တလေး၏ အပူဒဏ်ကြောင့်လား။

ဒါမှမဟုတ် အပူဒဏ်ပြင်းမှန်းသိပါလျှက် အုန်းနို့ခေါက်ဆွဲစားမိလို့လား။

“အို မေကြီး မေကြီး သတိထားနော်… လမ်းလယ်ခေါင်ကြီးမှာလေ”

မေကြီး လမ်းဆက်မလျှောက်နိုင်တော့ဘဲ ပျော့ခွေသွားသည်။ ‘လဝန်း’ က မျက်စေ့ပျက်မျက်နှာပျက်ဖြင့် ငိုသံပင်ပါနေပါပြီ။

“တီ တီ တီ”

“ပွမ် ပွမ်”

ကားဟွန်းသံတွေ၊ ဆိုင်ကယ်ဟွန်းသံတွေ ညံနေပြီဖြစ်သလို ‘လဝန်း’ လည်း ပြာယာခတ်ပြီး ကြီးဒေါ်၏ ဂျိုင်းနှစ်ဘက်ကို နောက်ဘက်မှလျှိုမရင်း ပလက်ဖောင်းပေါ်ရောက်အောင်ဆွဲခေါ်နေပါသည်။ သို့သော် ကြီးဒေါ်က ဝဝဖိုင့်ဖိုင့်၊ တူမကပိန်

ပိန်သွယ်သွယ်၊ မနိုင်ပါ။

"ဘာဖြစ်တာလဲ"

"ကားတိုက်တာလား"

"ဆိုင်ကယ်တိုက်တာလား"

"မဟုတ်ဘူး မူးလဲသွားတာ"

"ဦးနှောက်သွေးကြော ပြတ်တာထင်တယ်"

"လမ်းလယ်ခေါင်ကြီးမှာ ကားလမ်းတွေပိတ်ကုန်ပြီ ဟို ကားလူလွှတ်နေတာပဲ ပွေ့တင်လိုက်ကြပါ... ဆေးရုံကြီးလည်း နီးတာပဲ... ခင်ဗျားတို့ ဝင်ပို့ပေးလိုက်ပါဗျာ"

ယာဉ်ထိန်းရဲ၏ လျှပ်တစ်ပြက်စီစဉ်မှုကြောင့် 'လဝန်း' တို့တူဝရီး ကားပေါ်ရောက်သွားပြီး မကြာမီ မန္တလေးဆေးရုံ ကြီး၏ အရေးပေါ်ဌာနသို့ ရောက်ရှိခဲ့သည်။

'လဝန်း' တစ်ယောက် မှီခိုသူဘဝမှ ခေါင်းဆောင်ထ လုပ်ရပါပြီ။

စာပေးစာယူဖြေဖို့ အဆောင်ကြိုတင်လာရှာခြင်း၊ ကြို တင်ငွေပေးခြင်း၊ စာမေးပွဲဖြေဆိုဖို့ လျှောက်လွှာတင်ခြင်းများ အတွက် တူဝရီးနှစ်ယောက် မန္တလေးကို ရောက်နေတာနှစ်ရက် ရှိနေပြီ။ နက်ဖြန် နံနက်အစောကြီးကားဖြင့် တောင်ပေါ်ကိုပြန်

http://www.cherrythitsar.org


ဖို့ပြင်ဆင်ပြီးပြီ။ အားလုံးဝယ်ခြမ်းပြီးပြီ။ ပါလာသည့်ငွေအား လုံးလည်း ပြောင်သလောက်ရှိနေပြီ။ နက်ဖြန် လမ်းခရီးမှာစား ဖို့ရယ် ကားဂိတ်သို့သွားဖို့ဆိုက်ကားခရယ်၊ အားလုံးစုစုပေါင်း ထောင့်ငါးရာခန့်သာရှိတော့သည်။

ကိုယ့်မြို့ပြန်ရောက်ရင် ပြီးပြီလေ။ ကိုယ့်အိမ်မှာဆန်ဆီ ဆား ငါးခြောက်ရှိသည်။ ခြံထဲက အသီးအနှံလေး ခူးခပ်ကြော် ချက်စားလိုက်ယုံ။ ဗူးသီး၊ ကန်စွန်းရွက်၊ ငရုတ်သီးစိမ်း၊ အာလူး မြေပဲ၊ ကန်စွန်းဥ။

ဒါတွေက 'လဝန်း' တို့ ခြံပတ်ဝန်းကျင်မှာ အားလုံးရနိုင် သည့် အသီးအနှံများ။ တစ်အိမ်နှင့်တစ်အိမ် အလဲအလှယ်လုပ် ပြီး တူးစားခူးစားလို့ရသည်။

ခုတော့ခက်ပြီ။

ပိုက်ဆံမရှိဘဲ ဆေးရုံပေါ်ရောက်နေပြီ။

ဘုရားမလို့ မခွဲရ၊ မစိတ်ရပါစေနဲ့။

မေကြီး အမြန်ဆုံးသတိရပြီး ဆေးရုံကမြန်မြန်ဆင်းရပါ စေ။

ဘာပဲဖြစ်ဖြစ် ဆေးရုံမှာတစ်ရက်နေနေ၊ နှစ်ရက်နေနေ ဆေးရုံဆင်းလျှင် ကျသင့်ငွေကိုတော့ ရှင်းရပေလိမ့်မည်။ လက်

http://www.cherrythitsar.org


ထဲမှာ ရှိနေသည့်ငွေဖြင့် မလုံလောက်။

မကြီး က မရှိမယ့်ရှိမယ့်ပိုက်ဆံဖြင့် မိမိကိုရွှေဆင်ပေးထားသည်။ တစ်မတ်သားကြိုးတစ်ကုံး၊ တစ်မတ်သားလက်စွပ်နားကွင်းတစ်စုံ။ ဤပစ္စည်းများထဲမှ တစ်ခုခုကိုတော့ အမြန်ဆုံးပြေးရောင်းမှဖြစ်မည်။

အရေးပေါ်ခန်းမှ အခန်းနှင့်ကုတင်ရပြီးသည်နှင့် ကုတင်ခြင်းကပ်လျှက်မှ လူနာရှင်ကို ခေတ္တကြည့်ပေးပါရန် အကူအညီတောင်းပြီး ရွှေရောင်းဖို့ထွက်ခဲ့ရတော့သည်။

တောထဲကဒရယ်လို လူတောမတိုးချင်သော လူကြောက်ချင်သော 'လဝန်း' တစ်ယောက် မန္တလေးကို တတိယအကြိမ်ရောက်ခြင်းဖြစ်သော်လည်း မမှတ်မိပါ။ ထို့ကြောင့် ဆိုက်ကားတစ်စီးကိုရှာမိသည်။ အသက်ကြီးကြီး ဆိုက်ကားဆရာကိုရှာ ပြီးစီးခြင်းဖြစ်သည်။

ရွှေဆိုင်တွေများများရှိသည့် ၈၄လမ်းနှင့် ၂၉လမ်းထောင့်တွင်ဆင်းလိုက်သည်။

သူများတွေ ရွှေတုံး၊ ရွှေချောင်းတွေလာရောင်းနေသဖြင့် မိမိ၏ တစ်မတ်သားလက်စွပ်လေးမှာ ချောင်ထိုးခံထားရသည်။ ဝယ်သူတွေကလည်း ဘယ်ကဘယ်လို ပိုက်ဆံရကြသည်မသိ။

http://www.cherrythitsar.org


ဆွဲကြိုးတစ်ကုံးကို ငါးကျပ်သားတစ်ဆယ်သားအထိ ဝယ်ဝတ်ကြသလို လက်ကောက်များကိုလည်း တစ်ဆယ်သားနှစ်ဆယ်သားအထိ ဝတ်ကြသည်။

"သူတို့လည်ပင်းတွင် လက်တွေလေးပြီး အေးနေမှာမြင်ယောင်မိသေးသည်။ အဲ့သလို လက်ကောက်တွေ အကွင်းလေးငါးဆယ်အဝတ်ကောင်းလို့ မိန်းမတစ်ယောက် တံတောင်ဆစ်ကနေ ဓါးနဲ့အခုတ်ခံရတာ ကျုပ်ကြားဖူးတယ် အဲ့သလောက်ကြီး မဝတ်ရဲပါဘူး"

ငွေချေသည့် စားပွဲခုံပုပုတွင်ထိုင်နေသော မိန်းမကြီးကပခုံးတွန့်ရင်း ကြက်သီးထပြရင်း မဲ့မဲ့ရွဲ့ရွဲ့ပြောနေခြင်းဖြစ်သည်။

ရွှေရောင်း၍ရသည့်ငွေကို ကျစ်နေအောင်ဆုပ်ကိုင်ပြီးတည်းခိုခန်းသို့သွားရသည်။ အခန်းခပေးထားသဖြင့် သော့မအပ်ရသေး။ ဆေးရုံကဆင်းခွင့်ရလျှင် ယနေ့ညပြန်အိပ်ချင်အိပ်နိုင်သေးသည်။

'လဝန်း' ဆေးရုံပြန်ရောက်ချိန်တွင် မေကြီး သတိရနေပြီခပ်ယဲ့ယဲ့ပြုံးပြသဖြင့် 'လဝန်း' ဝမ်းသာပြီး မျက်ရည်တွေစီးကျသွားသည်။

မေကြီး က လက်မောင်းကြောထဲ ဆေးသွင်းထားသည့်

အပ်ကိုစိုက်ကြည့်ရင်း...

"ငါ့သမီးကို အားနာလိုက်တာ... မေကြီး နောက်တော့ ပြန်ဝယ်ပေးမယ်"

လက်စွပ်ရောင်းခဲ့မှန်းသိသဖြင့် ပြောခြင်းဖြစ်မည်။

"မေကြီး များသေသွားရင် 'လဝန်း' တော့ သောင်ပြင်လွှတ်တဲ့ခွေးဖြစ်မှာပဲ... မေကြီး သတိလစ်နေတုန်းက 'လဝန်း' လေ အသက်တောင်ရှုမိရဲ့လားမသိဘူး... ရွှေမဝတ်ရလဲဘာမှ မဖြစ်ပါဘူး မေကြီး ရယ်နောက်ကိုအားရှိအောင် အစားကောင်းကောင်းစားနော်... အားဆေးတွေဘာတွေ ဝယ်သောက်ပါ... 'လဝန်း' ကျောင်းတက်ရင်ဝတ်ဖို့သုံးဖို့ကြီးပဲ ပိုက်ဆံတွေစုလွန်းလို့ မေကြီး ကို ဆရာဝန်ဝယ်သောက်ခိုင်းတဲ့ အားဆေးတွေရော အစားအသောက်တွေရော ဘာတစ်ခုမှ ဝယ်မစားမသောက်ခဲ့ လို့ အားပြတ်ပြီးခုလိုဖြစ်တာ"

"အိပ်ရေးပျက်သွားလို့ပါ ကလေးရယ်"

အိပ်ရေးပျက်ရခြင်းအကြောင်းကလည်း မန္တလေးမှာ 'လဝန်း' ဝတ်ဖို့ ဝတ်စုံအသစ်သုံးစုံကို နေ့မအိပ်ညမအိပ်ချုပ်နေရလို့ဖြစ်သည်။ အပ်ထည်တွေကို ရက်ချိန်းအတိုင်း ပေးနိုင်အောင်ချုပ်မှ ပိုက်ဆံရမည်ဖြစ်၍ ညဘက်များတွင် 'လဝန်း' အတွက်

http://www.cherrythitsar.org


ညှပ်ရချုပ်ရတာလေ။

"ကဲ ကဲ 'လဝန်း' အရမ်းပင်ပန်းနေပြီ... ခဏနားလိုက်ဦး မေကြီး ကုတင်ပေါ်လာတက်အိပ်လို့ ရတာပဲ"

"ဟာ မရဘူးထင်တယ်... လာဆူနေဦးမယ်"

ခဏကြာသောအခါ 'လဝန်း' ဟန်မလုပ်နိုင်တော့ပါ။ ကုတင်ခြေရင်းဘက်တွင် ခန္ဓာကိုယ်အပေါ်ပိုင်းကိုမှောက်၍ မျက်နှာကို မေကြီး ၏ ခြေထောက်နားတွင်စောင်း၍ လက်နှစ်ဘက်ကိုပိုက်ပြီး ကုလားထိုင်ပေါ်တွင်ထိုင်ရင်း အိပ်ပျော်သွားခဲ့တော့သည်။

ဆူဆူညံညံအသံများကြောင့် 'လဝန်း' မျက်လုံးများပွင့်လာသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသဖြင့် မျက်ဝန်းကျယ်ကြီးနှစ်ခုမှာ နီရဲ၍နေသည်။ သူမကို စိုက်ကြည့်နေသော မျက်လုံးများစွာကြောင့် အထိတ်တလန့် ထရပ်လိုက်မိသည်။

ဆရာဝန်၊ ဆရာဝန်မ၊ သူနာပြုများစွာက လူနာများကို စစ်ဆေးရေးဝင်ခြင်းဖြစ်သည်။

"ဒေါက်တာ ကျွန်မ နက်ဖြန်ဆင်းလို့ရမလားရှင်... နယ်ကလာရတဲ့သူမို့ပါ... ကားလက်မှတ်ဖြတ်ပြီးမှ ရုတ်တရက်မူးလဲသွားပြီး ဆေးရုံပေါ်ရောက်လာတာဆိုတော့ ကောင်းသွားရင်

http://www.cherrythitsar.org


တော့ ဒီနေ့ညပဲ ဆင်းသွားချင်တာပါပဲ”

ထိုစကားကြောင့် တချို့ဆရာဝန်နှင့် သူနာပြုများစိတ်တို သွားပုံရသည်။ အရပ်မြင့်မြင့်၊ ခပ်ချောချောဆရာဝန်ကတော့ ခပ်ပြုံးပြုံးမျက်နှာဖြင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း...

“အဒေါ်က ကားခကိုနှမြောတာလား... ဒါဆိုကျွန်တော် ကားခစိုက်ပေးပါ့မယ်... တစ်ညတော့အိပ်လိုက်ပါ... နားလိုက် ပါ... အားဆေးကသွင်းဖို့ နှစ်ပုလင်းကျန်သေးတယ်လေ အား နည်းလွန်းလို့ မူးလဲသွားတာဆိုတော့ ခရီးသွားရင်ပိုဆိုးမှာပေါ့ ကျန်းမာရင် ပိုက်ဆံပြန်ရှာနိုင်တာပဲလေ... ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုတဲ့ စကားတောင်ရှိသေးတာပဲ... လမ်းခရီးမှ ထပ်ဖြစ်ရင်ပိုဆိုးမှာပေါ့... အမှန်မှာနှစ်ရက်လောက်နားသင့်တာ ဒါပေမဲ့ သိပ်ပြန်ချင်ရင်တော့ ဒီတစ်နေ့နဲ့တစ်ညတော့နားလိုက် ပါ”

“ဟုတ်ပါတယ် မေကြီး ရယ်... သဘက်ခါမနက်မှပြန် ကြရအောင်ပါ... မထူးတော့ပါဘူး”

“အေး အေး ဆရာ ဆရာမတွေကိုလည်း ကျေးဇူးအများ ကြီးတင်ပါတယ်ရှင်”

အားလုံးက ခပ်ပြုံးပြုံးမျက်နှာများနှင့် ခေါင်းညိတ်ပြီး

http://www.cherrythitsar.org


နှုတ်ဆက်သွားကြသည်။

"အင်း ငါ့တူနဲ့တူမလည်း စိတ်ချမ်းချမ်းသာသာပြည့်ပြည့်စုံစုံနဲ့သာဆိုရင် သူတို့လေးတွေလိုပဲ ရုပ်ချောချောဆရာဝန် ဆရာဝန်မတွေဖြစ်ကြရမှာ"

"မေကြီး ရယ်... ဆရာဝန်ဖြစ်ဖို့ကလည်း စာအရမ်းတော်မှ ဖြစ်တာပါ... ဂုဏ်ထူးနှစ်လုံးလောက်က ဘာမှလုပ်လို့မရပါဘူး"

"အေးလေ စိတ်မှမချမ်းသာကြရတာကိုး ကျူရှင်ကောင်းကောင်းတွေမှ မတက်ခဲ့ရတာကိုး"

"'လဝန်း' တို့ကိုယ်တိုင်က ပျော့ညံ့လို့ပါ တချို့ကျောင်းသူကျောင်းသားတွေလည်း ကျူရှင်မယူဘဲ ဂုဏ်ထူးလေးငါးလုံးထွက်ကြတာပါပဲ... တန်ရာတန်ရာပဲ ဖြစ်ကြတာပါပဲ"

မေကြီး က ခေါင်းကိုသာရမ်းနေပါသည်။

အင်းပေါ့လေ သူ့တူမလှလှလေးကို ဆရာဝန်မဖြစ်စေချင်တာကတော့ သူ့ စေတနာတွေမေတ္တာတွေပေါ့။

'လဝန်း' မိုက်ထဲက တဂွီဂွီမြည်သံကို ဆိတ်ငြိမ်သောအခန်းတွင်းဝယ် သိသိသာသာကြားလိုက်ရပါသည်။

"သမီး ဗိုက်ဆာနေပြီထင်တယ်... ပေါင်မုန့်ထောပတ်

သုတ်တွေရှိတယ်မဟုတ်လား... ကိတ်မုန့်ခြောက်တွေရှိတယ်မဟုတ်လား... ကာဖီလည်း ဗူးနဲ့ဝယ်ထားတယ်မဟုတ်လား... စားလိုက်ပါလား"

'လဝန်း' အဲ့ဒါတွေမစားချင်။ ဗိုက်ဝမှာလည်းမဟုတ်။

ဆေးရုံရှေ့တွင် အစားအသောက်ဆိုင်များရှိသည်။ မေကြီး ၏ ကုတင်ခြင်းကပ်လျှက်မှ လူနာရှင်မှာဖော့ထမင်းဗူးလေးဖြင့် ပူပူနွေးနွေးစားနေခြင်းဖြစ်သည်။

"ထမင်းပေါင်းထင်တယ်... ဘယ်မှာဝယ်တာလည်းမသိဘူး... ပူပူနွေးနွေးလေး"

မေကြီး လည်းစားချင်နေပုံရသည်။

"ဟုတ်တယ်ရှင့်... ဒီဆေးရုံရှေ့မှာရောင်းတယ်လေ...'မခင်စိန်' ဆိုင်မှာ"

'လဝန်း' လမ်းကူးဖို့ ပြင်နေချိန်တွင် အမျိုးသားသုံးယောက်က အနားကပ်လာပြီး...

"ညီမလေးတစ်ယောက်တည်းလား... အဖော်လိုလား"

ထိုအပြောကြောင့် မွေးထားသောသတ္တိများလွင့်စင်သွားခဲ့ပြီး ကားလမ်းကို အူယားဖားယားကူးခဲ့မိသည်။

"ကျွီး..."

http://www.cherrythitsar.org


ကားတစ်စီးက ဘရိတ်အုပ်ရင်း…

“ဟေ့ကောင်မလေး… သေချင်လို့လား ယောကျ်ားမယူ ချင်တော့ဘူးလား”

“ဟား ဟား ဟား”

ကားပေါ်တွင်ပါလာသူများကရော လမ်းမပေါ်မှ လူအချို့ ကပါ အားရပါးရရယ်သွားကြသလို…

“ဟေ့လူတွေ ခင်ဗျားတို့နှမချင်းစာနာတဲ့စိတ် မရှိကြဘူး လား… ရိုင်းလှချည်လား… လာ လာ ညီမလေး… မကြောက် နဲ့နော်”

‘လဝန်း’ ၏ လက်မောင်းကို တင်းကနဲနေအောင် ဆုပ် ကိုင်ရင်း တကယ်စေတနာပါသလို ကူညီလိုက်သူ၏မျက်နှာကို မြင်ရတော့ အတင်းပြန်ရုန်းထွက်မိသည်။

စောစောက လမ်းမကူးခင် လိုက်နှောက်ယှက်ခဲ့သောလူ။

‘လဝန်း’ အတင်းရုန်းထွက်သောအခါ ထိုလူက…

“ဆေးရုံလာတက်တာ မဟုတ်လား… အကူအညီလိုရင် ပြောပါ… ဘာဝယ်ချင်လဲ ဆေးရုံပေါ်ကိုလာပို့ပေးမယ်”

ဝိုင်းစက်ပြူးကျယ်သော ‘လဝန်း’ ၏မျက်ဝန်းများကိုစိုက် ကြည့်ရင်း …

"ဘာလဲ လူလိမ်ထင်လို့လား... ပိုက်ဆံပေးစရာမလိုပါဘူး... ကိုယ်ကစေတနာနဲ့ ကူညီချင်တာပါ"

"ကျေးဇူးတင်ပါတယ်ရှင်... ကျွန်မ သူများဆီကအလကားပေးတိုင်း မယူတတ်ပါဘူး"

ကြောက်လွန်းသဖြင့် အသံတွေတုန်၊ အသားတွေတုန်နေသော 'လဝန်း' ၏ပုံစံကိုကြည့်ပြီး ထိုလူကရယ်သံဖြင့်...

"ကဲ ဒါဆိုလည်း ကျသင့်ငွေကို ဘောက်ချာနဲ့ရှင်းပေါ့... ညီမက မသွားတတ်မလာတတ်နဲ့ ခဏခဏအပြင်ထွက်ရင် ကားတိုက်ခံရဖို့များနေတယ်"

"ဟုတ်ကဲ့မနက်ဖြန်ဆိုရင် ဆေးရုံဆင်းတော့မှာမို့ လူကြီးမပါဘဲ အပြင်ထွက်ဖို့မလိုတော့ပါဘူး"

"ဟား ဟား ဒါဆို ညီမက ကလေးပေါ့ဟုတ်လား ... ကြိုက်သွားပြီကွာ"

'လဝန်း' ဆိုင်ထဲဝင်မည်လုပ်တော့လည်း ထိုလူကကပ်ပြီးလိုက်လာသဖြင့် အကြံအိုက်နေစဉ်၊ ဆိုင်ထဲတွင်ထိုင်နေသူတစ်ဦးကိုမြင်လိုက်ရသောကြောင့် ဝမ်းသာအားရ ထိုစားပွဲခုံတွင်ဝင်ထိုင်ရင်း...

"ဒေါက်တာနဲ့တွေ့တုန်း မေးရဦးမယ်... မကြီး ရောဂါ

http://www.cherrythitsar.org


က ထပ်ကုဖို့လိုသေးသလားရှင်... လိုရင်တောင်ပေါ်ရောက်ရင် ဆက်ကုပါ့မယ်... ဘယ်လိုဆေးဝါးတွေ ဆက်တိုက်ရင်ကောင်း မလဲမသိဘူးနော်... ဟိုလေ လုပ်ငန်းပြင်ပအထိ လိုက်မေးလို့ အနှောက်အယှက်ပေးတယ်ဆိုပြီး စိတ်မတိုပါနဲ့နော်... 'လဝန်း' တို့ကဆင်းရဲတော့ အထူးကုတွေဘာတွေလည်း ခဏခဏမပြ ဖြစ်ဘူးလေ... မကြီး က ပိုက်ဆံကုန်မှာကြောက်တော့ ဟို ရောက်ရင်လည်း ထပ်ပြမှာမဟုတ်ဘူး... ဒါကြောင့် ဆရာနဲ့ တွေ့တုန်း လိုအပ်တာတွေ တစ်ခါတည်းမေးထားရတာပါ"

ထိုင်စားနေသော ဆရာဝန်ဆိုသူမှာ ပထမအူကြောင် ကြောင်ပုံစံဖြင့်လှမ်းကြည့်ပြီး ချက်ချင်းမျက်နှာကို ပြုံးပြုံးရွှင် ရွှင်လုပ်ရင်း ခေါင်းတညိတ်ညိတ်ဖြင့်...

"ထိုင် ထိုင်ပါ ညီမ... မေးလို့ရပါတယ်... တခြားဘာအ လုပ်မှရှုပ်မနေတဲ့အချိန်ဆိုတော့ အနှောက်အယှက်မဖြစ်ပါဘူး"

ဟိုလူဆိုင်ပြင်တွင် ရပ်နေမှန်းသိမှ 'လဝန်း' က ခပ်တိုး တိုးလေသံဖြင့်...

"ဟိုလူလိုက်နှောက်ယှက်နေလို့ ဆရာ့နားပြေးလာမိတာ ပါ... ဟိုလေ ထမင်းပေါင်းဝယ်ပြီး အပြန်ကျရင် 'လဝန်း' ကို ဆေးရုံဝအထိ ပြန်ပို့ပေးပါလားဆရာ ဟိုလေ'လဝန်း' ကြောက်

လို့ပါ"

"ရပါတယ် အပန်းမကြီးပါဘူး"

"'လဝန်း' ဟိုဘက်စားပွဲမှာ သွားထိုင်စောင့်နေမယ်နော်"

"ရပါတယ် ကိုယ်စားတတ်ပါတယ်... ထိုင်ပါ မင်းရော တစ်ခုခုစားပါလား"

"အို ရပါတယ်ဆရာ... ထမင်းပေါင်းမှာထားပြီးပါပြီ"

ပါဆယ်ထုပ်ထိုင်စောင့်ရင်း 'လဝန်း' ဦးနှောက်ထဲတွင် မေးခွန်းတွေထုတ်နေမိသည်။

ဆရာက အိမ်မှာထမင်းမစားဘူးလား။

ဆရာ့အိမ်က ထမင်းဗူးတွေဘာတွေ မထည့်ပေးလိုက်ဘူး လား။

ဆရာထမင်းစားပြီး သွားခဲ့ပြီ။ 'လဝန်း' ကိုခပ်ပြုံးပြုံး လှမ်းကြည့်ရင်း...

"နောက်နေ့တွေကျရင် တစ်ယောက်တည်းအပြင်မထွက် နဲ့လို့... မိုးမချုပ်ခင်လည်း အနီးအနားကလူတွေကို အဖော်ညှိ ပြီးထွက်ပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ လာ လိုက်ပို့ပေးမယ်"

http://www.cherrythitsar.org


ဆရာနှင့်စုံတွဲထွက်လာသည်ကို ဟိုလူကမကျေနပ်သလို ပုံစံဖြင့်လက်ပိုက်ပြီး ကြည့်နေပါသည်။

"ရပါပြီဆရာ… ကျေးဇူးအများကြီး တင်ပါတယ်ရှင်"

ဆေးရုံဝင်းအတွင်း အဆောက်အဦး အကွယ်ရောက်ပြီ ဖြစ်၍ ခါးလေးညွတ်၍ နှုတ်ဆက်မိသည်။

ဆရာဖြစ်သူကို အပေါ်ထပ်တက်ရင်း လှမ်းကြည့်မိသည်။

မတွေ့ရတော့သဖြင့် အဆောင်တစ်ခုခုထဲဝင်သွား လောက်ပြီဟု သိလိုက်သည်။

"ဟဲ့ သမီး အိပ်လေ… တစ်နေကုန်ပင်ပန်းထားတာ"

"ညနေကနစ်နစ်ခြိုက်ခြိုက် အိပ်လိုက်လို့လားမသိဘူး… အခုလုံးဝ မအိပ်ချင်တော့ဘူး မေကြီး စိတ်ချလက်ချအိပ်ပါ… အားဆေးတွေသွင်းထားတော့ အိပ်ချင်မှာပေါ့… 'လဝန်း' အိပ်ချင်ရင် ညနေကလိုပဲအိပ်လိုက်မယ်… နက်ဖြန်ဆင်းရမယ်ဆိုရင် တော့ ညနေစောင်းလောက် ကားကြီးဝင်းနဲ့နီးတဲ့တည်းခိုခန်းမှာ ပြောင်းတည်းရအောင်နော်… ဒါမှ မနက်စောစော ကသီလင်တ မဖြစ်မှာ"

"ကောင်းသားပဲ… သိပ်အစောကြီး ထစရာမလိုတော့ဘူး

http://www.cherrythitsar.org


ပေါ့”

မိမိတို့အခန်းထဲ ဆရာဝန်၊ ဆရာမတွေဝင်လာတိုင်း ထမင်းဆိုင်တွင် တွေ့ခဲ့ရသော ဆရာဝန်များပါလေမလားဟုစောင့်ကြည့်မိပါသည်။ဆရာဝန်၏ နာမည်ကိုသိပါသော်လည်း မမေးဝံ့ပါ။

ထပ်တွေ့ချင်၍ မအိပ်မနေစောင့်နေပါသော်လည်း သူကတော့ ပေါ်မလာတော့ပါ။

“ဟင် ‘လဝန်း’ တို့တူဝရီးပါလား... အထုပ်အပိုးတွေနဲ့ ဘာလုပ်နေကြတာလဲ”

တစ်မြို့တည်း၊ တစ်ရပ်ကွက်တည်းနေ မေကြီး ၏မိတ်ဆွေ ‘ဒေါ်ခင်’ က တအံ့တသြမေးနေခြင်းဖြစ်သည်။

“မပြောချင်တော့ပါဘူး ‘မခင်’ ရယ်... ‘လဝန်း’ ကျောင်းကိစ္စနဲ့လာရင်း မူးလဲလို့ဆေးရုံတက်ရတာလေ”

“ညည်းက ပိုက်ဆံရချင်တာပဲသိတာကိုး... အအိပ်မမှန်အစားမမှန်နဲ့ အလုပ်ကြီးကြိုးလုပ်နေတာကိုး... ကဲ အခုတော့ ဘာထူးလဲ... ပိုက်ဆံလည်းကုန် အချိန်လည်းကုန်တာပဲမဟုတ်လား”

အပျိုကြီးဖြစ်ပါလျှက် ‘လဝန်း’ ကို သမီးရင်းနှင့်မခြား

http://www.cherrythitsar.org


နို့စို့ဘဝတည်းက ကျွေးမွေးပြီး အလိုလိုက်ခဲ့သောကြောင့် မေကြီး ၏ သူငယ်ချင်းများက အပူယူသူဟုမြင်ကြသည်။ 'လဝန်း' ကိုလည်း တွေ့သူတိုင်းက ကြီးလာရင်ပြန်သိတတ်ဖို့ ကျေးဇူးဆပ်ဖို့ မျက်နှာပုပ်ကြီးများဖြင့် ပြောတတ်ကြသည်။ ယခုလည်း

"တွေ့တယ်မဟုတ်လား... ညည်းအတွက်ကြောင့် အားတောင်ပြတ်ရတ... ဘွဲ့ရအလုပ်ရပြီးတာနဲ့ လင်တန်းယူဖို့တော့ မစဉ်းစားနဲ့နော်"

ကြည့်လေ အိုးကမပူ၊ စလောင်းကပူနေကြတာ။

သူတို့ကျွေးရတာလည်း မဟုတ်ဘဲနဲ့။

ကိုယ့်တူမကိုယ် ပြုစုစောင့်ရှောက်တာ ပြုစုသူရဲ့အပြစ်လား၊ အပြုစုခံရသူရဲ့ အပြစ်လား။

" 'မခင်' ကရော ဆေးရုံကို ဘာလာလုပ်တာလဲ"

"မန္တလေးမှာနေတဲ့အမျိုးတစ်ယောက် ဆိုင်ကယ်မှောက် ပြီး ခြေထောက်ကျိုးသွားလို့ လာကြည့်တာလေ... စတီးချောင်း ထည့်ထားရမယ်ပြောတာပဲ... ညည်းတို့ဒီနေ့ ပြန်ကြမှာလား"

"ဟုတ်တယ်"

"ဟဲ့ ဒီအချိန်ဂိတ်မှာ ကားတွေထွက်ကုန်ရောပေါ့... တစ်ညအိပ်ပြီး နောက်နေ့မနက်စောစောကားပဲ စီးသွားလိုက်ပါ...

http://www.cherrythitsar.org


အားလည်းရှိသွားတာပေ့ါ... ပိုက်ဆံမလောက်ရင် ငါချေးလိုက်မယ်”

“ကျေးဇူးပါပဲ ‘မခင်’ ရယ်... ‘လဝန်း’ လက်စွပ်လေး ရောင်းလိုက်လို့...အိမ်ရောက်တဲ့အထိတော့ လောက်သွားမှာပါ”

အပြင်ရောက်သည်နှင့် မကြီး က ကြုံရာကားစီးပြီးပြန်ဖို့လုပ်နေသဖြင့်...

“မလုပ်ပါနဲ့ မကြီး ရာ... တော်ကြာ မကြီး ရဲ့သူငယ်ချင်းတွေက ‘လဝန်း’ ကိုပဲ အပြစ်တင်ကြမှာ... နက်ဖြန်အတွက် ကားလက်မှတ်ဖြတ်တာပဲ ကောင်းပါတယ်... တည်းခိုခန်း ရောက်မှ ကားဂိတ်ကိုဖုန်းဆက်ပြီး လက်မှတ်မှာလိုက်တော့မယ်”

တူဝရီးနှစ်ယောက် ဆိုက်ကားငှားနေစဉ် ကားတစ်စီးထိုး ရပ်လာသဖြင့်...

“ဟင် ဆရာ...”

တူဝရီးနှစ်ယောက်လုံး အံ့သြစွာအော်လိုက်မိခြင်းဖြစ်၏။

‘ဒေါက်တာထွန်းအောင်ကျော်’ က ကားထဲမှ ခပ်ပြုံးပြုံး ဆင်းလာပြီး...

“ဘယ်သွားကြမှာလဲ... ကျွန်တော်လိုက်ပို့ပေးမယ်”

“အို နေပါစေ ဆရာရယ်... အားနာစရာကြီး”

“ရပါတယ်...ကျွန်တော်လည်း မြို့ထဲသွားနေတာပဲတက်ကြပါ”

ပစ္စည်းများကားပေါ်ဆွဲတင်နေပြီဖြစ်သဖြင့် တူဝရီးနှစ်ယောက် ကားပေါ်ရောက်ခဲ့ကြသည်။

(မှတ်ချက်။ ဆရာဝန်နာမည်တူရှိလျှင် တိုက်ဆိုင်မှုသာဖြစ်ပါသည်)

## △ ၂ □

“အန်တီတို့က မန္တလေးမှာနေတာ မဟုတ်ဘူးလား”

“တောင်ပေါ်ကလာကြတာပါ”

“သြော် ဒါဆို ခရီးဆက်ကြရဦးမှာပေါ့”

“ဟုတ်တယ်ကွဲ့... နက်ဖြန်အစောကြီး ပြန်ကြမှာလေ”

“သြော် ရထားနဲ့လား ကားနဲ့လား လက်မှတ်ရောယူပြီးကြပြီလား”

“ကားနဲ့ပဲပြန်မှာ... တည်းခိုခန်းကနေ ဖုန်းဆက်မှာရင်ရတယ်ကွဲ့”

"အဝေးပြေးကားဂိတ်က သွားစီးရမှာပေါ့"

"မြို့ထဲမှာ ကြို့ပို့လုပ်တဲ့ကားတော့ရှိတယ်"

"ဟုတ်ပြီလေ... မနက်ကျရင် ကျွန်တော် လာကြိုပေးမယ်... ဘယ်နှစ်နာရီလောက် လာခေါ်ပေးရမလဲ"

ဒီတစ်ခါတော့ 'လဝန်း' ပြာယာခတ်သွားရှာသည်။

"ဒီနေ့ကူညီတာအတွက်တောင် အားနာလှပါပြီ နေပါစေ ဆရာရယ်... ပြီးတော့ ဆရာ့မှာက အလုပ်တစ်ဖက်နဲ့"

မျက်လုံးပြူးပြူးလေးနှင့် နားကွင်းလေးခါရမ်းသွားသည်အထိ ခေါင်းတခါခါ၊ လက်တခါခါပြောနေသော 'လဝန်း' ၏ ကြည်လင်ရှင်းသန့်သော မျက်နှာလှလှလေးကို 'ထွန်းအောင်ကျော်' က ခပ်ပြုံးပြုံးစိုက်ကြည့်ရင်း...

"ကိုယ် နက်ဖြန်ဂျူတီမရှိလို့ပါ... တစ်ယောက်တည်းဆိုတော့ အပျင်းပြေပေါ့... ဒီကိုပြောင်းလာကာစဆိုတော့ အားတဲ့ရက်ဆို လည်စရာမရှိသေးဘူးလေ အဟင်း ဟင်း"

ညီညာဖြူဖွေးသောသွားများကိုစေ့၍ ရယ်နေသော 'ထွန်းအောင်ကျော်' ၏မျက်နှာကို လှမ်းကြည့်နေသော မကြီး၏ မျက်လုံးများသည် အရောင်တဖျတ်ဖျတ်လက်၍နေပါသည်။

http://www.cherrythitsar.org


'လဝန်း' ကတော့ ဆရာဝန်ခပ်ချောချောကြီးကို အံ့သြသလို တစ်ချက်လှမ်းကြည့်ပြီး ဖြတ်ကနဲမျက်လွှာချထားပါသည်။

'လဝန်း' ၏ စိတ်ဓါတ်ကို မေကြီး မကြိုက်ပါ။

အလွန်ပျော့ညံ့လွန်းပါသည်။

သူမ၏ ရုပ်ရည်ချောမောမှုကိုလည်း အထင်မကြီး။

သူမ၏ကိုယ်ဟန်လှပမှုနှင့် မြင့်မားသောအရပ်ကိုလည်း လူပုံအလည်တွင် ထင်ပေါ်မှာကြောက်သဖြင့် အင်္ကျီပွပွကြီးဝတ်ပြီး ဖိနပ်ပါးပါးစီး၍ ခါးကိုကိုင်းထားတတ်သည်။

ရွှေညိုရောင်လှိုင်းတွန့်ဆံပင်ပွပွကို တင်ပါးနားအထိအရှည်ထားပြီး ဖါးလျားချထားလျှင် လွန်စွာကြည့်၍ကောင်းလှပါသည်။

မေကြီး ကိုကြောက်၍သာ ဖါးလျားချထားခြင်းဖြစ်သည်။

သူမ သဘောအတိုင်းဆိုလျှင် အိမ်မှာနေလျှင် ယောင်ထုံးလိုခပ်မြင့်မြင့်ထုံးပတ်ထားတတ်ပြီး အိမ်ပြင်ထွက်လျှင် ဖွတ်မြီးတစ်ချောင်းသာကျစ်သွားတတ်သည်။

ဆင်းရဲသားဆိုပြီး လူတွေက နှိမ်မှာကြောက်နေရှာသည်။

ကိုယ့်မှာက လူတကာငေးကြည့်ရလောက်သည့် ရုပ်ရည်

http://www.cherrythitsar.org


ရှိပြီးသား။ ဘယ်လိုပဲဖြစ်ဖြစ် ဘွဲ့တစ်ခုတော့ရမည်။

ဘယ်ခေတ်ဘယ်အခါရောက်ရောက် မိန်းကလေးတို့အဆင်းကတော့ အချင်းရှိနေမှာ၊ တစ်ပန်းသာနေမှာ။

ယောကျ်ားလေးအတော်များများက 'လဝန်း' ကိုမြင်လျှင်ဣန္ဒြေရှင်မိန်းမချောလေးဟု ခေါ်တတ်ကြသည်။

ဟုတ်ပါသည်။

ဤခေတ်ဤကာလတွင် ချမ်းသာသူမှမဟုတ်၊ ဆင်းရဲသူများပင်လျှင် ဘောင်းဘီတိုတို၊ရှည်ရှည်၊ စကတ်တိုတိုရှည်ရှည်မလုံမလဲ၊ ဟိုပေါ်ဒီပေါ် အင်္ကျီမျိုးတွေဝတ်နေကြသော်လည်း 'လဝန်း' ကတော့ အပြင်ထွက်လျှင် လက်ပြတ်၊ လည်ဟိုက်ပင်မဝတ်၊ ဘောင်းဘီစကတ် ဘယ်တော့မှမဝတ်။

ယခုမှ သူမအတွက်ခေတ်မီသွားသည်။ စကတ်ထမီလေးတွေ ဝတ်နေသဖြင့် ကိုယ်လုံးလှလှလေးကို မြင်ခွင့်ရနေသည်။

အရပ်မြင့်မြင့်၊နှာတံပေါ်ပေါ်၊ လှိုင်းတွန့်ဆံပင်အရှည်ကြီးနှင့် ဆံပင်ကြားက မျက်လုံးညိုညိုလေးများဖြင့် ရှက်သလိုခိုးခိုးကြည့်တတ်ပြီး သူများထက်ဦးအောင် မျက်လွှာချတတ်သည့်အမူအယာလေးများကို နေ့စဉ်မြင်တွေ့နေရသည့် ကြီးဒေါ်အရင်းပင်လျှင် ကြည့်မဝချင်ပါ။

ဒီဆရာဝန်လည်း သူမကို စွဲနေတာသေချာပြီပေါ့။

'လဝန်း' ကို နှစ်သက်သူတွေ အတော်များပါသည်။ ရပ်ကွက်ထဲက ကောင်လေးတွေက ဘွဲ့ရပြီးယုံ၊အလုပ်မရှိကြသေး။

အရောင်းအဝယ်လုပ်နေသူ ပွဲစားလုပ်နေသူ။

မိမိတူမကို ယခုလို ကိုယ်တိုင်ကားမောင်းနိုင်ပြီး အလုပ်အရံသင့်ရှိနေသည့် ဆရာဝန်မျိုးနှင့်တော့ နီးစပ်စေချင်တာအမှန် 'ထွန်းအောင်ကျော်' ရုပ်ရည်ကလည်း သန့်ပြန့်ထင်ပေါ်ပါ သည်။ ဒေါင်ကောင်းကောင်း၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် သပ်ရပ်သန့်ရှင်းသူ။ 'လဝန်း' နှင့်တော့ နေနှင့်လ၊ ရွှေနှင့်မြပါပဲ။

ဆရာက သူ့မှာအဖော်မရှိသေးပါဘူးလို့ ဖွင့်ပြောနေပြီပဲ။

"ကျွန်တော် မနက်အစောကြီး လာကြိုပေးမယ်နော် အန်တီ"

"နေပါစေကွယ်... မင်းညီမက အရမ်းအားနာနေတာ"

'ထွန်းအောင်ကျော်' က ပြုံးပြပြီး လက်ပြနှုတ်ဆက်ထွက်သွားပါတော့သည်။

အခန်းထဲရောက်သည်နှင့်...

"ဒီဆရာဝန်တော့ ငါ့တူမကို တော်တော်စွဲလန်းနေပုံရတယ်"

'လဝန်း' က မှန်ရှေ့တွင်ရပ်၍ သူမမျက်နှာကို သူမစိုက်ကြည့်ရင်း…

"သိပ်လည်းအထင်ကြီးမနေပါနဲ့ဦး မေကြီး ရယ်… သူ့စကားထဲမှာ ပါပြီးသားပဲ… တစ်ယောက်တည်းဆိုတော့ ပျင်းလို့တဲ့… အပျင်းပြေတဲ့… လည်စရာမရှိသေးလို့တဲ့"

"အေးလေ တစ်ယောက်တည်းမို့ အဖော်မရှိသေးဘူးဆိုတာက သူဟာလူပျိုလူလွတ်တစ်ယောက်ပါလို့ ကြော်ငြာလိုက်တာပဲလေ… တခြားဘယ်မှ သွားစရာမရှိဘူးလို့ဆိုတည်းကရည်းစားတို့ချစ်သူတို့ မရှိသေးဘူးလို့ ပြောတာပဲမဟုတ်လား"

'လဝန်း' က ခေါင်းကလေးခါရမ်းရင်း…

"သူ့လိုလူမျိုးမှာ ချစ်သူမရှိသေးဘူးဆိုတာတော့မဖြစ်နိုင်ပါဘူး… သူပြောသားပဲ ဒီကိုပြောင်းလာကာစလို့ သူ့အိမ်သားတွေပါမလာသေးလို့ နေမှာပေါ့… မိန်းမရှိနေရင်ကော"

"ညည်းပြောမှ ငါတောင် စိတ်ညစ်သွားပြီအေ"

"'လဝန်း' တို့ဆင်းရဲမှန်းသိလို့ လွယ်လွယ်နဲ့ရမယ်ထင်လို့ လိုက်စမ်းတာဖြစ်မှာပါ… တချို့ယောကျ်ားတွေဟာ ရပ်

http://www.cherrythitsar.org


ချောပြီး အရမ်းပွေကြတယ်”

“သူကဆရာဝန်ပဲအေ… ပညာတတ်ပဲ”

“ပညာတတ်ဆရာဝန်တွေသေရင် နာရေးစာရင်းမှာမိန်းမ နှစ်ယောက်ဆိုပြီး ခဏခဏပါလာတတ်တာပဲ… မနက်ဖြန်ဒီက နေ အစောကြီးထွက်ရအောင်… ဒါမှ မျက်ခြေပြတ်သွားမှာ”

“လူပျိုလူလွတ်ဖြစ်နေပြီး ညည်းကို တကယ်မြတ်နိုးပြီး လက်ထပ်ပေါင်းသင်းမယ့် လူမျိုးဆိုရင်တော့ လွဲသွားတာနမြော စရာကြီးအေ”

“ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုအညှာလွယ်တယ်လို့ အထင်မခံ နိုင်ပါဘူး မေကြီး ရာ… တကယ်ဖူးစာပါရင် တကယ်စိတ်ဝင် စားရင် သူ့နည်းသူ့ဟန်နဲ့ စုံစမ်းပြီးလိုက်လာမှာပေါ့”

“ဘာပဲဖြစ်ဖြစ် ငါ့တူမချောချောလေးကို ဆရာဝန်က တော်ဖြစ်စေချင်တာအမှန်ပဲ… သူလိုကိုယ်လိုသာမန်ကိုယူရင် တော့ မလောက်မငနဲ့ တစ်သက်လုံးပင်ပန်းဆင်းရဲနေမှာ”

“မေကြီး ရယ်… သူ့လိုဆရာဝန်က ‘လဝန်း’ ကို ရပ်က လေးကြည့်ပြီး စွဲလန်းတာကသဘာဝပဲလေ… ဒါပေမဲ့ သူ့မိဘ က ‘လဝန်း’ လို အိုးပိုင်အိမ်ပိုင်တောင်မရှိတဲ့ ငမွဲမနဲ့သဘောတူ မှာတဲ့လား… အဆင့်အတန်းတူတာနဲ့ပဲ ပေးစားမှာပေါ့… အနဲ

http://www.cherrythitsar.org


ဆုံးတော့ စေ့စပ်ပြီးသားလောက်တော့ဖြစ်မှာပါ... 'လဝန်း' တို့ ကို မလည်မဝယ်ဆိုပြီး သနားသလိုလို ကူညီသလိုလိုနဲ့အား နေတုန်း အဖော်မရှိတုန်း အပျင်းပြေလာလုပ်တာပဲနေမှာပါ"

တလူးလူးတလိမ့်လိမ့်နှင့် နှစ်ယောက်စလုံး အိပ်မပျော် ကြ။

'လဝန်း' က သုံးနာရီလောက်ကြီး ရေထချိုးပြီး လေးနာရီ ခွဲသည်နှင့် တည်းခိုခန်းကထွက်ခဲ့ကြသည်။ ဆိုက်ကားစီးပြီး ပြည်ကြီးမျက်ရှင်က ကားကြီးဝန်းဆီသို့ ထွက်ခဲ့ကြသည်။ နှစ် ယောက်လုံး ဆိုက်ကားပေါ်တွင် ငိုက်ပြီးပါလာကြသည်။

ကားဝန်းထဲရောက်တော့လည်း စောနေသေးသဖြင့် လက်ဘက်ရည်ဆိုင်မုန့်ဆိုင်ပင် ကောင်းကောင်းမဖွင့်သေး။ ခြင် အကိုက်ခံရပြီး ထိုင်စောင့်နေကြရသည်။ နာရီဝက်ခန့်ကြာသွား ချိန်တွင် ကားမီးထိုးခြင်းခံရသဖြင့် လန့်ပြီးနိုးသွားကြသည်။

"ဟင်"

"အင်း သူလိုက်လာပြီရော"

နာရီကိုကြည့်တော့ ငါးနာရီ။

"ဟဲ ဟဲ ဝရမ်းပြေးလာဖမ်းတာလေ... လာခေါ်ပါမယ် ပြောထားလျှက်နဲ့ ဘာဖြစ်လို့မစောင့်ကြတာလဲ"

"ဆရာဘယ်လို စုံစမ်းခဲ့တာလဲ"

"တည်းခိုခန်းစာရေးကို လက်ဘက်ရည်ဘိုးပေးပြီး မေးခဲ့တာလေ… အန်တီတို့ တောင်ပေါ်မြို့နဲ့မန္တလေးနဲ့က လေးနာရီကျော်ပဲမောင်းရမှာလေ ကျွန်တော်လည်း ရောက်ဖူးသွားအောင် လိုက်ပို့ပေးချင်တယ်"

ထိုစကားကြောင့် 'လဝန်း' ပုံစံက ကင်းကိုက်ခံရသလို တွန့်ကနဲဖြစ်သွားကြောင်း တွေ့ရပါသည်။

မေကြီး မျက်နှာက သိန်းဆုအပြွတ်လိုက်ပေါက်သလို ကြီး။

ဒီလူကြီး မိမိကို တကယ်စွဲလန်းနေတာလား။

ဒါမှမဟုတ်အပျင်းပြေဆိုသည့် သူ့စကားအတိုင်းအပျင်း ယုံတင်လား။

မေကြီး မျက်နှာကိုကြည့်ယုံဖြင့် ဘာတွေတွက်ချက်နေမှန်း သိပါသည်။ ကားခနှစ်ထောင်၊ နှစ်ယောက်ဆိုတော့လေးထောင်သက်သာပြီ။ စားစရိတ်နှစ်ထောင်လည်း သက်သာနိုင်သည်။ ခြောက်ထောင်သက်သာလျှင် လက်ထဲတွင်ကျန်နေသေးသော ငွေတစ်သောင်းနှင့်ပေါင်းပြီး မြို့ရောက်လျှင် ရွှေလက်စွပ်တစ်ကွင်းရအောင် ပြန်ဝယ်ပေးလိမ့်မည်။

http://www.cherrythitsar.org


မြို့ပြင်ရောက်သည်နှင့် စိမ်းလန်းသောလယ်ကွင်းပြင်ကို ဖြတ်တိုက်လာသော လေပြင်းပြင်းက အေးမြလန်းဆန်းစေပါသည်။

ခပ်ဝေးဝေးဆီမှ အပြာရင့်ရောင်တောင်တန်းများသည် တဖြည်းဖြည်းနီး၍ လာခဲ့ပါပြီ။

"သြော် ပြင်ဦးလွင်တောင်တက်လမ်းက အဆင်းသပ် သပ် အတက်သပ်သပ်ဖြစ်သွားပြီကိုး... ခပ်ငယ်ငယ်တုန်းက တစ်ခေါက်လောက် ရောက်ဖူးခဲ့တယ်... သဘာဝရဲ့သာယာလှပမှုတွေကတော့ ခုချိန်ထိ ပန်းချီကားတစ်ချပ်လို စွဲဆောင်မှုရှိနေတုန်းပဲ"

သူက အေးမြမှု၊ သာယာလှပမှုတွေကို စာဖွဲ့နေတုန်းပါပဲ 'လဝန်း' ကတော့ မအိပ်ချင်ဘဲ အိပ်ချင်ဟန်ဆောင်နေရသည်။

"ဆရာက ဘယ်မြို့ကလဲရှင့်"

"ရန်ကုန်ကပါ... 'ထွန်းအောင်ကျော်' လို့ပဲခေါ်လို့ရပါတယ်...ခေါ်ရတာမောရင် 'အောင်ကျော်' လို့ပဲ ခေါ်နိုင်ပါတယ်"

" 'အောင်ကျော်' ဆိုတာကြီးက ရိုင်းပါတယ်ကွယ် 'မောင်အောင်' လို့ခေါ်မယ်"

"ရပါတယ် ကြိုက်သလိုခေါ်ပါ... ဆရာလို့တော့တစ်ချိန်

လုံး မခေါ်စေချင်လို့ပါ... နှုတ်ကျိုးသွားမှာစိုးလို့ပါ”

“အေး အေး”

မေကြီး ကတော့ သူ့ကို နောက်ဘက်ကထိုင်ကြည့်ရင်း သဘောတွေကျနေပုံ။သူက ဆံပင်ကိုသေသေသပ်သပ်ညှပ်ထား ပြီး ဘေးဘက်နောက်ဘက်က ကြည့်လျှင်လည်း နှာတံပေါ်၊ မျက်လုံးမျက်ဖန်လှသဖြင့် ကြည့်၍ကောင်းနေတာအမှန်။

ဒီလူ့နှယ်ကံကောင်းလိုက်တာ၊ ရုပ်ကလည်းချော၊ ပိုက် ဆံကလည်းချမ်းသာ၊ ပညာကလည်းတတ်။ ဒီလိုအဖက်ဖက်က ပြည့်စုံနေသူတစ်ယောက်ထက် မိန်းမလှလေးတွေ ဝိုင်းနေမှာပါ လေ။ သူ့မိဘတွေကရော တွေ့ကရာနဲ့ ပေးစားမှာတဲ့လား။

သူတို့သဘောတူတာပဲ ရှာပေးစားမှာပေါ့။ ရှာမပေးစား ရင်တောင် သူတို့သားကိုယူမယ့်မိန်းကလေးဟာ ရုပ်ချောယုံနဲ့ ကျေနပ်မှာတဲ့လား။ မိဘမျိုးရိုး ဂုဏ်ကကာသနတွေကို မကြည့် ဘဲ မညှိဘဲနေမှာတဲ့လား။

ဒီကိစ္စတွေသူ့မှာ ရှိပြီးသား။ ညှိပြီးသားနေမှာပါ။ ဒီလူ့ပုံ စံက ခပ်ပြုံးပြုံးခပ်အေးအေးနဲ့ သူပျော်သလိုနေမယ့်ပုံစံကြီး။

အခုလည်းကြည့်လေ။ မနေ့ကမှတွေ့ဖူးတဲ့ သူစိမ်းနှစ်ဦး ကို တရင်းတနှီးနဲ့ ရဲရဲတင်းတင်းလာလုပ်နေသည်။

သူ ဒီလို ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါလုပ်ခဲ့ပြီးပြီလဲမှမသိတာ။

သူ့အလစ်မှာ မေကြီး ကို သတိပေးရဦးမယ်၊ အိမ်အထိမခေါ်ဖို့ အိမ်ကိုအဝင်အထွက်များပြီးမှ သူပေါ်မလာတော့ရင်ပတ်ဝန်းကျင်က တဆိတ်ကိုတစ်အိတ်လုပ်ကြဦးမယ်။

၂၁မိုင်ရောက်တော့ စားသောက်ဆိုင်တွေကိုမြင်သဖြင့်သူကရပ်ပေးသည်။ ဗိုက်ထဲကတဂွီဂွီမြည်နေပါသော်လည်းဗိုက်မဆာဟုငြင်းမိသည်။ မေကြီး က စိတ်တိုသလိုလှမ်းကြည့်သည်။

အင်း မနက်အစောကြီးထဲက ဘာမှမစားရသေးရှာပါလားဆိုသည့်အတွေးဖြင့် နောက်တစ်ခါမေးလျှင် ခေါင်းညိတ်ယုံသာရှိတော့သည်။ စံပြ ၂ ရှေ့တွင် ကားလေရပ်သွားသည်။

သူကားပေါ်ကဆင်းတာမြင်တော့ မြောက်ပိုင်းရှမ်းပြည်နယ်၏ ကားအတော်များများပေါ်မှ ဆင်းလာသောခရီးသည်အတော်များများက သူ့ကို ဆရာ ဆရာ ဒေါက်တာ ဒေါက်တာနှင့်တရိတသေနှုတ်ဆက်တာ မြင်လိုက်ရသည်။ သူ့ကိုနှုတ်ဆက်ပြီးသည်နှင့် ကားပေါ်မှအတူဆင်းလာသူများကိုပါ အကဲခတ်သလိုကြည့်ကြတော့သည်။

http://www.cherrythitsar.org


မေကြီး ပုံစံက ခပ်ကြွားကြွားလေးဖြစ်နေသလောက် 'လဝန်း' ခမြာမှာတော့ ကြည့်သူတွေမမြင်အောင် ဆံပင်နှင့်ကွယ်ခြင်း၊ မျက်နှာလွှဲခြင်း၊ မျက်လွှာချခြင်းတွေသာ လုပ်နေရတော့သည်။

" 'လဝန်း' ဘာစားမလဲ ကြိုက်တာမှာလေ… ဒီဆိုင်မှာ လန်းဆန်းစာရော ထမင်းဟင်းရော အစုံရတာပဲ"

"လက်ဘက်ရည်ပဲ သောက်တော့မယ်"

"တစ်ခုခုစားဖို့မှာလေ… ထမင်းကြော်စားမလား"

"ဟင့်အင်း… ဟို ရေစိမ်ပဲစားတော့မယ်"

"ရေစိမ်ဟုတ်လား… အဲ့ဒါဘာကိုပြောတာလဲ"

ရှမ်းပြည်မှာမနေဘူးမှန်း သိသာပါသည်။

'လဝန်း' ကိုယ်တိုင်သွားမှာပြီး ယူလာသည့်ပန်းကန်ကို ကြည့်ပြီး…

"ဩော် မုန့်ဟင်းခါးဖတ်အပြားလေးတွေပဲ"

"ဟုတ်တယ်ဆရာ… ဆန်ခေါက်ဆွဲလို့ခေါ်ကြတယ်… အခြောက်လည်းရှိတယ်… အစိုလည်းရှိတယ်… အခြောက်ဆို ရင် ရေစိမ်ထားတတ်ကြတယ်လေ… ပြီးရင် ရေနွေးဖြောပြီး ခရမ်းချဉ်သီးအနှစ်ဟင်းအနှစ်တို့ အသားဟင်းတို့ထည့်ပြီး အ

http://www.cherrythitsar.org


ရည်လေးနဲ့စားတာလေ… မုန့်ညှင်းချဉ် ကြက်သွန်ချဉ်နဲ့တွဲစား ရတယ်”

“အန်တီတို့က ရှမ်းလား”

“မဟုတ်ဘူးကွဲ့…မြန်မာပါပဲ… သူ့အဖေအလုပ်လုပ်ရင်း ဆုံးသွားတဲ့မြို့မှာပဲ အခြေချနေတဲ့သဘောပေါ့”

“ဩော် ‘လဝန်း’ ဖေဖေက ဆုံးသွားပြီလား… မေမေက ရော”

“အိမ်ထောင်သက်နုနုမှာ ဆုံးသွားတယ်လေ… အရွယ်ရှိ သေးတော့ နောက်အိမ်ထောင်ပြုသွားတယ်… အန်တီကအပျို ကြီးဆိုတော့ ကိုယ့်တူမလေးကို ပြန်မွေးစားထားလိုက်တာ”

“ဩော်”

သူက ‘လဝန်း’ ကိုသနားသလိုလို၊ အံ့ဩသလိုလို၊စိုက် ကြည့်နေသဖြင့် မျက်လွှာချထားရသည်။

“အန်တီက ‘လဝန်း’ ရဲ့ အုပ်ထိန်းသူပေါ့”

“ဒါပေါ့… ကဲ သွားကြစို့… မင်းကဒီဘက်ကို ပြန်လာရ ဦးမှာဆိုတော့ အပြန်နောက်ကျမယ်”

‘လဝန်း’ က အပေါ့အပါးသွားဖို့ထွက်လာရင်း အိမ်အထိ ခေါ်မသွားဖို့ ပြောမိသည်။

http://www.cherrythitsar.org


"ကိုယ့်ကုသိုလ်နဲ့ကိုယ်တွေ့တာပဲအေ... ဖူးစာမှန်လို့ ကိုယ့်လက်ထဲရောက်လာတာပဲ... ကိုယ်ကအတင်းလုပ်ယူတာမှ မဟုတ်ပဲ... မာနကြီးသလိုကြီး မျက်နှာပုပ်ကြီးနဲ့လုပ်မနေနဲ့လေ... အားနာစရာကြီး အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး နော် 'လဝန်း' "

" 'လဝန်း' တော့မယုံရဲဘူး... အခုပဲကြည့်လေ မှန်လုံတွေပေါ်က ဆင်းလာတဲ့လူတွေက 'လဝန်း' ကိုသေချာကြည့်သွားကြပြီ... ဒီကားတွေပေါ်မှာ 'လဝန်း' တို့မြို့ကလူတွေ ရပ်ကွက်ထဲက မပါဘူးလို့ပြောနိုင်မလား"

"ပါတော့ရော ဘာဖြစ်တုန်းကလေးရယ်... ကိုယ်နဲ့တွဲတဲ့လူက ပါချီပါချက်မှမဟုတ်တာ"

"ကဲ အပျော်လာလုပ်နေတော့ရော... သူ့မှာ ချစ်သူတို့စေ့စပ်ထားတာတို့ ရှိနေတော့ရော"

"ရှိရှိလေ... တရားဝင်မရှိသေးသ၍ ယောကျ်ားဖြစ်ဖြစ်မိန်းမဖြစ်ဖြစ် ကိုယ်ကြိုက်ရာကိုရွေးနိုင်တာပဲ"

"မကြီး က သူလူပျိုလား လူအိုလားဆိုတာ သေချာသိပြီးလို့လား"

မကြီး ပါးစပ်ပိတ်သွားပြီးမှ...

“အင်း ဟုတ်တယ် သေချာမေးကြည့်ရဦးမယ်”

“မလွှတ်လပ်ဘူးဆိုရင်တော့ ကိုယ့်မြို့မရောက်ခင် သူ့ကားပေါ်ကဆင်းနေခဲ့မှာပဲ”

မေကြီး ပါးစပ်ပိတ်သွားပြီးမှ...

“အင်း ဟုတ်တယ် သေချာမေးကြည့်ရဦးမယ်”

“မလွှတ်လပ်ဘူးဆိုရင်တော့ ကိုယ့်မြို့မရောက်ခင် သူ့ကားပေါ်က ဆင်းနေခဲ့မှာပဲ”

“လွှတ်လပ်ရင်ရော”

“ကဲ မလွှတ်လပ်ဘဲ လွှတ်လပ်ပါတယ်ဆိုပြီး ညာရင်ကော”

“ပွမ် ပွမ် ပွမ်”

“ရတနာ ခရီးသည်ထွက်မယ်”

“ရွှေပြည်သာ ခရီးသည်ထွက်မယ်”

“ဒုဋ္ဌဝတီမန်း ထွက်မယ်”

ကိုယ့်ကားပေါ်ကခရီးသည် ကိုယ်ခေါ်နေကြပြီ။

“လာ လာ သွားကြစို့”

ကားလေးထွက်ပြီး မကြာပါ၊ ‘မေကြီး’ စပ်စုနေပြီလေ။

၇

'လဝန်း' ရင်တွေခုန်နေသည်။

ဒီနေ့ သူ ရောက်လာမှာသေချာသည်။

တစ်ပတ်တစ်ခါ ရောက်လာတတ်သည်။ လာတိုင်း စားသောက်ဖွယ်ရာတွေက အစုံအလင်။ သူလာတိုင်း ရုပ်ရှင်မင်းသားလာသလို ပတ်ဝန်းကျင်အိမ်တွေက ချောင်းကြည့်တတ်ကြသည်။

စာမေးပွဲသွားဖြေရမည့်အချိန် နီးကပ်လာပြီမို့ 'လဝန်း' ဈေးကြီးဘက် လိုရမယ်ရပစ္စည်းလေးတွေ ထွက်ဝယ်တိုင်း ဈေး

http://www.cherrythitsar.org


ထဲက သူငယ်ချင်းတွေ မိတ်ဆွေတွေက ဆရာဝန်ကတော်ဟု စတတ်ကြသည်။

'လဝန်း' က အတင်းငြင်းတိုင်း...

"ငြင်းကသာ ငြင်းနေတာပါအေ... ညည်း ကြီးဒေါ်ကြီး ကဖြင့် တစ်ချိန်လုံးကြွားနေတာ"

မေကြီး ကိုတော့ မပြောချင်တော့ပါဘူး။

အခုလည်း ဟိုလူလာလျှင်စားဖို့ ချက်ပြုတ်ကြော်လှော် နေလေရဲ့။ ပြောသာပြောရတာ၊ တစ်ပတ်တစ်ခါ သူလာနေကြ အခု တတိယပတ်သို့ ရောက်ခဲ့ပြီ။ 'လဝန်း' လည်း မျှော်နေရ ပြီပေါ့။ ကားသံကြားတိုင်း ပြူတင်းပေါက်လိုက်ကာကြားမှ ချောင်းကြည့်ရတာအမော။

ခါတိုင်း ၁၂နာရီထက်နောက်မကျ။

ယနေ့ ၂နာရီထိုးချိန်အထိ ပေါ်မလာသဖြင့် တူဝရီးနှစ် ယောက်လုံး တမျှော်မျှော်လုပ်ရင်း နွမ်းလျခွေယိုင်နေကြပြီလေ။

"ကောင်လေး ကားများပျက်နေလို့လား"

"ကားမောင်းကျွမ်းတာပဲ... ဘာအန္တရာယ်မှတော့ မရှိ လောက်ပါဘူး... "

မေကြီး နှုတ်မှဖွင့်ပြီးပူပန်နေသလို 'လဝန်း' ရင်ထဲမှာလဲ

http://www.cherrythitsar.org


ပူပန်မှုတွေဖြင့် ဘလောင်ဆူနေပါပြီ။

သူ့ တောင်တက်လမ်းကိုမောင်းတာ သိပ်မကျွမ်းကျင်လှသေးဘူး။ သူက ကောင်းကောင်းမောင်းဦး၊ သွားနေကြကားသမားတွေက အရမ်းမောင်းတာ။ တောင်အောက်များပြုတ်ကျပြီး ဘုရား ဘုရား။

ရည်းစားမဟုတ်ဘာမဟုတ်နှင့် ဘုရားစင်ရှေ့မှာဦးချပြီး အန္တရာယ်ကင်းအောင် ဆုတောင်းနေမိသည်။

"ပွမ် ပွမ် ပွမ်"

ကားဟွန်းသံကြီးက တစ်ရပ်ကွက်လုံး ညံသွားသည်။

" 'ဒေါက်တာထွန်းအောင်ကျော်' က ကားဂိတ်မှာပစ္စည်းထုပ်တစ်ထုပ်လာပေးသွားတယ်ဗျို့"

စပယ်ယာ၏ အသံကလည်း ခပ်ကျယ်ကျယ်၊ တစ်ရပ်ကွက်လုံးမကြားနိုင်သော်လည်း အိမ်ဘေးပတ်လည်တော့ကြားရပါသည်။ ထို့ကြောင့် ပြူတင်းပေါက်တွေမှ ခေါင်းပြူယုံတင်မဟုတ်၊ တစ်ကိုယ်လုံးထွက်ပြီး ကြည့်ကုန်ကြပြီ။

"ဘာမှာသွားသေးလဲကွဲ့"

"ဒီနေ့အရေးကြီးတဲ့လူနာ ခွဲစိတ်ရမှာမို့ မလာဖြစ်တော့ဘူးတဲ့... နောက်အပတ်တော့ လာဖြစ်မယ်တဲ့"

ပတ်ဝန်းကျင်ကတော့ 'လဝန်း' တို့ချစ်သူတွေဖြစ်နေကြပြီလို့ ထင်နေကြရောပေါ့။ တကယ်တော့ သူ ပထမတစ်ခေါက်လာတုန်းက 'လဝန်း' လုံးဝထွက်မတွေ့။ သူ့ကားခြံထဲဝင်လာတည်းက ခြံနောက်ဘက်မှ ကျော်လွှားပြီး သူငယ်ချင်းအိမ်တွင် သွားပုန်းနေခြင်းဖြစ်သည်။

ထွက်မတွေ့သော်လည်း လမ်းထိပ်သူငယ်ချင်းအိမ်မှ သူ့အပြန်လမ်းကိုစောင့်ကြည့် ခိုးကြည့်နေမိခဲ့သည်။ သူငယ်ချင်း 'ယုယုခိုင်' ကလည်း မကြေး လိုပါပဲ။ ကိုယ့်လက်ထဲရောက်လာသောပစ္စည်း ကိုယ်နဲ့ထိုက်ကြောင်း ရအောင်ယူဖို့မြှောက်ပေးသည်။

သူ ကားမောင်းပြီး ပြန်သွားတာကိုကြည့်ပြီး...

"သနားပါတယ်ဟယ်... နင့်ကိုတွေ့ချင်လွန်းလို့ အဝေးကြီးကလာရရှာတာ... နင် သိပ်ရက်စက်တာပဲ... သိပ်လည်းမူမနေပါနဲ့ဟာ... နင့်နေရာမှာငါသာဆို ပြန်ကြိုက်ပြီးရအောင်ကိုယူပစ်မှာသိလား... သူ့လိုလူမျိုး ကြိုက်မယ့်ကောင်မလေးတွေဝိုင်းနေမှာပဲ... ရုပ်ရှင်မင်းသား ကားမောင်းသွားတာကြနေတာပဲ... ချောပြီး သန့်ပြန့်နေတာပဲ"

'လဝန်း' ကိုယ်တိုင်လည်း သူ့ကိုမတွေ့လိုက်ရသည့်အ

တွက် စိတ်မကောင်းဖြစ်နေမိသည်။ သနားခြင်း၊ အားနာခြင်း တွေဖြင့် ပျော့ခွေချင်နေသည်။

အိမ်ရောက်တော့ မေကြီး ကစိတ်ကောက်ပြီး စကားမ ပြော။'ကိုထွန်းအောင်ကျော်' ပေးသွားသော လက်ဆောင်ပစ္စည်း ထုပ်ကြီးကို 'လဝန်း' အိပ်ယာဘေးရှိ စားပွဲပေါ်တွင် တင်ထား ပေးသည်။ ဝယ်လာပေးသည့် ပစ္စည်းတွေကလည်း စုံနေတာပါ ပဲ။ မန္တလေး၊ ပြင်ဦးလွင် လမ်းတလျှောက်ရှိ မုန့်မျိုးစုံ၊ အသီး အနှံအပြင် ပြင်ဦးလွင်မှ စက်ဆွဲဆွယ်တာသုံးထည်ပင်ပါလိုက် သေးသည်။

မိမိ အတွေ့မခံ၍ သူစိတ်ပျက်သွားပြီး နောက်တစ်ခါ ထပ်မလာမှာကို ပူရတာထက် မေကြီး ရန်လုပ်နေသည့်ဒဏ်က ပိုဆိုးလှပါသည်။

လူမှန်းသိစတည်းက မိမိကိုမဆူဘူး၊ မငေါက်ဘူးခဲ့၊ အငို ပင်မခံဘူးခဲ့၊ အသံမာမာပင် မပြောခဲ့။ ယခုလိုမျက်နှာပုပ်ကြီးနဲ့ လုပ်နေတော့ 'လဝန်း' တကယ်ကို အနေရခက်လှပါသည်။

မိမိကစကားစပြောလည်း ပြန်မပြော၊ နောက်တစ်ခါလာ လျှင်တော့ မေကြီး အကြိုက်နေပေးလိုက်တော့မည်။

ဘုရားရှိခိုးတိုင်း သူထပ်ရောက်လာပါစေဟု အကြိမ်ကြိမ်

http://www.cherrythitsar.org


ဆုတောင်းပေးမိသည်။

သူ တကယ်ရောက်လာသဖြင့် 'လဝန်း' အရမ်းကိုပျော်သွားခဲ့သည်။ ခြံတံခါးလေးပြေးဖွင့်၍ပင် ကြိုမိသည်။

တော်ယုံသံယောဇဉ်မေတ္တာဖြင့်၊ တစ်ပတ်တစ်ခါရောက်မလာနိုင်မှန်း သိပါပြီ။

"ဟိုတစ်ပတ်လာတုန်းက မတွေ့ချင်လို့ ပုန်းနေတာမဟုတ်လား"

"အို ကြိုပြောထားလို့ အတွေ့မခံရင်တော့ ပုန်းတယ်လို့ပြောပေါ့လို့"

'လဝန်း' ထံမှ ယခုလို ပြုံးရွှင်စွာ တုန့်ပြန်မှုရရှိသဖြင့် 'ထွန်းအောင်ကျော်' လည်း ပျော်ရွှင်သွားခဲ့ပါသည်။

"လာ ထိုင် 'မောင်အောင်'… မင်းဗိုက်ဆာလာရောပေ့ါ"

"ဘာမှမလုပ်နဲ့တော့ မကြီး ရေ… မလေးရှားဒံပေါက်ဝယ်ခဲ့တယ်"

"နောက်တစ်ပတ်လာဖြစ်မယ်ဆိုရင်တော့ ဘာမှဝယ်မလာပါနဲ့… မကြီး ဟော့ပေါ့ပ်လုပ်ထားမယ်… တို့ဟူးခြောက်ကြော် နွားနို့ခြောက်ကြော်နဲ့ အချဉ်နဲ့တို့စားရအောင်"

"ဟုတ်ကဲ့"

စားသောက်ပြီး ဘုရားတောင်ပေါ် သွားလည်လိုက်ကြသေးသည်။

"အစ်ကိုပြန်တော့လေ… နောက်ကျရင်မှောင်သွားမယ်"

"စိတ်ပူတာလား နှင်တာလား"

"စိတ်ပူတာပါ… ပြီးတော့အပတ်တိုင်းလာနေတာ အရေးမကြီးဘူး မလာတော့ရင် ဒီကလူတွေကမျှော်နေရမှာ… စိတ်ပူနေရမှာ… သူများပြောစရာဖြစ်မှာ"

"မလာဖြစ်ရင် အကြောင်းကြားမှာပေ့ါ… စိတ်ပူအောင်ဘယ်လုပ်ပါ့မလဲ… ဒါနဲ့ 'လဝန်း' နောက်လကုန်ခါနီး မန္တလေးပြန်ဆင်းရမှာဆို"

"ဟုတ်တယ်"

"ကိုယ် လာကြိုမယ်"

"အို နေပါစေ… သူများတွေပြောနေပါ့မယ်"

"ဒါဆိုလည်း ကားဂိတ်မှာလာကြိုနေမယ်… အဆောင်မှာလာတွေ့မယ်နော်"

'လဝန်း' ခေါင်းညိတ်ပြလိုက်မိပါသည်။

ယခုလည်း သူပို့ပေးလိုက်သော ပစ္စည်းထုပ်ကြီးကို ဖွင့်ကြည့်ရင်း သူ့ကိုလွမ်းနေရပါပြီ။

အထုပ်တွေက တစ်ခါတစ်ခါထက် ပိုပြီးကြီးလာသလိုပဲ။

ယခု ကားကြိုနှင့်ထည့်ပေးလိုက်သော ပစ္စည်းထုပ်က သေတ္တာတစ်လုံးစာရှိသည်။ ဂျပ်စက္ကူဖုံးကိုခွာကြည့်တော့လည်း တကယ့်သေ့တ္တာဖြစ်နေသည်။ တရုတ်ပြည်မှဝင်သော လက်တွန်းလှည်းပါသည့် နက်ပြာရောင်သေ့တ္တာအကောင်းစားကြီး ဖြစ်သည်။ သုံးသောင်းခန့်တန်မှန်း သိသည်။

သေတ္တာထဲတွင် ပခုံးလွယ်အိတ်၊ ရိုးရိုးလက်ကိုင်အိတ်၊ ခေါက်ထီး၊မိတ်ကပ်ဗူး၊ အလှပြင်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်း အတော်များများပါသည်။

"အားနာလိုက်တာ 'ကိုအောင်' ရယ်... 'လဝန်း' က ဒီပစ္စည်းတွေထက် 'ကိုအောင့်' ရင်ထဲက စစ်မှန်တဲ့အချစ်ကိုပဲလိုချင်တာပါ... ခုတော့ 'ကိုအောင့်' နှုတ်ဖျားက ချစ်ခွင့်မတောင်းသေးဘဲ လက်ဆောင်ပစ္စည်းတွေကြီး တစ်ထုပ်ပြီးတစ်ထုပ်ပေးနေတော့ 'လဝန်း' ယူရမှာအားနာတယ်...ချစ်သူဖြစ်ခဲ့ရင်တောင် ဒီလိုပစ္စည်းမျိုးတွေ 'လဝန်း' လက်မခံချင်ဘူး... ချူစားတယ်လို့ အပြောမခံနိုင်ဘူးလေ"

ချစ်သူဘဝမရောက်သေးတော့ တယ်လီဖုန်းပြောခွင့်မရှိသေး။

ဖြစ်နိုင်လျှင် သူနဲ့စကားပြောချင်သည်။

မိမိတို့အိမ်မှာဖုန်းရှိလျှင် သူ ဆက်မှာသေချာသည်။

မျက်စောင်းထိုးခြံမှာတော့ တယ်လီဖုန်းရှိသားပဲ။ သူ ဆက်ချင်ရင်ရတာပဲ၊သူ တကယ်ဆက်သွယ်ချင်ရင် ဤအနီးအနားတွင် ဖုန်းရှိမရှိစုံစမ်းထားမှာတဲ့။

တူမဖြစ်သူ အိပ်ယာထဲမှာ ခွေနေတာကိုမြင်ရသဖြင့် မေကြီး ရိပ်မိပါသည်။ လာချင်လျှင်ခရီးနီး၊ မလာချင်လျှင် ခရီးဝေး ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့မျှော်လိုက်တာဆိုသည့် စကားမျိုးဖြစ်နေပြီပေါ့။

'လဝန်း' လည်း ဘာသားနဲ့ထုထားတာမို့လဲ။

ဘယ်လောက်ကြာကြာ မူနိုင်မှာတဲ့လဲ။ တင်းခံနိုင်မှာတဲ့လဲ။

နောက်တစ်ပတ် မလာတော့ရင်ကော။

အပျင်းပြေအဖော်ရှာတတ်တဲ့ 'ကိုထွန်းအောင်ကျော်' တစ်ယောက် နောက်ထပ်အပျင်းပြေစရာ တွေ့သွားရင်ကော။

နီးနီးနားနားတွေ့သွားလျှင် မိမိလိုအဝေးကလူကို အပင်ပန်းခံပြီးလာတွေ့တော့မည်မထင်။

အိုး ချစ်သူမဖြစ်သေးပါပဲ တွေးပူရတာက ရင်နဲ့အမျှပါ

http://www.cherrythitsar.org


လား။

မေကြီး ကိုယ်တိုင်လည်း ထိုအတွေးမျိုးဝင်ပြီး တူမလေး အတွက် စိတ်မအေးသလိုဖြစ်နေသည်။

အကြာကြီးကြိုက်ပြီးမှ မလာတော့ရင် ပတ်ဝန်းကျင်၏ တံတွေးခွက်တွင် နစ်ရတော့မည်။

အို နောက်တစ်ပတ်လည်း မလာရင်ကောင်းတယ်။ ဒီ လောက်နဲ့ပဲ အပြောခံရရင် သက်သာသေးတယ်။ ခင်ယုံတင်ခင် ကြတာလို့ ပြောလို့ရသေးတယ်။

တူဝရီးနှစ်ယောက် တစ်ပတ်ဆိုသည့်အချိန်ကို တပိန်ပိန် တလိန်လိန် စောင့်စားရင်း အဖြေရှာနေမိသည်။

"'ဒေါ်ရင်မြင့်' ရှိလား"

"ရှိတယ်"

"အင်္ကျီလာရွေးတာ ပြီးပြီလား"

ဈေးထဲမှအထည်ရောင်းသည့် ကောင်မလေး။ သူကလည်း စာပေးစာယူ ဒုတိယနှစ်တက်နေသူ။

"မပြီးသေးဘူးကွဲ့"

"ဟာ လုပ်ပြီကွာ... 'ဖြူဖြူ' ချိန်းထားတဲ့ရက်ထက်သုံး ရက်နောက်ကျပြီးမှလာတာတောင် မပြီးသေးဘူး... စာမေးပွဲ

http://www.cherrythitsar.org


သွားဖြေရတော့မှာလေကွာ... အရမ်းစိတ်ပျက်တာပဲ... တခြားမှာအပ်လို့ရလျှက်နဲ့ 'ဒေါ်ရင်မြင့်' နဲ့မိတ်မပျက်ချင်လို့ဆက်အပ်နေတာ"

'ဖြူဖြူ' မျက်နှာတွေညိုမည်းပြီး ငိုတော့မလိုဂျီကျနေသဖြင့် မေကြီး ခမြာ မျက်နှာငယ်လေးနှင့် တောင်းပန်နေရှာသည်။

"ကျောင်းသွားအမီ ချုပ်ပေးပါ့မယ် တူမရယ်"

"ဟာ အဲ့လိုပြောလို့မရဘူးလေ... ကောင်းမကောင်းဝတ်ကြည့်ပြီး မကြိုက်ရင်ပြင်ခိုင်းဖို့အချိန်နဲ့ လျှော်ဖွပ်မီးပူတိုက်ဖို့အချိန်ကလည်း ရှိဦးမှလေ"

"အေးပါကွယ်... မသွားခင်သုံးရက်လောက် 'ဒေါ်ရင်မြင့်' ကိုယ်တိုင်လာပို့ပေးပါ့မယ်"

"လောလော လောလောချုပ်လို့ အကျီပုံပျက်သွားရင် အစပြန်လျှော်ပေးရမှာနော်... 'ဖြူဖြူ' ပိတ်စတွေက တစ်ကိုက်ကိုသုံးလေးထောင်တန်တာ... ထမီတစ်ကွင်းကို တစ်သောင်းအောက်မရှိဘူးနော်... 'ဒေါ်ရင်မြင့်' လျှော်ရရင် ဒုက္ခရောက်မှာစိုးလို့ပြောနေရတာ"

'လဝန်း' တစ်ယောက် အံကြိတ်လက်သီးဆုပ်ပြီး အခန်းပြင်မထွက်မိအောင် စိတ်ကိုထိန်းနေရပါသည်။

http://www.cherrythitsar.org


'ဖြူဖြူ' သည် မိမိကို ယခုနောက်ပိုင်း ကောင်းကောင်း မဆက်ဆံ၊ မြင်လျှင် မျက်နှာလွှဲထားတတ်သည်။

လမ်းထိပ်ကသူငယ်ချင်း 'ယုယုခိုင်' ပြောဖူးတာတော့ရှိ သည်။

'ကိုထွန်းအောင်ကျော်' လိုလူမျိုးက 'လဝန်း' လိုမိန်းက လေးကို အတည်ကြံမှာမဟုတ်ဘူး။

လွယ်လွယ်ရလို့ကြိုက်တာ ပြီးရင် ဗိုက်တစ်လုံးနဲ့ထား သွားမှာတဲ့လေ။

သည်လိုစကားမျိုးတွေကြားရတော့ 'လဝန်း' လိုအေးတိ အေးစက် ပျော့နွဲ့နွဲ့နေတတ်တဲ့ မိန်းကလေးမျိုးတောင် မခံချင် တဲ့စိတ်နဲ့ ဖြစ်အောင်လုပ်ပြချင်တဲ့စိတ်၊ ရအောင်ယူပြချင်တဲ့ စိတ်တွေဖြစ်လာတာအမှန်။

ယခုလည်း ကိုယ့်အမေထက်ကြီးတဲ့ မေကြီး ကို မျက်နှာ ပြောင်တိုက်ပြီး ချိုးချိုးဖဲ့ဖဲ့ပြောနေလိုက်တာ။

မိမိကြောင့် မေကြီး အပြောခံရတာ စိတ်မကောင်းပါ။

"အစတွေမညှပ်ရသေးဘူးဆိုလည်း ပြန်ယူသွားလိုက် တော့မယ်"

"ညှပ်ပြီးသားဖြစ်နေလို့ပါ... မညှပ်ရသေးရင်ပြန်ပေး

http://www.cherrythitsar.org


လိုက်ပါတယ်… လာ လာ ဒီမှာကြည့်… ညာပြောတာမဟုတ်ပါဘူး”

“ဟုတ်ပြီလေ ပြောတဲ့ရက်အတိုင်း လာပို့ပေးဦး စေတနာနဲ့ ကြားတဲ့သတင်းလေးတွေ ပြောသွားလိုက်ဦးမယ်… ‘ဒေါ်ရင်မြင့်’ ဆီမှာအပ်တဲ့ ဖောက်သည်တွေက ရက်ချိန်းမမှန်တော့လို့ ‘ဒေါ်ရင်မြင့်’ ကိုယ့်အလုပ်ကိုယ် ကောင်းကောင်းမလုပ်လို့ တခြားပြောင်းအပ်ကုန်ကြပြီနော် ကဲ သွားမယ် သွားမယ်”

‘ဖြူဖြူ’ က ဆိုင်ကယ်ကိုစက်နှိုးပြီး ခပ်ပြင်းပြင်းထွက်သွားခဲ့ပြီ။ မေကြီး က ပက်လက်ကုလားထိုင်ပေါ်တွင် ပျော့ခွေစွာထိုင်ရင်း ငိုင်နေသဖြင့်…

“မေကြီး ရယ် ကျောင်းပြီးသွားရင် ‘လဝန်း’ အလုပ်တစ်ခုခုထွက်လုပ်မယ်… မေကြီး စက်မချုပ်နဲ့တော့နော်”

“ ‘ဖြူဖြူ’ ကြောင့်လား သမီးရဲ့… ပြောချင်တာပြောပါစေကွယ်… ‘ဖြူဖြူ’ အရင်က သည်လိုမရိုင်းတတ်ပါဘူး သူ့ကိုသူ့အပေါင်းအသင်းတွေက မြှောက်ပေးလိုက်တာနေမှာပါ ဘာပဲဖြစ်ဖြစ် ‘မောင်အောင်’ နဲ့ပတ်သက်ပြီး သူတို့တွေမနာလိုနေတာသိရင် မိအောင်သာဖမ်းပေးတော့ သမီးရေ… လွတ်သွားရင်သူတို့တံတွေးခွက်ထဲတင်မျောမှာမဟုတ်ဘူး ပင်လယ်သမုဒ္ဒရာ

http://www.cherrythitsar.org


ထဲအထိမျှော်အောင် လုပ်မယ့်ဟာတွေ... သမီးကောင်းစားတော့လည်း မေကြီး စက်ချုပ်စရာမလိုတော့ဘူးပေါ့”

## ၄

'လဝန်း' စိတ်ညစ်သွားသည်။

ကားဂိတ်တွင် 'ဖြုဖြု' နှင့်ဆုံယုံတင်မဟုတ်၊ တစ်ကားတည်းစီးကြရမှာပါလား။ စောစောကြိုသိလျှင် ကားပြောင်းစီးလို့ရသေးသည်။

စာပေးစာယူသမား အတော်များများ ဤရက်ပိုင်းတွင် မန္တလေးသို့ဆင်းနေကြသည်။ တချို့ကတော့ တစ်ပတ်နှစ်ပတ်အလိုမှဆင်းကြသည်။ မကြီး က သူများတွေထက် မနိမ့်ကျစေချင်သဖြင့် တစ်လကြိုလွှတ်ခြင်းဖြစ်သည်။ ကျူရှင်တက်ချင်

http://www.cherrythitsar.org


လျှောင်တက်နိုင်သည်။ ပထမဆုံးနှစ်ကဆိုလျှင် မန္တလေးဆောင်း တိုင်း မကြီး ပါသည်။ ယခုတော့ 'လဝန်း' အဆောင်နှင့် ကျောင်းအကြား ကောင်းစွာသွားတတ်နေပြီ။

"ဘယ်လိုလဲ ကြီးဒေါ်ကြီးရဲ့... လိုက်မပို့တော့ဘူးလား စိတ်ချသွားပြီလား"

မကြီး ၏မိတ်ဆွေများက ကလိကြသည်။ မကြီး က လည်း ဆိုးသည်။ မဟုတ်မခံ။

"ဟုတ်တယ်လေ... သူ့ကိုလာကြိုမယ့်လူ ဂရုစိုက်မယ့်လူ ရှိနေပြီလေ"

"စေ့စပ်ပေးထားလိုက်ပါလား... ဟိုလူက အဝင်အထွက် သိပ်များနေတော့ မယူဖြစ်ရင် ကိုယ့်အရပ်သူအချောအလှလေး နစ်နာနေမှာစိုးလို့ပါ"

" 'မောင်အောင်' ကလည်းပြောပါတယ်... စေ့စပ်ထား ချင်တဲ့အကြောင်း"

"တကယ်ဆို သူလည်းဆရာဝန်ဖြစ်နေပြီပဲ... 'လဝန်း' ကျောင်းပြီးရင် တစ်ခါတည်း လက်ထပ်ခိုင်းလိုက်ပေါ့"

ကားဂိတ်မှမထိတထိ ကလိသံများ လှောင်သလိုလို သ ရော်သလိုလို အကြည့်များဒဏ်ကို 'လဝန်း' တစ်လမ်းလုံးခံစား

လာခဲ့ရပါသည်။

တကယ်လို့ ကားဂိတ်တွင် သူ လာမကြိုလျှင်အလှောင်ခံရဦးမည်။ လာကြိုလျှင်လည်း လိုတာထက်ပိုပြောကြဦးမည်။

တော်ပါသေးရဲ့၊ ပြည်ကြီးမျက်ရှင်ဝင်းထဲဝင်တာနဲ့ 'ကိုအောင့်' ကားဖြူဖြူကိုတွေ့လိုက်ရသည်။ 'ကိုအောင်' က စပို့ရှပ်လက်တိုအဖြူ၊ ပုဆိုးနက်ပြာနှင့် နေကာမျက်မှန်ကိုတပ်ပြီး 'လဝန်း' တို့ကား ဝင်လာသည်ကို လှမ်းမျှော်ကြည့်နေပါသည်။

'လဝန်း' ရင်တွေခုန်လိုက်တာ။

စောစောက ခံစားနေရသော ဝေဒနာတွေ၊ ခံပြင်းမှုတွေသောကတွေ ဘယ်ရောက်ကုန်မှန်း မသိတော့။

ရုက်ပြီးခြေဖျားလက်ဖျားတွေ အေးသလိုလို ဒူးတွေညွတ်သလိုလိုဖြစ်နေသည့်ကြားက ကြည်နူးမှုတွေရင်ထဲတွင် တလှပ်လှပ်ခံစားနေရပါသည်။

" 'ကိုအောင်' ရောက်နေတာကြာပြီလားဟင်"

"နာရီဝက်လောက်ပဲ ရှိပါသေးတယ်... တစ်ခုခုစားပြီးမှအဆောင်သွားကြတာပေါ့"

'လဝန်း' ၏ ပစ္စည်းများကို သူကိုယ်တိုင်မပြီးကားနောက်ခန်းထဲသွင်းသလို 'လဝန်း' ကိုလည်း ကားရှေ့ခန်းတံခါးဖွင့်ပေး

http://www.cherrythitsar.org


နေသဖြင့်…

"ဟင့်အင်း နောက်မှာပဲထိုင်မယ်"

"ဘယ်မှာပဲထိုင်ထိုင် 'လဝန်း' ကိုပြောချင်တဲ့စကားတွေကတော့ လျှော့ပြောမှာမဟုတ်ဘူးလေ… ကိုယ့်ချစ်သူမှန်းအားလုံးသိနေကြပြီပဲ… နောက်ခန်းမှာထိုင်တာ သိမ်ငယ်ပါတယ်ကွာ"

လူတွေဝိုင်းကြည့်နေသဖြင့် 'လဝန်း' ဝင်ထိုင်လိုက်ရ၏။

ယခုတစ်ခေါက်လည်း သူများ၏ဦးဆောင်မှုဖြင့် စက်ရုပ်တစ်ရုပ်လို ကားတံခါးဖွင့်ပေးလျှင်ဆင်းလိုက်၊ သူ့အနောက်ကလိုက်လိုက်၊ ဆိုင်ထဲမှာငုတ်တုတ်ထိုင်လိုက် အတင်းကျွေးလျှင်စားလိုက်၊ အတင်းတိုက်လျှင်သောက်လိုက်ဖြင့် နေ့တစ်ဝက်ကျိုးသွားခဲ့သည်။

" 'လဝန်း'…"

"ရှင်…"

"စကားတွေပြောလွန်းလို့ ကိုယ်ဖြင့်နားတွေကိုညီးနေပြီ"

ထုံးစံအတိုင်း မျက်လွှာချထားသဖြင့်…

" 'လဝန်း' "

"ဟင်"

http://www.cherrythitsar.org


"ကိုယ် အနားမှာရှိနေတာကို ကျေနပ်ရဲ့လား"

"ဘာဖြစ်လို့လဲ"

"မျက်နှာတည်တည်ကြီးနဲ့ အရုပ်လိုထိုင်နေလို့ပေါ့"

"'လဝန်း' နဂိုတည်းက ဒီလိုပဲနေတတ်လို့ပါ"

"ကဲ ဒါဖြင့် ကိုယ်မေးတာမှန်မှန်ဖြေနော်"

"အင်း"

"'လဝန်း' မှာ ချစ်သူရှိပြီးသားလား"

"ဟင့်အင်း"

"'လဝန်း' ကို ချစ်တဲ့သူတွေတော့ရှိမှာပေါ့"

"အင်းပေါ့"

ထိုစကားကြောင့် 'ထွန်းအောင်ကျော်' ပုံစံက စိတ်ပူသလို ဖြစ်သွားပြီး 'လဝန်း' ရဲ့ဘေးချင်းကပ်လျက်ခုံသို့ တိုးထိုင်ရင်း

"ဘယ်သူတွေလည်းပြောပြပါဦး မေကြီး ပြောတာတော့ 'လဝန်း' မှာ ချစ်သူမရှိဘူးဆိုတာ သေချာတယ်တဲ့"

"ဟုတ်ပါတယ် 'လဝန်း' မှ အဖြေမပေးသေးတာ"

"ဘယ်သူ့ကိုလဲ"

"သူတို့တွေကိုလေ"

"ဘယ်သူတွေလဲ... ဘယ်ကလဲ... ဘာလုပ်တာလဲ"

http://www.cherrythitsar.org


"ရပ်ကွက်ထဲမှာက နှစ်ယောက်...မြို့က လူဝင်မှုကြီးကြပ်ရေးက အရာရှိတစ်ယောက် ဆယ်တန်းအတူတူအောင်ပြီး ပြင်ဦးလွင်မှာ ဗိုလ်သင်တန်းတက်နေတာက တစ်ယောက် မန္တလေးမှာ စာပေးစာယူဖြေရင်း တွေ့လို့ကြိုက်တာကတစ်ယောက်"

"များလှချည်လား... အင်းပေါ့လေ မင်းကလှတာကိုး... ဘာလို့အဖြေမပေးသေးတာလဲ... ရွေးချင်သေးလို့လား"

"မေကြီး က သူသဘောတူတာနဲ့ပဲ ယူရမယ်လို့ပြောထားလို့"

"မေကြီး သဘောတူတာဆိုရင် 'လဝန်း' ရင်ထဲကမချစ်ဘဲနဲ့ယူလိုက်မှာလား"

"ဟုတ်တယ်"

"ဒါဆို မေကြီး ရွေးပေးတဲ့လူကအရပ်ပုပု ဗိုက်ပူပူအသားမည်းမည်း သွားခေါခေါ ထိပ်ပြောင်ပြောင်နဲ့ဆိုရင်ရော ယူမှာပဲလား"

"ယူမှာ"

"ဟာ ဒါဆို ကိုယ့်ကိုရော"

" 'ကိုအောင့်' ကိုတော့ မယူရဲပါဘူး"

"ဟောဗျာ ဘာဖြစ်လို့လဲ... မေကြီး သဘောတူတယ်မ

ဟုတ်လား”

“မယုံရဲလို့”

“ဘာကိုမယုံတာလဲ”

“ ‘ကိုအောင်’ နဲ့တွေ့တာ တစ်လလောက်ပဲရှိသေးတယ် လေ...‘ကိုအောင့်’ အကြောင်းလည်း ဘာမှသိရသေးတာမဟုတ် ဘူး... ချစ်သူ ရည်းစားတို့ စေ့စပ်ထားတာတို့ရှိနေရင်ကော”

“တရားဝင်မိန်းမမယူရသေးရင် လူပျိုလူလွတ်ဖြစ်ရင်ပြီး တာပဲမဟုတ်လား...ကိုယ်တို့နှစ်ယောက်မေတ္တာရှိပြီး လက်ထပ် ဖြစ်ရင် မပြီးဘူးလား”

“ ‘ကိုအောင်’ ပြောတဲ့ပုံစံက ရည်းစားရှိခဲ့ပုံပဲ... စေ့စပ်ပြီး သား ရှိနေပုံပဲ”

“ကိုယ်မညာပါဘူး... ဘွဲ့ရဆရာဝန်တစ်ယောက်ဖြစ်နေ မှတော့ ရည်းစားထားဖူးတာ မဆန်းပါဘူး... စင်းလုံးချောပါ လို့ မညာချင်ပါဘူး”

“အဲ့ဒီ ရည်းစားကိုမယူဘူးလား”

“ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် အဲလေ ယောကျာ်းကောင်း မောင်းမတစ်ထောင်ဆိုတဲ့ စကားလည်းရှိ သားပဲ... ရည်းစားတွေတော့ အများကြီးထားခဲ့တာပဲ... ဒါပေမဲ့

ရည်းစားထားတိုင်း ယူဖြစ်ကြတာမှမဟုတ်ဘဲ”

“ ‘လဝန်း’ တို့မိန်းကလေးတွေကတော့ ရည်းစားထားပြီဆိုရင် လက်ထပ်ဖို့အထိ တစ်သက်လုံးအတူနေဖို့အထိ စဉ်းစားကြတာ”

“ဒါပေမဲ့ ချစ်ကြိုက်ညားကွဲတွေ ဖြစ်ကုန်ကြတာပဲမဟုတ်လား...ကိုယ်အမှန်အတိုင်း ဝန်ခံရရင်တော့ ရည်းစားတွေအများကြီးထားဖူး ကွဲဖူးပေမယ့် ‘လဝန်း’ ကိုတွေ့လိုက်ရတဲ့အချိန်မှာဖြစ်တဲ့ချစ်ခြင်း သံယောဇဉ်တွေကတော့ ကိုယ့်ကိုကိုယ်အံ့ဩယူရတယ်... တမ်းတမ်းစွဲဆိုတာ ဒါမျိုးကိုပြောတာဖြစ်မှာ... သံလိုက်နဲ့တို့ထားသလို ‘လဝန်း’နားမှာကပ်နေချင်တာ မေကြီးကို အတင်းအပူကပ်ထားပြီးပြီ... ‘လဝန်း’ ကျောင်းစာမေးပွဲပြီးတာနဲ့ လက်ထပ်ချင်တယ်လို့”

“ဟင် မဖြစ်နိုင်တာ”

“ဘာလို့မဖြစ်နိုင်ရမှာလဲ... မေကြီး သဘောတူတာဆိုယူမယ်ဆို”

“ဒါဆို ‘ကိုအောင့်’ ဘက်က လူကြီးတွေရဲ့ သဘောထားကို မေဦးလေ”

“စိတ်မပူနဲ့... သူတို့က ကိုယ့်ကိုအိမ်ထောင်ချပေးချင်နေ

http://www.cherrythitsar.org


ကြတာ”

“ဒါဆိုလည်း ‘ကိုအောင့်’ အိမ်လိပ်စာကိုပေးလေ... ‘လ ဝန်း’ စုံစမ်းကြည့်မယ်... ‘ကိုအောင့်’ အိမ်ကသဘောတူရင် ‘လ ဝန်း’ ဘာငြင်းစရာလိုသလဲ”

“ဟုတ်ပြီလေ... လောလောဆယ် ‘လဝန်း’ ရဲ့ ဓါတ်ပုံလှလှလေးတစ်ပုံလောက်ပေး”

“ဟင် ဘာလုပ်ဖို့လဲ”

“ကိုယ့်ချစ်သူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း အိမ်ကိုအမြန်ချောနဲ့ပို့လိုက်မယ်လေ”

“ဩော် ဒါဆို နက်ဖြန် သွားရိုက်ပေးမယ်”

“ရိုက်ပြီးသားမရှိဘူးလား”

“စာမေးပွဲလာဖြေတာဆိုတော့ ဘယ်ပါလာပါ့မလဲ”

“ဟုတ်ပြီ... နက်ဖြန်ကိုယ်လာခေါ်မယ်... စုံတွဲတစ်ပုံလောက် ရိုက်ထည့်ပေးလိုက်ရအောင်”

“ဟာ မရိုက်ကောင်းဘူး... မယူခင်တွဲရိုက်ရင် ကွဲတတ်တယ်တဲ့”

“ကိုယ်တော့အယုံအကြည် မရှိပါဘူး... ကွဲစရာလည်းမရှိဘူး... အိမ်ကိုဓါတ်ပုံပို့လိုက်မယ်... သဘောမတူဘူးဆိုလည်း

ယူမှာပဲ”

“ဟင် အဲ့ဒီလိုကြီးတော့မလုပ်နဲ့လေ... ‘လဝန်း’ သွေးထိုးလို့ ‘ကိုအောင်’ ဖွတ်လုပ်တယ်ထင်ပြီး ‘လဝန်း’ ကိုမုန်းနေကြမှာပေါ့”

“သူတို့ချစ်ဖို့မလိုပါဘူး... အရေးကြီးတာက ကိုယ်တို့နှစ်ယောက်ချစ်ဖို့ပဲလေ”

“ဟင့်အင်း ‘လဝန်း’ကတော့ ‘ကိုအောင့်’ မိသားစုသဘောမတူရင် လက်မထပ်ဘူး... ပိုက်ဆံမရှိပေမယ့် မာနတော့ရှိပါသေးတယ်”

“ယုံပါတယ်ဗျာ ယုံပါတယ်... လူပုံကသာ နွယ်လေးတစ်ပင်လိုနွဲ့နေတာ... စိတ်ဓါတ်ကတော့ သံချောင်းပဲ”

“ကဲ အဆောင်လိုက်ပို့ပေးတော့နော်... အခန်းရှင်းရဦးမှာ အိပ်ဖို့ပြင်ဆင်ရဦးမှာ”

“ ‘ကိုအောင်’ လိုက်လုပ်ပေးရမလား”

“ဟင် အဆောင်ထဲ ယောကျ်ားမှမဝင်ရတာ”

“ဒါဆို ညဘက်တစ်ခေါက် ထပ်လာမယ်”

“ဒီနေ့ ‘ကိုအောင်’ ခွင့်ယူထားလို့လား”

“အင်းပေါ့”

"ဒါဆိုလည်း လာချင်လာခဲ့လေ"

'လဝန်း' တို့အဆောင်ရှေ့ရောက်တော့ အဆောင်ချင်း ကပ်လျှက်မှ အမျိုးသားတစ်ဦး ပြေးထွက်လာပြီး...

" 'လဝန်း' တို့ကားဝင်တာ နောက်ကျတယ်ထင်တယ်... အော်ဒါနဲ့လာတာလား... ဂိတ်ရောက်မှာ ငှားစီးလာတာလား"

ကားနောက်ဖုံးကိုဖွင့်ပြီး ပစ္စည်းတွေချပေးနေသော 'ကိုထွန်းအောင်ကျော်' ကို 'လဝန်း' လွန်စွာအားနာသွားမိသည်။ စိတ်တိုနေသောမျက်နှာလေးဖြင့်...

" 'ကိုရန်နောင်' ကလည်း အရမ်းလျှောက်ပြောနေတော့တာပဲ... ဒါအငှားကားမဟုတ်ဘူးလေ... သူက ဆေးရုံကြီးက 'ဒေါက်တာထွန်းအောင်ကျော်' "

"ဟာဗျာ ကန်တော့ ကန်တော့... မသိလို့ပါ တောင်းပန်ပါတယ် ဒေါက်တာ"

'ထွန်းအောင်ကျော်' က ခွင့်လွှတ်သောအပြုံးဖြင့်...

"ရပါတယ်ကွာ... မသိလို့ပြောတာပဲဟာ... မောင်ရင်က 'လဝန်း' ကို စောင့်နေတာလား"

"ဟုတ်ကဲ့ခင်ဗျ... သူလာတိုင်း ကျွန်တော် ပစ္စည်းတွေကူချပေးနေကြ...သူပြန်တော့လည်း ပစ္စည်းတွေကူတင်ပေးနေကြ"

http://www.cherrythitsar.org


'ရန်နိုင်' ပုံစံက ကာတွန်းနှင့်တူနေသည်။ဆံပင်တွန့်တွန့် ရှေ့ကိုင်းမျက်မှန်နှင့် အင်္ကျီအကွက်၊ ပုဆိုးအကွက်နှင့်။ ရုပ်က တော့ ချောချင်ပါသည်။

နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်း အသား ညိုပြီး ပိန်ပိန်ခြောက်ခြောက်။ အရင်က 'ရန်နိုင်' သည် သည် လောက်ရုံဆိုးသည်ဟုမထင်ရ။ 'ကိုထွန်းအောင်ကျော်' လိုဖြူဖြူ ဖွေးဖွေး သန့်သန့်ချောချောရှေ့မှာတော့ သူ့ခမြာ ခွေးပစ်တဲ့ တုတ်လိုဖြစ်နေသည်။

ပစ္စည်းတွေကူသယ်ပေးပြီးနောက် 'ရန်နိုင်' က 'လဝန်း' အတွက် ပေးနေကြလက်ဆောင်များကို လာပေးသည်။ ကောင်း ပေ့ဆိုသည့် ရှင်မတောင်သနပ်ခါးတုံး နှစ်တုံး။ လက်မောင်းလုံး ခန့်ကြီးပြီး၊တစ်ထောင်ခန့်ရှည်သည်။ ကာလပေါက်ဈေးနှင့်ဆို လျှင် တစ်တုံးကို သုံးထောင်ကျော်တန်သည်။ ထန်းလျက်ခဲ အညိုရောင်၊ အဖြူရောင်၊ ကရေကရာ၊ ဇီးယို။

"နင်ကလည်း ယူမလာပါနဲ့လို့ သေချာပြောထားမှာ ထားလျှက်နဲ့"

"ငါ့အမေက နင့်အတွက်ဆိုပြီး သေချာဝယ်ထားတာတွေ ဟာ... မယူရင် ဘယ်စိတ်ကောင်းပါ့မလဲ ယူနော်"

http://www.cherrythitsar.org


'လဝန်း' တစ်ယောက် ပိုးကြေးပမ်းကြေရသည့် လက်ဆောင်တွေရှေ့မှာ မျက်နှာပူမိတာ အမှန်။

## ၅

ဂျူတီဝင်နေရသဖြင့် ညဘက်ကျမှလာတွေ့မည် ဟုပြောထားလျှက်နှင့် 'လဝန်း' ဆေးရုံကြီးရှေ့ရောက်နေပါ သည်။

အဆောင်မှသူငယ်ချင်းတွေ ဘူတာရုံလာရင်းပါလာခြင်း ဖြစ်သည်။

“ဟေ့ 'လဝန်း'...မင်းလူကြီးကို ဝင်မတွေ့တော့ဘူးလား”

တစ်ပတ်အတွင်း 'ကိုအောင်' ချောင်းပေါက်အောင်လာ လွန်းသဖြင့် ယခုမှခင်ခွင့်ရသော နယ်ပေါင်းစုံမှသူငယ်ချင်းများ

http://www.cherrythitsar.org


ပင်လျှင် သိကုန်ပါပြီ။

“မတွေ့တော့ပါဘူးကွာ… ညကျရင်သူလာမှာပဲ”

“ဟော ဟော ဟိုမှာ မင်းလူကြီးရဲ့ကားထွက်လာပြီပဲ”

“ဟင် အေး ဟုတ်ပါရဲ့”

မီးပွိုင့်နားတွင်ရပ်နေသော ‘လဝန်း’က ရယ်ပြပြီးလက်ပြနှုတ်ဆက်နေပါလျှက် ‘ကိုအောင်’က မမြင်။ ကားပေါ်တွင်အမျိုးသမီး၊ အမျိုးသားတွေ အပြည့်ပါသွားသည်။ ‘ကိုအောင်’တို့တစ်ဖွဲ့လုံး တဝါးဝါးတဟားဟားဖြင့် ဘာတွေသဘောကျပြီး ရယ်သွားမှန်းမသိ။

‘လဝန်း’တစ်ယောက် အားငယ်ငယ်မျက်နှာငယ်ငယ်နှင့် ကျန်ရစ်ခဲ့သည်။ အပျင်းပြေအောင်နေတတ်သော ‘ကိုအောင့်’ အတွက် အပျင်းပြေစရာတွေ ပေါမှပေါနေမှာပါလေ။

“နင်ကလည်း မမြင်လို့ပဲဟာ… ညကျရင်လာမှာပဲဟာ”

သူငယ်ချင်းတွေက မျက်စေ့မျက်နှာပျက်နေသော ‘လ ဝန်း’ကိုနှစ်သိမ့်ကြသည်။

အဆောင်ပြန်ရောက်တော့ အထုပ်တစ်ထုပ်ရောက်နေ၏ မေကြီး ထံမှဖြစ်သည်။

“သမီး…

http://www.cherrythitsar.org


လူကြိုက်ကောင်းလို့ ပဲပုတ်နဲ့မြေပဲထောင်း ကြော်ရယ် ခေါပုတ်ထုပ်ရယ်ထည့်ပေးလိုက်တယ်... သမီးသွားပြီးနောက်တစ်နေ့ 'နေဝန်း' ဆီက စာနဲ့ပစ္စည်းထုပ်လေးရောက်လာတယ်... ကျန်းမာရေးဂရုစိုက်နော်...

ချစ်တဲ့

မကြီး

'လဝန်း' စာမေးပွဲဖြေဖို့ မန္တလေးရောက်တိုင်း 'ကိုနေ' က စာရေးကိရိယာပစ္စည်းနှင့် မုန့်ဘိုးသုံးလေးထောင်ပို့ပေးနေကြ။

" လဝန်း

ကိုနေ သတိရခြင်းများစွာနဲ့စာရေးလိုက်တယ်... စာကြိုးစားနော်... ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်ကြိုးစား... မကြီးကိုလည်း ကျေးဇူးပြန်ဆပ်နိုင်အောင်ကြိုးစား...နင့်အတွက် မကြီးရဲ့အရိပ်ဟာ အေးမြလုံခြုံပါတယ် ရည်းစားတွေဘာတွေ လျှောက်မထားနဲ့... တစ်ရွာတစ်ကြေးက လူတွေကိုမကြိုက်နဲ့... မချမ်းသာရင်နေပါစေ... ကိုယ့်ရပ်ကိုယ့်ရွာက ခါတ်သိထဲကပဲ ရွေးယူပါ... ငယ်လည်းငယ်ပါသေးတယ်

နောက်သုံးလေးနှစ်နေမှ ယူပေါ့… 'ကိုနေ' လည်းအခြေတကျ မရှိသေးလို့လိပ်စာမထည့်ပေးလိုက်ဘူး…

ခါတိုင်း 'ကိုနေ' ဆီကစာလာလျှင် 'လဝန်း' အလွန်ပျော်သည်။

ယခုတော့ စိတ်ညစ်ရပြီ။

'ကိုနေ' က ဘာသတင်းတွေကြားလို့ စိတ်ပူနေတာလဲ၊ ဆုံးမနေတာလဲ။

မေကြီး နဲ့ဖုန်းစကားပြောဖြစ်လို့လား။

ပိုပြီးစိတ်ညစ်ရတာက ညဘက် 'ကိုအောင်' ရောက်မလာသောကြောင့်ပါ။

" 'လဝန်း' တယ်လီဖုန်းလာတယ်"

'ကိုအောင်' က သူ့အရေးပေါ်ခွဲစိတ်ခန်းဝင်ရလို့ မလာနိုင်ကြောင်း အသိပေးခြင်းဖြစ်သည်။

"နေ့ခင်းတုန်းက 'ကိုအောင်' ဘယ်သွားတာလဲ"

"ဘယ်အချိန်လဲ"

"တစ်နာရီခွဲလောက်"

"'လဝန်း' ကဘယ်သွားလို့ဘယ်မှာတွေ့တာလဲ ကျောင်း

မတက်ဘူးလား”

“သူငယ်ချင်းတွေ ဘူတာမှာလက်မှတ်လာယူကြတာလေ ‘ကိုအောင်’တို့ကားတစ်စီးလုံး ရယ်မောနေလိုက်ကြတာ ‘လ ဝန်း’ လက်ပြနေတာတောင်မမြင်ဘူး”

“သြော် ကားမောင်းနေတဲ့အပြင် ‘လဝန်း’ဒီပတ်ဝန်းကျင်မှာ မရှိနိုင်ဘူးဆိုတဲ့အသိနဲ့ ဘေးဘီကိုမကြည့်မိလို့မမြင်တာနေမှာပါ…ခွဲစိတ်လူနာရှင်တစ်ဦးက ဖားသားဟောက်စ်မှာကျွေးချင်တယ်ဆိုလို့ အားလုံးစုပြုံပြီးသွားကြတာလေ… ဒီရက်ပိုင်းဆေးရုံမှာခွဲစိတ်လူနာတွေများတယ်… ‘လဝန်း’ ဆီအခစားဝင်တာပျက်ကွက်ရင် စိတ်မကောက်ဖို့ ကြိုပြီးတောင်းပန်ထားရဦးမယ်”

“အလုပ်ကိစ္စတကယ်ရှိလို့ ပျက်ကွက်တာကတော့ကိစ္စမရှိပါဘူး… ဒါပေမဲ့ တခြားအပျင်းပြေ နေရာသစ်တွေ နေရာဟောင်းတွေဆီ ရောက်နေရင်တော့ လုံးဝခွင့်မလွှတ်ဘူးသိလား”

“ကြိုက်သလိုစုံစမ်းပါဗျာ ပျက်ကွက်တဲ့ရက်တွေအတွက် အလုပ်အားရက် အတိုးချပြီးလည်ကြမယ် ချစ်ကြမယ်လေ”

သည်လိုပြောပြန်တော့လည်း ‘လဝန်း’ ရှက်ပြီးငြိမ်ကျသွားတော့သည်။

http://www.cherrythitsar.org


'ကိုအောင်' နှစ်ရက်ခန့်ပေါ်မလာတာနဲ့ အခန်းဖော်တွေက ကလိကြတော့သည်။

"နင့်လူကြီး ပေါ်မလာတာကြာပြီနော်"

"သုံးရက်ပဲရှိပါသေးတယ်ဟယ်... ခွင့်ယူတာတွေများထားလို့ သူ အစားပြန်ဝင်ပေးနေရတယ်လေ... သူ့နားရက်ကျမှ စစ်ကိုင်းတို့မင်းကွန်းတို့ လျှောက်လည်တော့မယ်"

"စာမေးပွဲနီးနေပြီနော် မိန်းမ... ပြီးမှလည်ပေါ့"

"'လဝန်း' ရေ... ဧည့်သည်လာတယ်"

"ဟော ပြောရင်းဆိုရင် ရောက်များလာပြီလားမသိဘူး"

'လဝန်း' ပြာယာခတ်ပြီး ပြေးထွက်သွားသလို မျက်စေ့မျက်နှာပျက်ဖြင့် ပြန်ပြေးဝင်လာပြီး...

"ငါမရှိဘူးလို့ပြောပေးစမ်းပါဟယ်... 'ကိုအောင်' လာခေါ်လို့ပါသွားတယ်လို့ပြောပေးစမ်းပါ"

"အခုလာတာ 'ကိုအောင်' မဟုတ်ဘူးလား"

"မဟုတ်ဘူး ဟိုဘက်အဆောင်က 'ကိုရန်နိုင်'... လာရင်တော်တော်နဲ့ပြန်တာမဟုတ်ဘူး... သိပ်စကားကြောရှည်တာ... စာကျက်စရာတွေက တစ်ပုံကြီး"

"နင့်လူကြီးဆိုရင် ဒါမျိုးပြောမလားပြော"

အခန်းအောင်းပြီးတစ်နေကုန် စာကျက်နေပါသော်လည်း စိတ်တွေပျံ့လွင့်လွန်းသဖြင့် ခေါင်းထဲဝင်တာကနည်းပါသည်။

"အံမယ်လေး ကျွတ် ကျွတ် ကျွတ်"

တစ်ဘက်ခန်းမှ ညည်းတွားသံ။

"အံမယ်လေး သေရပါတော့မယ်... ကယ်ကြပါဦး အဖေတို့အမေတို့ရေ... အီး ဟီး ဟီး"

အခြေအနေက ပိုဆိုးလာပုံရသည်။

တစ်ဆောင်လုံး သူမ အခန်းဝတွင် စုပြုံတိုးကြည့်နေကြသည်။

"ဘာဖြစ်တာလဲ အရမ်းနာနေလား"

အဆောင်မှူးကလည်း စိတ်ပူနေပြီ။

"ဗိုက်အောင့်လို့ အင်း ဟင်း ဟင်း ဟင်း"

"ဘာတွေစားသေးလဲ"

"နေ့ခင်းက လက်ဘက်သုတ်တွေစားပြီး ညဦးပိုင်းက အိပ်မပျော်အောင်ဆိုပြီး လက်ဘက်ရည်ကျကျသောက်ထား တယ် အဆောင်မှူး"

အခန်းဖော်ကျောင်းသူက ဖြေခြင်းဖြစ်သည်။

"အား အီး သေရပါတော့မယ်"

http://www.cherrythitsar.org


ချွေးစီးတွေကျနေပြီး အိပ်ယာပေါ်တွင်လိမ့်နေသည်မှာ မမြင်ရက်စရာ။

"ဟဲ့ ဟဲ့ ကားထွက်ငှားစမ်း... ဆေးရုံပို့မှဖြစ်မယ်"

အားလုံးပြာယာခတ်နေရှာသည်။

အခန်းဖော်တစ်ယောက်ကလည်း အလိုက်သိသိဖြင့်ဆေးရုံမှာအသုံးပြုနိုင်မည့် ပစ္စည်းများကောက်ထည့်နေသည်။

"ဘယ်သူလိုက်စောင့်မှာလဲ... တစ်ယောက်ဖြစ်ဖြစ် နှစ်ယောက်ဖြစ်ဖြစ် လိုက်သွားမှဖြစ်မယ်"

"ကျွန်မစောင့်ပေးပါ့မယ်... ဒါပေမဲ့ဟိုဘက်ခန်းက 'လဝန်း' ကိုလည်းခေါ်သွားချင်တယ်... သူ့ရည်းစားက အဲ့ဒီဆေးရုံကဆရာဝန်လေ"

ထိုစကားကြောင့် 'လဝန်း' ဇက်ပုသွားသည်။

ဆေးရုံအထိလိုက်ပြီးတော့ မာန်တက်ဖို့တော့သတ္တိမရှိပါ။ 'ကိုအောင်' ကလည်းဆေးရုံကိုလာလည်ဖို့ တစ်ခါမှမဖိတ်ခေါ်ဖူးပါ။

" 'လဝန်း' ရေ... ဒီမှာသေရေးရှင်ရေးဖြစ်နေလို့ ကူညီပါဦးသမီးရယ်"

အဆောင်မှူး၏ တောင်းပန်သောအသံကြောင့် 'လဝန်း'

http://www.cherrythitsar.org


မကျူညီလျှင်မကောင်း။

"'ကိုထွန်းအောင်ကျော်' ရှိမနေရင်ကော အန်တီ"

"မရှိလည်းဖြစ်ပါတယ်... ပြည်သူ့ဆေးရုံပဲ ဘယ်သူမှ မောင်းမထုတ်ပါဘူး... 'လဝန်း' က ဒီကျောင်းသူတွေအားလုံး နဲ့စာရင် ဆေးရုံကို ကိုယ်တိုင်လည်းရောက်ဖူးခဲ့တယ်... ဆေးရုံ ကဆရာဝန်နဲ့လည်း ပတ်သက်နေတယ်ဆိုတော့ မကြောင်ဘူး ပေါ့ကွယ်"

ကားငှားလို့ရပြီဖြစ်၍ 'လဝန်း' လည်းလိုက်ခဲ့ရတော့၏။ ယခု 'ကိုအောင်' ဆေးရုံမှာရှိနေမှန်းသိသော်လည်း ကဲလွန်းရဲ လွန်းသည်၊ အခွင့်အရေးယူလွန်းသည်ဟု ထင်မှာစိုး၍ 'ကို အောင်' နှင့်မတိုးပါစေနှင့်ဟု ဆုတောင်းနေမိသည်။

အရေးပေါ်တွင်လည်း အဆောင်သူ 'မနှင်း' ကကြွက် ကြွက်ညံအောင်အော်ငိုနေသဖြင့် ဆရာဝန်တွေဦးစားပေးပြီးကု သပါသည်။

လောလောဆယ်ထိုးဆေး၊ စားဆေးတွေပေးပြီး နောက် ရက် ဓါတ်မှန်ရိုက်ရမည်။ အာထရာဆောင်းရိုက်ရမည်ဟုပြော သည်။

"'လဝန်း' ရေ...မင်းလူကြီးဘယ်ရောက်နေလဲ မေးကြည့်

http://www.cherrythitsar.org


ဦးလေ"

အတင်းမေးခိုင်းနေသဖြင့်...

"ဆရာမတစ်ခုလောက် ကူညီပါလားရှင်"

သဘောကောင်းမည့်ပုံပေါက်သော အပြာဝတ်သူနာပြု တစ်ဦးကို ကပ်ပြောမိသည်။ ဆရာမက ခပ်ပြုံးပြုံးခေါင်းညိတ်ပြလေမှ...

"ဟိုလေ ဒီည 'ဒေါက်တာထွန်းအောင်ကျော်' ရဲ့ ဂျူတီ မရှိဘူးလားရှင်"

"ဪ ရှိတယ် ရှိတယ်... စောစောကပဲ အရေးပေါ်လူနာ တစ်ယောက် ခွဲစိတ်ပြီးသွားလို့ နားနေဆောင်မှာအနားယူနေ တယ်ထင်တယ်"

နာရီကိုကြည့်တော့လည်း ဆယ့်နှစ်နာရီထိုးတော့မည်။

"နိုးနေရင်တော့ပြောပေးမယ်လေ... ဘယ်သူ့လို့ပြော ပေးရမလဲ"

" 'လဝန်း' ဆိုရင် သူသိပါတယ်"

ဆရာမ ပြန်မလာမချင်း 'လဝန်း' ရင်တွေခုန်နေပါသည်။ ခြေဖျားလက်ဖျားတွေအေးပြီး နေရခက်နေတော့သည်။

"အိပ်ပျော်နေတယ်ကွဲ့"

"ဟုတ်လား ဒါဆိုလည်း 'လဝန်း' လာသွားတယ်လို့ ပြောပေးပါနော်... မနက်ဖြန် အဲလေ ဒီနေ့နေ့ခင်းလောက်တစ်ခေါက်ထပ်ရောက်ဦးမယ်လို့... သူငယ်ချင်းရောဂါပြင်းထန်နေလို့လာတာပါလို့"

"ဟုတ်ပြီလေ... ဆရာနဲ့တွေ့ရင် ပြောလိုက်ပါ့မယ်"

ဆေးရုံမှာရှိနေလျှက် မတွေ့လိုက်ရသဖြင့် 'လဝန်း' ရှက်သလိုလို ငိုချင်သလိုလိုဖြစ်နေသည်။ အံတကြိတ်ကြိတ်လုပ်နေသဖြင့်...

"မင်းကလည်းကွာ သူနားနေချိန် ပင်ပန်းလို့အိပ်နေတဲ့အချိန်မို့လို့ မခေါ်ပေးတာပဲ... သူတို့လည်း မနိုးဝံ့လို့နေမှာပေါ့ 'ကိုထွန်းအောင်ကျော်' က မတွေ့ချင်ဘူးလို့ ပြောလွှတ်လိုက်တာမှမဟုတ်ဘဲ... ဒီနေ့ နေ့ခင်းတစ်ခေါက် ထပ်သွားရဦးမှာပဲမှာထားခဲ့ပြီးလို့မှ စောင့်မနေဘူး အတွေ့မခံဘူးဆိုရင်တော့တစ်မျိုးပေါ့"

နေ့ခင်းရောက်မှာကို ကြိုသိနေပါသော်လည်း အချိန်ဆိုတာ ရပ်တန့်နေတာမှမဟုတ်ဘဲလေ။

ဓါတ်ပုံရိုက်ပြီးသားတွေ ဆေးစာရွက်တွေ အထပ်လိုက်ကိုင်ပြီး 'ကိုအောင့်' ကိုအရင်တွေ့အောင် ရှာနေမိသည်။ သူနှင့်

http://www.cherrythitsar.org


တွေ့လျှင် ပိုပြီးဂရုစိုက်ကြမည်၊ အကူအညီပေးကြမည်မဟုတ်လား။ နာရီဝက်ခန့် ဟိုလျှောက်ဒီလျှောက်လုပ်ပြီးသည့်တိုင် သူ့အရိပ်အယောင်ကိုမတွေ့ရသဖြင့် 'လဝန်း' မျက်ရည်တောပင်ဝဲနေပါပြီ။

"နင်ကလည်း စိတ်ရှည်မှပေါ့... ကဲ ဟိုသူနာပြုဆရာမကြီးက ပြောပေးမယ်ဆိုပြီး မေ့သွားတာလားမှမသိတာ"

သည်လိုတွေးတော့လည်း ဟုတ်နေပြန်သည်။

"ဟိုမှာ ဆရာဝန်မတစ်ယောက်လာနေတယ် နင့်လူကြီးရှိမရှိမေးကြည့်ပါလား"

ထိုဆရာဝန်မကိုမြင်တော့ ဝမ်းသာသွားမိသည်။

မေကြီး ဆေးရုံတက်တုန်းက မေကြီး ကို ခဏခဏလာကြည့်သောအဖွဲ့တွင် ဤဆရာဝန်မလေးပါသည်။

"မမ 'လဝန်း' ကို မှတ်မိသလား မသိဘူးရှင့်"

ဆရာဝန်မက စဉ်းစားသလိုလုပ်နေပြီးမှ...

"သြော် အေး ဟိုတလောက ဆေးရုံလာတက်တဲ့အဒေါ်ကြီးရဲ့တူမ မဟုတ်လား"

'လဝန်း' ဝမ်းသာသွားပြီး...

"ဟုတ်ပါတယ် မမ ဒါနဲ့ 'ဒေါက်တာထွန်းအောင်ကျော်'

http://www.cherrythitsar.org


ကိုကော တွေ့လို့ရမလားရှင့်”

“သူ ဒီနေ့အော့ဖ်လေ... မနက်ကမှပြန်သွားခဲ့တာ တွေ့ချင်ရင် ညဘက်တော့ရှိမယ်နဲ့ထင်တယ်... အရေးကြီးလို့လား သူ့ဖုန်းနံပါတ် မသိဘူးလား”

ဟုတ်ပါရဲ့။ ‘ကိုအောင်’ က သူ့ဖုန်းနံပါတ်လည်း မပေးထားပါလား။ တကယ်ဆို အလိုက်တသိ ပေးထားရမှာပေါ့။ ခုတော့ သူငယ်ချင်းတွေရှေ့မှာ ဖုန်းနံပါတ်မသိဘူးလည်းပြောရမှာရှက်နေသဖြင့်...

“သိပါတယ် မမ... ဒီသူငယ်ချင်း ဆေးရုံမတက်ရရင်တော့ သူ့ကိုအပူတပြင်းတွေ့ဖို့မလိုပါဘူး... ကျေးဇူးတင်ပါတယ် မမ”

ဆရာဝန်မချောချောလေးက ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် ခေါင်းညိတ်ကာ ထွက်သွားခဲ့ပါသည်။

သူငယ်ချင်းတွေ၏ မျက်လုံးအကြည့်က ‘ထွန်းအောင်ကျော်’ ၏ တရားမဝင်ချစ်သူဟု ထင်နေကြပြီလေ။

ရှက်စိတ်၊ ဝမ်းနည်းစိတ်ဖြင့် ညှိုးငယ်စွာပြန်လာခဲ့သော ‘လဝန်း’ တစ်ယောက် အဆောင်ရှေ့မှ ကားဖြူကြီးကိုမြင်ရတော့ မျက်နှာလေးဝင်းထိန်သွားရှာသည်။

http://www.cherrythitsar.org


'ကိုအောင်' ကားနောက်မြီးကိုမှီပြီး လက်ပိုက်၍ရပ်နေသည်မှာ သန့်ပြန့်သားနားပြီး ငေးကြည့်ယူရပါသည်။သူ့ခမြာ ညကအိပ်ရေးပျက်ထားတာတောင် အနားမယူရှာဘဲ မိမိထံရောက်လာခဲ့ရှာသားပဲ။

သူငယ်ချင်းများ၏ မျက်လုံးများလည်း အရောင်ပြောင်းသွားကြပြီ။ 'လဝန်း' ကိုဆေးရုံကိုမနက်တစ်ခေါက် ညတစ်ခေါက်ရောက်ခဲ့ကြောင်းပြောတော့ 'မနှင်း' အတွက်နောက်တစ်ခေါက်သွားလျှင် အဆင်ပြေအောင် သူလုပ်ပေးမည့်အကြောင်းပြောသည်။ အကယ်၍ သူ့ဂျူတီနှင့်မတိုးလျှင်လည်း ဆေးရုံမှ ဆရာဝန်များနှင့် သူဖုန်းဆက်ထားပေးမည်ဟုပြောသည်။

ထို့ကြောင့် အားလုံးကျေနပ်သွားကြသည်။

# ၆

စာမေးပွဲပြီး၍အိမ်ပြန်ချိန်တွင်လည်း 'ကိုအောင်' က သူကိုယ်တိုင်လိုက်ပို့ပေးသည်။ ကားပေါ်တွင်အိမ်အတွက် ဝယ်လာပေးသော ပစ္စည်းတွေကလည်း ကားနောက်ခန်းတွင် အပြည့်။

မန္တလေးတောင်၊ ငါးရန့်မင်းတောင်များသို့ ဘုရားဝင်ဖူးကြသလို ပြင်ဦးလွင်မရောက်ခင်လည်း တွေ့သမျှဘုရားဝင်ဖူးကြသည်။ ရှု့မျှော်ခင်းမှန်သမျှ ကားရပ်ပြီး တမေ့တမောငေးကြသည်။ ဓါတ်ပုံရိုက်ကြသည်။

" 'ကိုအောင်' ရေ… လျှောက်လည်လို့ကောင်းတာတော့

ဟုတ်ပါရဲ့… မွန်းလွဲနေပြီ 'ကိုအောင်' အပြန်နောက်ကျမယ်လေ ဒီကထွက်ရင် ဘယ်မှမဝင်နဲ့တော့"

"ရပါတယ် ကားလမ်းလည်းကောင်း မိုးလေဝသလည်းကောင်း နယ်မြေအခြေအနေတွေလည်းကောင်းတော့ မိုးချုပ်မှပြန်လည်းဖြစ်ပါတယ်… တချို့ကားတွေဆို နေပူမခံချင်လို့ညဘက်ပဲ မောင်းနေကြတာ"

"ဟင် 'ကိုအောင်' တစ်ယောက်တည်းပြန်ရမှာ… စိတ်မချပါဘူး… ဘယ်အချိန်ရောက်မှန်း ကိုယ်ကသိရတာမဟုတ်ဘူး… တော်ကြာလမ်းမှာ ကားပျက်နေရင်ကော… မပြောကောင်းမဆိုကောင်း"

"ဟိုး ဟိုး စိတ်ပူရင်လည်း ကိုယ်နဲ့အပြန်ပြန်လိုက်ခဲ့ပေါ့"

"ဟာ အဲ့ဒီဘဝမှ မရောက်သေးတာ"

"ရက်ပိုင်းလပိုင်းအတွင်း ရောက်တော့မှာပဲ… ကဲ မကြာခင်လက်ထပ်မယ့်သူကို အပြန်နောက်ကျသွားရင် အိမ်မှာတစ်ညလေးတောင် ခေါ်မသိပ်ချင်ဘူးလားဗျာ"

"သိပ်ချင်တာပေါ့… ဒါပေမဲ့ စေ့စပ်ထားရင်တောင် ခေါ်သိပ်ဖို့ မသင့်တော်သေးဘူးလေ… တစ်ခုတော့ရှိတယ်… တည်းခိုခန်းမှာအိပ်ပြီး မနက်စောစောမှ ထပြန်ရင်မကောင်းဘူးလား"

http://www.cherrythitsar.org


"ဟုတ်တယ် ကောင်းတယ်"

"ဘယ်အချိန်ပြန်ပြန်ပါ 'ကိုအောင်' ရယ်... 'ကိုအောင်' မန္တလေးပြန်ပြီဆိုတဲ့ အချိန်ကိုတော့ 'လဝန်း' အရမ်းသိချင်တာ"

"'လဝန်း' တို့အိမ်မှာဖုန်းမရှိပေမယ့် အိမ်နားမှာရှိတယ်မဟုတ်လား... 'ကိုအောင်' ရောက်တာနဲ့ဆက်လိုက်မယ်"

"အိမ်နားကလူတွေကလည်း 'လဝန်း' ကို မနာလိုဖြစ်နေကြတာ... ဖုန်းခေါ်ပေးပါနော်လို့... ချော့ပြောရင်တောင် လက်မခံချင်သလိုမျိုးကြီး... ဒီလိုလုပ်လေ 'လဝန်း' ကပဲဆက်ပါ့မယ် အိမ်ဖုန်းနံပါတ်ဖြစ်ဖြစ် ဆေးရုံဖုန်းနံပါတ်ဖြစ်ဖြစ် တစ်ခုခုပေးထားလေ"

"အခုကိုယ်နေတဲ့ မိတ်ဆွေအိမ်က ဖုန်းမရှိဘူး... ဆေးရုံနံပါတ်ယူထားလိုက်လေ"

ဘာပဲဖြစ်ဖြစ် ဆေးရုံနံပါတ်ပေးထားလည်း မဆိုးပါဘူး အရေးအကြောင်းရှိရင် ဆက်လို့ရတာပေါ့လေ။

"ဂလုပ် ဒုတ် ဒုတ်"

ကော်ဖီခွက်နားအရောက် ကားကရှေ့ထိုးနောက်ငင်ချောင်းဆိုးသလိုပုံစံမျိုးဖြင့် လမ်းဘေးထိုးရပ်သွားခဲ့သည်။

"ဟင် ဘာဖြစ်တာလဲ"

"မပြောတတ်ဘူး... ကိုယ်က ကားစက်အကြောင်းတော့ နားမလည်ဘူး... တော်သေးတာပေါ့ ပြင်ဦးလွင် ဝင်ခါနီးဖြစ်နေလို့... ကားဝပ်ရှော့တစ်ခုခုမှာ သွားအပ်ရမှာပဲ"

"ဒါဆို 'လဝန်း' ကြုံတဲ့ကားနဲ့ပဲ လိုက်သွားတော့မယ်"

"ဟာ ပြင်ပြီးရင် ကိုယ်လိုက်ပို့မှာပေါ့... ကဲ တခြားကားနဲ့လိုက်စီးသွားပြီး အဲ့ဒီကားလမ်းမှာပျက်နေရင်ကော... စိတ်မချပါဘူးကွာ... ကားပြင်ပြီးရင် လိုက်ပို့ပေးမယ် စိတ်ချ"

မြင်းလှည်းတစ်စီးဖြင့် ကားဝပ်ရှော့ကိုရှာပြီး ကားပြင်ဆရာတစ်ယောက်ကို ကားရှိရာခေါ်လာခဲ့ရသည်။ ကားကိုဝပ်ရှော့ရှိရာသို့ ကားတစ်စီးဖြင့် ဆွဲယူသွားရမည်။

" 'ကိုအောင်' တော့ပိုက်ဆံတွေအများကြီး ကုန်တော့မှာပဲ... ပါရဲ့လားဟင်... မပါရင် 'လဝန်း' ရဲ့ လက်ကောက်လေး အချိန်ရှိတုန်း ရောင်းပေးမယ်လေ"

'ထွန်းအောင်ကျော်' က 'လဝန်း' ကို ရင်ခွင်ထဲဆွဲသွင်းထားပြီး...

"အချစ်လေးက ကိုယ့်အတွက်စိတ်မကောင်းဖြစ်နေတာလား... အချစ်ရဲ့ပစ္စည်းကိုများ ထုခွဲပေးဦးမတဲ့လား... မလုပ်ရက်ပါဘူးကွာ... ငါးသောင်းကျော်ပါတယ်...မလောက်ရင်ကား

http://www.cherrythitsar.org


ယူမသွားသေးဘူးပေါ့… တခြားကား အော်ဒါငှားပြီး အချစ်ကို လိုက်ပို့မယ်”

ကားကညနေလေးနာရီမှ ပြီးမည်ဖြစ်၍ ပိုနေသောအချိန်များကို ယခုလိုမြင်းလှည်းငှား၍ ကန်တော်ကြီးနှင့် ပွဲကောက်ရေတံခွန်၊ မဟာအံ့ထူးကံသာ ဘုရားသို့ သွားရောက်ဖူးမျှော်လည်ပတ်ရန်စီစဉ်ထားသည်။

မြင်းလှည်းပေါ်တွင် ကဲနေသူက ‘ကိုအောင်’။

တစ်ခါမျှယခုလို နီးနီးကပ်ကပ် လွတ်လွတ်လပ်လပ် သူနေခွင့်မရခဲ့ဖူးသဖြင့် ယခုမှ ယုယကြင်နာမှုတွေပေးသူကပေးသလို၊ ‘လဝန်း’ တစ်ယောက်လည်း မပြေးသာအောင်မငြင်းသာအောင်ဖြစ်နေတော့သည်။ လူရှင်းလျှင် လူလစ်လျှင် အတင်းပွေ့ဖက်နမ်းရှုံ့တတ်သော ‘ကိုအောင့်’ ကို…

“ဟင် ဟိုမှာကြည့်နေတယ် ရှက်စရာကြီး”

ရင်ခွင်တွင်းအတင်းပွေ့ယူပြီး ‘လဝန်း’ ၏ပါးမို့မို့နှင့်နူတ်ခမ်းဖူးဖူးလေးများကို ခပ်ကြမ်းကြမ်းမွှေးကြူနမ်းရှုံ့ဖို့ပြင်နေ သော ‘ကိုအောင်’ က ဟိုဟိုဒီဒီလှမ်းကြည့်ရင်း…

“ဘယ်မှာလဲ… ဘယ်သူမှလည်းမရှိဘဲနဲ့”

“ဟိုမှာလေ ဟိုမှာ”

http://www.cherrythitsar.org


'လဝန်း' က ရထားလုံးအတွင်းရှိ မှန်ကိုလက်ညှိုးထိုးပြသောအခါ...

"ဟာကွာ အဲ့ဒီနှစ်ယောက်မြင်တာတော့ ကာယကံရှင်တွေပဲ... ရှက်မနေနဲ့... ကဲ ညာဦး"

"အိုး...."

ညနေလေးနာရီခွဲ ပြင်ဦးလွင်မှ ထွက်ခဲ့ကြသည်။

ဆောင်းဝင်းကာနီးပြီမို့ နေဝင်တာစောသည်။

သည်ကြားထဲ ရုတ်တရက် နှင်းမိုးလိုလိုကျလာသဖြင့်၊ ချက်ချင်းမှောင်သွားပြီး မီးထွန်း၍မောင်းယူရသည်။

“အရမ်းအေးလာပြီ... အချစ်လေး အနွေးထည်ထုတ်ဝတ်ပါလား”

“ ‘ကိုအောင်’ ရော ဝတ်မလား... ‘လဝန်း’ ရဲ့ဂျာကင်ဆိုရင် တော်မယ်နဲ့တူတယ်”

"ကျုပ်က ထောင်ထောင်မောင်းမောင်း... မင်းကညှပ်စိလေး... ရတယ် ကားမောင်းရင် မင်းဖက်ပေးထားရင်နွေးသွားမှာပါ"

"မျက်နှာသုတ်ပုဝါတစ်ထည်ရှိတယ်... ထုတ်ပေးမယ်လေ"

"ဘာလဲ ဖက်မထားချင်လို့လား"

"အို မဟုတ်ပါဘူး သူ ချမ်းမှာစိုးလို့ပါ"

"သဘော သဘော"

ကားနောက်ခန်းမှ ပစ္စည်းများထုတ်နေစဉ် မိုးပေါက်တွေပါကျလာသဖြင့်...

"စားစရာတစ်ခုခုပါ ထုတ်ခဲ့ 'လဝန်း' ရေ... ဒီပုံစံကကားမောင်းရ ခက်မယ့်ပုံကြီး"

"ဒါဆို ဒီည မေကြီး ဆီရောက်ပါ့မလား"

"မရောက်တော့လည်း မနက်စောစောတော့ ဝင်မှာပေါ့ကွာ... သူများတွေအထင်လွဲရအောင်လည်း ကိုယ်နဲ့အချစ်က မကြာခင် လက်ထပ်တော့မယ်ဆိုတာ မေကြီး ရော အချစ်တို့ ပတ်ဝန်းကျင်ကပါ သိနေကြတာပဲ"

"သိနေကြပြီးမှ မယူဖြစ်မှာစိုးရိမ်နေတာ"

http://www.cherrythitsar.org


"ကဲ ဒါဆိုလည်း မနက်ဖြန် မေကြီး ကိုခွင့်တောင်းပြီးရုံး မှာလက်မှတ်ဝင်ထိုးမယ်"

"ဟင် 'ကိုအောင့်' ဘက်က လူကြီးမိဘတွေလည်းပါမှ ဖြစ်မှာပေါ့"

"ဒါက ဒုတိယအစီအစဉ်လေ... ချစ်လေးမယုံဘူးဆိုလို့ ယုံကြည်အောင် သက်သေပြချင်တာလေ"

"ရပါတယ် 'ကိုအောင့်' မိဘတွေခေါ်လာပြီး အရင်စေ့စပ် လည်းဖြစ်ပါတယ်... လက်ထပ်တာကို မေကြီး နဲ့ရက်ကောင်း ရက်မြတ်ရွေးပြီး 'ကိုအောင့်' ဘက်က မိသားစုတွေလာနိုင်မယ့် အချိန်နဲ့ညှိပြီးလုပ်ကြတာပေါ့"

နှင်းရောမိုးပါကျပြီး မှောင်မည်းလာသဖြင့် ကားအသွား အလာမရှိသလောက် ကျဲပါးသွားသည်။

ရှေ့ကကားလုံးဝမလာသလို နောက်ကကျော်တက်မည့် ကားလည်းမရှိ။

" 'ကိုအောင်' ရေ... ရှေ့မမြင်နောက်မမြင်နဲ့ တော်ကြာ ဂျောက်ထဲတွေဘာတွေကျနေဦးမယ်... ရှေ့မှာတွေ့မယ့်ရွာဖြစ် ဖြစ် လူနေစိပ်တဲ့နေရာမှာ ကား နားထားလိုက်ပါလား"

"ချစ်လေး အရမ်းကြောက်နေရင်လည်း နေရာကောင်း

http://www.cherrythitsar.org


ကောင်းတွေ့ရင်ရပ်လိုက်မယ်”

“ဒုတ် ဒုတ် ဂလုပ် ဂလုပ်”

“ဟင် နောက်ကားဘီးကဘာသံပါလိမ့်”

‘လဝန်း’ မျက်လုံးက ပြူးကျယ်ဝိုင်းစက်နေပြီး…

“ဒုတ် ဒုတ် ဒိုင်း”

“အံမယ်လေး သေပါပြီ”

ကားမီးရောင်ကြောင့် တောင်စွန်း၊ တောင်ချွန်းများကို ရှောင်ပြီး မြေပြန့်မည့်နေရာကိုမှန်းစကာ ကားကိုထိုးရပ်လိုက်ရသည်။ ကား၏နောက်ဘီး ပေါက်သွားခဲ့ပြီ။

“သွားပါပြီ”

‘လဝန်း’က ကားဆိုဖာကို ပျော့ခွေစွာမှီချရင်း ငိုချင်သလို အသံဖြင့် ညည်းတွားလိုက်ခြင်းဖြစ်သည်။

“ချစ်လေးသိပ်ပြန်ချင်ရင် ‘ကိုအောင်’ ကားဘီးပြောင်း သွားတတ်လိုက်မယ်”

“အို အပြင်မှာမိုးတွေလည်းရွာ နှင်းတွေလည်းကျတဲ့အပြင် ဘာအလင်းရောင်မှရှိတော့တာ မဟုတ်ဘူး… ‘လဝန်း’ က လည်း ဘာမှကူညီနိုင်တာမဟုတ်ဘူး… မြွေပါးကင်းပါးနဲ့… တော်ကြာ အချမ်းတက်ပြီးဖျားနေပါ့မယ်… ကားဘီးတပ်ပြီး

ခရီးဆက်လည်း နောက်ထပ်ဘာဖြစ်ဦးမယ်မသိဘူး… ကံမကောင်းရင် ဂျောက်ထဲပြုတ်ကျဦးမှာ… ဒီမှာပဲ ခဏနားလိုက် ပါ… မနက်အလင်းရောင်ကောင်းကောင်းရမှ စောစောထွက်ကြတာပဲကောင်းပါတယ်… ”

‘ထွန်းအောင်ကျော်’ က ကားအတွင်းလင်းနေအောင် မီးထွန်းပေးထားသည်။

“မီးမထွန်းနဲ့လေ… တော်ကြာ အမူးသမားတို့လူဆိုးတွေမြင်သွားရင် လာရမ်းနေဦးမယ်… မှောင်ထဲမှာထိုင်နေတာပဲ အန္တရာယ်ကင်းတယ်”

“မကြောက်ဘူးလား”

“ ‘ကိုအောင်’ ရှိနေတာပဲ”

“ ‘ကိုအောင်’ ကိုရော မကြောက်ဘူးလား”

“ ‘ကိုအောင်’ နော်”

သူမ ခေတ္တငြိမ်ကျသွားသည်။

အသက်ရှူသံပြင်းပြင်းကိုတော့ ကြားနေရသည်။

“ဂလုံး ဂလုံး ဝုန်း”

မိုးခြိမ်းသံနှင့်အတူ မိုးကြိုးပါပစ်ချလိုက်ပံရသည်။

အလင်းတန်းကြီးတစ်ခုကိုလည်း တွေ့လိုက်ရပါသည်။

"အံမယ်လေး"

'လဝန်း' ၏ ကိုယ်လုံးလေး 'ထွန်းအောင်ကျော်' ၏ရင်ခွင်ထဲ ဝုန်းကနဲရောက်ချလာပါတော့သည်။ တုန်တုန်ရီရီဖြစ်နေသော သူမ၏ကိုယ်လုံးလေးကို 'ကိုအောင်' က တင်းကျပ်စွာပွေ့ဖက်ရင်း ကလေးငယ်တစ်ယောက်ကိုချော့သလို ကျောပြင်ကို ပုတ်ပေးနေမိပါသည်။

နောက်တစ်ချက် လျှပ်စီးလက်သောအခါ မျက်လုံးကိုစုံမှိတ်ထားသော 'လဝန်း' က ပတ်ဝန်းကျင်ကို ဘာမှမမြင်လိုက်သော်လည်း မလှမ်းမကမ်းရှိတောင်ပတ်လမ်းတွင် ကုန်ကားကြီးတစ်စီးတုံးလုံးလဲနေသည်ကို မြင်လိုက်ရသည်။ သူမသိလျှင်ကြောက်နေမည်စိုး၍ ပြောမပြတော့။

"'ကိုအောင်'"

"ပြော အချစ်လေး"

"မနက်ကျရင် နေမြင့်မှပဲပြန်ကျရအောင်နော်"

"ဟော တစ်မျိုးဖြစ်သွားပြန်ပြီ"

"ခုလို လမ်းမှာတစ်ညအိပ်ခဲ့တယ်ဆိုတာကို မေကြီးလည်းမသိစေချင်ဘူး... ပတ်ဝန်းကျင်ကိုလည်း မသိစေချင်ဘူး ဒီနေ့ပြန်ခဲ့မယ်ဆိုတာ ဘယ်သူမှမသိဘူးဆိုတော့ နက်ဖြန်ပုံမှန်

အချိန်ပဲ ဝင်နိုင်ရင်ပြီးတာပဲ”

“သဘောပဲလေ”

‘လဝန်း’ တစ်ယောက် ပတ်ဝန်းကျင် အထင်အမြင်သေးမှာကြောက်၍ အစီအစဉ်တွေအမျိုးမျိုးဆွဲနေပါသော်လည်း ဒီနေ့ညအဖို့တော့ ‘ထွန်းအောင်ကျော်’ ၏ ကားလေးအတွင်း ‘ထွန်းအောင်ကျော်’ ၏ရင်ခွင်တွင်းမှ တစ်ဖဝါးမှမခွာရှိနေရပြီ။

မိုးတိတ်သွား၍ အပေါ့အပါးသွားချင်တာတောင် ‘ထွန်းအောင်ကျော်’ ကိုသက်တော်စောင့်၊ ထီးတော်မိုးတစ်ဖဝါးမှမခွာရှိနေစေခဲ့သည်။

ကြောက်လန့်မှု၊ နီးကပ်မှု၊ နီးစပ်မှု၊ လွတ်လပ်မှုတွေကနွေးထွေးမှု၊ ယုယမှုတွေကို ဖန်တီးပေးနိုင်သလို စောစောကပူပန်မှုရှက်ရွံ့မှု၊ စိုးရိမ်မှုတွေကိုလည်း မေ့ပျောက်စေခဲ့ပါတော့သည်။ ‘လဝန်း’ တစ်ယောက် သည်မိုးမှောင်တုန်း ချစ်သူ၏လက်ခုပ်ထဲကရေဖြစ်ခဲ့ပြီလေ။

# ၇

"မကြေး ကိုစေ့စပ်ဖို့ကိစ္စ တစ်ခါတည်းပြောခဲ့လိုက်တော့ မယ်နော်"

မျက်နှာပုပ်ပုပ်လေးဖြင့် မျက်နှာလွှဲထားသော 'လဝန်း' ကို တစ်လမ်းလုံးချော့၍မရ။ စကားမပြော၊ ဘာမှမစားဘဲ အရှက်လွန်နေသူ 'လဝန်း' ကို တစ်မျိုးပြီးတစ်မျိုးပြောင်း၍ချော့နေရသည်။

" 'ကိုအောင်' တမင် အကွက်ဆင်နေတယ်လို့ထင်တာလား… ဒါဆိုလည်း 'ကိုအောင်' ကျိန်ပြောဝံ့တယ်… 'လဝန်း' တို့ဆီကအပြင်ကျရင် ကားမှောက်ပြီးဂျောက်ထဲပြုတ်ကျပြီးသေ

http://www.cherrythitsar.org


ပါစေ”

“အို ရှင်တော့ရော ‘လဝန်း’ က အပျိုစင်ပြန်ဖြစ်ရောတဲ့လား... လွယ်လွယ်ရရင် လူတွေကတန်ဘိုးမထားချင်ကြဘူး... စော်ကားချင်ကြတယ်... ဘာပဲဖြစ်ဖြစ် တကယ်အပြစ်ရှိတာက ‘လဝန်း’ ပါ... တကယ်ဆိုကိုယ့်မြို့ကကားနဲ့ ကိုယ်ပြန်လို့ရရဲ့သားနဲ့ စိတ်ကိုအလိုလိုက်လို့ ခုလိုအယုံသွင်းခံထိတာ”

“ ‘လဝန်း’ စကားတွေကမချစ်ဘဲ ကြောရယုံကြိတဲ့လူကို ပြောနေသလိုပဲ... ကိုယ်တို့ကအမြန်ဆုံး လက်ထပ်မယ့်လူတွေလေ”

“သိပ်မှန်တာပေါ့... ခုတော့ စေ့စပ်ဖို့လည်းမဖြစ်နိုင်တော့ပါဘူး... ရှင့်မိဘတွေခေါ်တာကနောက် မေကြီး ဆီရောက်တာနဲ့ရပ်ကွက်လူကြီးတွေအကြောင်းကြားပြီး တရားရုံးမှာတစ်ခါတည်းလက်ထပ်သွားလိုက်တော့”

“ဟုတ်ကဲ့ အချစ်လေးစိတ်ချမ်းသာသလိုသာ စီစဉ်ပါ... အားလုံးဖြစ်စေရပါ့မယ်”

မိမိဘာပြောပြော ခေါင်းညိတ်နေတတ်သော ချစ်သူခင်ပွန်းလောင်းကို ‘လဝန်း’ က အံ့သြသလို အကြာကြီးစိုက်ကြည့်နေပြီးမှ ဝမ်းနည်းဝမ်းသာဖြစ်ပြီး ငိုပါတော့သည်။

"ဟောဗျာ ဘာဖြစ်လို့ငိုရတာလဲ အချစ်လေးရာ... 'ကိုအောင် နဲ့အမြန်ဆုံးအတူတူနေရတော့မှာကို... ငိုစရာလား... တိတ် တိတ်... ငိုထားတဲ့မျက်နှာကြီးနဲ့ဆို မေကြီး ရိပ်မိသွားလိမ့်မယ်"

ကားကိုထိုးရပ်ပြီး ပွေ့ဖက်ချော့မော့ရပြန်သည်။

"'ကိုအောင့်' အိမ်က သဘောမတူရင်ကော"

"ဩော် ဒါကိုစိုးရိမ်နေတာလား... သဘောမတူလည်း ကိုယ်တို့လက်ထပ်ပြီးရင် သူတို့ဘာမှမတတ်နိုင်ပါဘူး"

"သဘောတူရင်တော့ ပိုကောင်းတာပေါ့... ဧည့်ခံပွဲတွေ ဘာတွေလုပ်တော့ မလာဘဲနေရင် 'လဝန်း' ပဲ မျက်နှာငယ်ရမှာ သတင်းစာထဲကနေ သားအဖြစ်ကစွန့်တာတို့ သဘောမတူဘူး ဆိုပြီး ကြေငြာရင်ကော"

"အရေးကြီးတာက 'ကိုအောင်' နဲ့ 'လဝန်း' အတူတူနေကြရဖို့ပဲမဟုတ်လား"

"ဟင် 'ကိုအောင်' ပြောလိုက်တိုင်း အဲ့ဒီစကားကြီးပဲ... ဘာလဲ 'ကိုအောင့်' အိမ်က သဘောမတူဘူးလို့ ပြောထားလို့လား"

"ခုလို လက်ထပ်ဖို့မြန်မြန် ဆုံးဖြတ်လိုက်တာ ဒီမနက်

မှမဟုတ်လား... 'လဝန်း' နဲ့ကိုယ်နဲ့တွဲရိုက်ထားတဲ့ ဓါတ်ပုံ လေးခုလောက်ဆို အိမ်ရောက်သွားလောက်ပြီ... စေ့စပ်ပေးဖို့ တော့ စာထဲထည့်ရေးပေးလိုက်တယ်"

"အိမ်မှာတယ်လီဖုန်းရှိတာပဲ မဟုတ်လား... ဒီပုံစံအတိုင်းဆို စေ့စပ်ဖို့မလိုတော့ဘူးလေ"

" 'ကိုအောင်' ကလည်း စကားကုန်ပြောထားတာပါ... အိမ်ကဖျက်ရင်တောင် 'ကိုအောင်' ကတော့ ဘယ်တော့မှမဖျက်ဘူးလို့ 'လဝန်း' ကိုသိစေချင်တာပါ"

'လဝန်း' ပုံစံက နဂိုအတိုင်း ကျောက်ရုပ်ပြန်ဖြစ်သွားပြန်သည်။

တေမိ ပြန်ဖြစ်သွားသည်။

မေကြီး က ခြံတံခါးကိုဖွင့်ပြီး ဝရံတာမှကြိုနေခြင်းဖြစ်သည်။ ခါတိုင်းလို အူယားဖါးယား ရယ်ရယ်မောမောမကြိုဆိုသဖြင့် 'လဝန်း' တို့အကြောင်းသိနေလောက်ပြီထင်သည်။

"မနေ့က မနက်တည်းကထွက်လာပြီး ဘာကြောင့် ဒီမနက်မှရောက်လာကြတာလဲ"

"လမ်းမှာကားပျက်နေလို့ပါ အန်တီ"

"မင်းတို့ ဘာဖြစ်တယ် ဘယ်သွားတယ် ဘယ်မှာအိပ်

http://www.cherrythitsar.org


တယ်ဆိုတာကို ဒီရပ်ကွက်ထဲက သိနေကြပြီဆိုရင်ကော”

“ဟုတ်ပါတယ် ဒီလိုသွားပုပ်လေလွင့်တွေ ပြောမယ်ဆို တာသိလို့ ‘လဝန်း’ ရဲ့အရှက်နဲ့သိက္ခာကိုကာကွယ်တဲ့အနေနဲ့ ကျွန်တော် ရုံးမှာလက်မှတ်ထိုးလက်ထပ်သွားပါ့မယ်”

“လက်မှတ်ထိုးတာကတော့ ဟုတ်ပါပြီ… မင်းဘက်က အသိသက်သေတော့ ပါဦးမှလေ… ဆေးရုံကဆရာဝန်မိတ်ဆွေ နှစ်ယောက်လေခေါ်လိုက်လေ”

“ဒီကို သူတို့လိုက်လာဖို့က ဆန္ဒရှိကြဦးမှလေ… ကျွန် တော့်အမေကို ခေါ်ပေးပါ့မယ်… အမေမလိုက်နိုင်ရင်တောင် အဒေါ်အပျိုကြီးတွေတော့ ပါလာမှာပါ”

“မင်းအမေက သုံးလေးရက်အတွင်း ရောက်လာနိုင်တယ် ထားဦး… မင်းက ခွင့်တင်ခဲ့တာမှမဟုတ်ဘဲ… ဒီနေ့ပြန်ရမှာ မဟုတ်လား”

‘ဒေါ်ရင်မြင့်’က နီမြန်းသောမျက်နှာကြီးဖြင့် မေးခြင်းဖြစ် သည်။

“ဟုတ်ကဲ့”

“ကဲ မပြောကောင်းမဆိုကောင်း မင်း ပြန်မဆက်သွယ် ရင်ကော ပြန်ရောက်မလာရင်ကော… ငါ့တူမလေး ဒီအရပ်မှာ

ဘာဖြစ်သွားမယ်ထင်သလဲ”

‘လဝန်း’ က ခေါင်းငုံ့၍ငိုနေလေပြီ။

“ဒါဆိုလည်း အန်တီနဲ့ ‘လဝန်း’ မန္တလေးကိုလိုက်ခဲ့ပြီး ဟိုမှာပဲ လက်မှတ်ထိုးရင်ကော… ဒီကရပ်မိရပ်ဖနှစ်ယောက် လောက်ခေါ်သွားမယ်လေ… ကားလည်းပါလာတာပဲ… အပြန် လည်းပြန်လိုက်ပို့ပေးမှာပဲ”

“ဒါဆိုရင်တော့ မဆိုးပါဘူး… ဒါပေမဲ့ ညှော်ခံပွဲလုပ်ဖို့က ရော”

“ခုပုံစံအတိုင်းဆိုရင်တော့ သုံးခါလုပ်ရမယ့်ပုံပဲ… ဒီမှာ ရယ် မန္တလေးမှာရယ် ရန်ကုန်မှာရယ်ပေါ့”

“တခြားမှာလုပ်တာမလုပ်တာကိုတော့ မတောင်းဆိုပါ ဘူး… ဒီမှာတော့ စည်စည်ကားကားလေးလုပ်ပေးစေချင်တယ်”

“စိတ်ချပါ ဒါဆို အန်တီ ရပ်မိရပ်ဖနှစ်ယောက်လောက် ကို မန္တလေးလိုက်ခဲ့ဖို့ဖိတ်ခေါ်လေ… တစ်နာရီလောက်တော့ အချိန်ရပါတယ်”

“အေး အေး”

‘ဒေါ်ရင်မြင့်’ ပုံစံကချက်ချင်းပြောင်းလဲသွားခဲ့ပြီးသွက် လက်ပေါ့ပါးစွာ ပြေးလွှားပြင်ဆင်နေပါသည်။

http://www.cherrythitsar.org


ကားမောင်းရင်း တစ်ခါတစ်ခါ 'ထွန်းအောင်ကျော်' မျက်နှာက တင်းမာသလိုဖြစ်သွားတတ်သည်။

'အန်တီဒေါ်ရင်မြင့်' နှင့် 'လဝန်း' တို့တူဝရီးနှစ်ယောက် မိမိကို အမိဖမ်းခြင်းမဟုတ်ပါလား။

မိမိကိုမယုံကြည်၍ မန္တလေးကိုပင် တစ်ဦးတည်းပြန်ခွင့် မပေးတော့ပါလား။

ညက မိမိတို့နှစ်ဦး ကားဘီးပေါက်ပြီး အနားယူအိပ်စက်ခဲ့သောနေရာကိုရောက်ခဲ့ပြီ။ 'လဝန်း' ကိုနောက်ကြည့်မှန်မှလှမ်းကြည့်မိသည်။ သူမကလည်း မိမိကိုစိုက်ကြည့်နေပါသည်။

မိမိနှင့်မျက်လုံးခြင်းဆုံတော့ မျက်လွှာချသွားခဲ့သည်။

"ဒါဆို ကျုပ်တို့ပြန်ရင် 'လဝန်း' ကိုထားခဲ့မှာလား"

အိမ်နီးခြင်းနေထိုင်သူ 'ဦးဘလှ' က မေးခြင်းဖြစ်သည်။

"လောလောဆယ် ကျွန်တော်က မိတ်ဆွေအိမ်မှာနေနေတုန်းဆိုတော့ ဝန်ထမ်းအိမ်ရရင်တော့ ဒီမှာခေါ်ထားမှာပေါ့... မရသေးရင်တောင် ဧည့်ခံပွဲလုပ်ပြီးရင်တော့ ဒီမှာတိုက်ခန်းငှားပြီး နေချင်လည်းနေမယ်"

"မင်းလက်ထဲအပ်ပြီးမှတော့ မပူတော့ပါဘူးကွယ်"

" 'မရင်မြင့်' က သူတို့နဲ့လိုက်မနေဘူးလား"

http://www.cherrythitsar.org


"လောလောဆယ်တော့ မနေသေးပါဘူးလေ... ကလေးတွေဘာတွေများလာလို့ ကူစေချင်တယ်ဆိုရင်တော့ ကူပေးရမှာပေါ့... ရန်ကုန်မှာပဲ သွားနေလိုက်တော့မယ်"

" 'လဝန်း' ရဲ့အမေကိုကော မင်္ဂလာပွဲအတွက်မခေါ်တော့ဘူးလား"

"မခေါ်တော့ပါဘူး... ဒီကလေးကို သူကမွေးယုံပဲမွေးခဲ့တာ... ဘာတာဝန်မှယူခဲ့တာမဟုတ်ဘူး... သူကခေါ်ထားမယ်ဆိုရင်လည်း ကိုယ်ကမပေးပါဘူး... ပထွေးနဲ့ဆိုတော့မသင့်တော်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် အမေဆိုတော့ ခေါ်သင့်တာပေါ့"

'ဦးဘလှ' ၏စကားကို လက်မခံသည့်အပြင် 'ဒေါ်ရင် မြင့်' ကခက်ထန်သောမျက်နှာဖြင့်...

"သူ့အဖေ မသေခင်က ကတိပေးလိုက်ရတယ်...'လဝန်း' နဲ့သူ့အမေကို လုံးဝဆက်သွယ်ခွင့်မပေးဖို့လေ"

"ဪ အမေဟာအမေပဲလေ... သူ့မွေးလို့လူဖြစ်လာရတာကိုး... အမေဟာ ကောင်းချင်မှကောင်းမယ်... ဒါပေမဲ့အမေဆိုတာ ကိုယ့်သားသမီး ဆင်စီးပြီးမြင်းရံတာကိုမြင်ရရင်ဝမ်းသာပီတိဖြစ်ကြရတာမဟုတ်လား... ကိုယ့်သားသမီးမဟုတ်ပေမယ့်

'လဝန်း' ခုလို ဆရာဝန်ကတော်ကြီးဖြစ်တာကိုမြင်တော့ ကျုပ်တို့တောင် ပီတိဖြစ်သေးတာ... သူ့အမေ"

"တော် တော် 'ကိုဘလှ'... ရှင့်ကို အိမ်နီးချင်းမို့ခင်လွန်းလို့ခေါ်လာခဲ့တာ... လက်စသတ်တော့ ရှင်က သူ့အမေဘက်ကကိုး... ရှင်တို့ရပ်ကွက်ထဲ နို့စို့ကလေးလေးကို နို့ဗူးတိုက်ပြီးချေးကအစနေ့စဉ်ကြိုးခဲ့ရာက ကနေ့အသက်နှစ်ဆယ်ကျော်အရွယ်ရောက်တဲ့အထိ ပြုစုပေးနေတဲ့ ကျွေးမိခင်ရဲ့စေတနာမေတ္တာကိုတော့ ရှင် အသိအမှတ်မပြုဘူးလား... အမေအရင်းထက်ကောင်းတယ်လို့ မမြင်ဘူးလား... မွေးမထုတ်ယုံတမယ်ပဲရှိတာရှင့်... မွေးပြီးမပြုစုချင်လို့ ရှာမကျွေးချင်လို့ ဟိုလူ့ပေးဒီလူ့ပေးလိုက်တဲ့ မိခင်အရင်းတွေထက် ကျွန်မတို့လို ဖြူစင်တဲ့မေတ္တာရှင်တွေကမှ ပိုပြီး လေးစားဖို့ကောင်းတာပါ"

'လဝန်း'က အသံတုန်တုန်ဖြင့် ဒေါသနှောပြီးပြောနေ သောကြီးဒေါ်၏ ပခုံးကိုလှမ်းဖက်ရင်း လက်ဖဝါးလေးနှင့်ပုတ် ၍ သတိပေးလိုက်သဖြင့် 'ဒေါ်ရင်မြင့်' ပါးစပ်ပိတ်သွားပါသည်။

"ကဲ သတို့သားအမေက သတို့သမီးအမေပါလာမှဖြစ်မှာဆိုရင်ကော"

ဒါတောင် 'ဦးဘလှ' က အထွန့်ထပ်တက်နေသေး၏။

http://www.cherrythitsar.org


"အဲ့သလိုမှဆိုရင်လည်း ဒီပွဲကိုလည်း ဖျက်လိုက်ယုံပဲရှင့်"

'ဒေါ်ရင်မြင့်' အသံကကျယ်ပြီး မာနေပါသည်။

"ခင်ဗျားရဲ့မေတ္တာစေတနာက ဒီနေရာမှာမဖြူစင်ဘူးလေ ခင်ဗျားရဲ့မာနတစ်ခု အငြိုးတစ်ခုအတွက် ကိုယ့်တူမလေးဘဝ ကို ဖျက်လိုက်သလိုဖြစ်သွားမှာပေါ့… ကိုယ့်တူမကိုတကယ်ချစ် တယ်ဆိုရင် သူ ဆင်းစီးပြီးမြင်းရုံဖို့အတွက် ခင်ဗျားကဆင်းနင်း ပြီး မြင်းအကန်လည်းခံနိုင်ရမယ်လေ"

"'မောင်အောင်' ကားရပ်လိုက်စမ်းပါ… ဒီလူကိုကားပေါ် က ဆင်းခိုင်းလိုက်စမ်းပါ… လက်စသတ်တော့ သူကငါ့ကိုမနာ လိုဖြစ်နေတာကိုး… ငါက မြွေပွေးကိုမှ ခါးပိုက်ပိုက်လာမိတာ ကို"

'လဝန်း' ကကြီးဒေါ်ကို ဒေါသမကြီးစေလိုသည့်မျက်လုံး များနှင့်မျက်ရည်ဝဲရင်း စိုက်ကြည့်နေသလို 'ထွန်းအောင်ကျော်' ကလည်း…

"အန်တီတို့က တစ်ယောက်နဲ့တစ်ယောက် စကားနိုင်လု သလိုဖြစ်သွားကြတာပါ… ဘာပဲဖြစ်ဖြစ် အန်ကယ့်ကိုယုံကြည် လေးစားလို့ ကိုယ်ကစဖိတ်ခေါ်လာတာပဲလေ… သည်းခံလိုက် ပါ အန်တီရယ်"

http://www.cherrythitsar.org


"အို ငါကကောင်းရင် ခေါင်းပေါ်ရွက်ချင်ရွက်ထားမယ် မကောင်းရင်တော့ တက်ကိုနင်းပစ်ချင်တာ… မင်းသူ့ကိုမဆင်း စေချင်ရင် ငါ ဆင်းနေခဲ့မယ်… သူ့ကိုပြန်ပို့လိုက်… ငါဆေးရုံ ရှေ့မှာ မင်းတို့ကိုစောင့်နေမယ်"

လူကြီးတွေရန်ဖြစ်နေကြ၍ လူငယ်နှစ်ယောက် ဒုက္ခ ရောက်နေကြရသည်။

ရပ်မိအဖြစ်ခေါ်လာသူ 'ဒေါ်တင်စိန်' ဖျောင်းဖျတောင်း ပန်မှ ရန်ပွဲသိမ်းသွားတော့သည်။

'ထွန်းအောင်ကျော်' က 'လဝန်း' တို့လေးယောက်တည်း ခိုရန် ဟိုတယ်တွင်စီစဉ်ပေးသည်။ လေးယောက်ခန်းတစ်ခန်း၊ နှစ်ယောက်ခန်းတစ်ခန်း။ 'ဦးဘလှ' နှင့် 'ထွန်းအောင်ကျော်' က တစ်ခန်း၊ အမျိုးသုံးယောက်က တစ်ခန်း။

'လဝန်း' တစ်ယောက် အရင်ကလို မျက်လွှာမချနိုင်တော့ ပါ။ အချစ်နယ်ကျွံမိခဲ့ပြီဖြစ်၍ ချစ်သူခင်ပွန်းလောင်းနှင့်စကား တွေပြောချင်နေသည်။ တပူးတွဲတွဲနေချင်မိသည်။

"'မောင်အောင်' ရေ…"

"ဗျာ"

"အန်တီတို့အားလုံးက လူလွတ်တွေကြီးပဲဆိုတော့ ဒီမှာ

သုံးလေးရက်နေလို့ဖြစ်တယ်ကွဲ့... ရန်ကုန်နဲ့မန္တလေးဆိုတော့ သွားရလာရအဆင်ပြေနေပြီပဲ... မင်းအမေကိုပါခေါ်လိုက်ပါလား... ဒီမှာလည်း လေးယောက်ခန်းဆိုတော့ နေရာတစ်နေရာပိုနေတာပဲ"

ထိုစကားကြောင့် 'ကိုအောင့်' မျက်နှာနည်းနည်းတင်းသွားသည်ဟု 'လဝန်း' ထင်မိသည်။

မေကြီး ဘက်က တောင်းဆိုတာများနေလို့လား၊ မှားနေလို့လား။ မိန်းကလေးရှင်ဆိုတော့လည်း ပိုတိကျခိုင်မာစေချင်တဲ့ ဆန္ဒနေမှာပေါ့လေ။ ဒါကို 'ကိုအောင်' က ဘာကိုစိတ်တိုစရာလိုပါသနည်း။

"အဲ့သလိုလုပ်ရင် ကောင်းမလားစဉ်းစားနေတာပါပဲ... ကဲအားလုံးအနားယူကြဦးနော်... ကျွန်တော်ဆေးရုံကိုခဏသွားလိုက်ဦးမယ်... စီစဉ်စရာရှိတာတွေ စီစဉ်လိုက်ဦးမယ်"

'လဝန်း' ကိုပင် နှုတ်မဆက်ဘဲ ထွက်သွားသဖြင့် ရင်ထဲတင်းကနဲဖြစ်သွားပြီး နောက်မှပြေးလိုက်သွားမိသည်။

" 'ကိုအောင်'..."

ဓါတ်လှေကားခလုတ်ကိုနှိပ်ပြီးမှ 'ကိုအောင်' က လှည့်ကြည့်သည်။

http://www.cherrythitsar.org


"ဘာလဲ 'လဝန်း' "

"မေကြီး စကားက စိတ်ဆိုးစရာပါနေလို့လားဟင်"

"ကိုယ့်ကိုကြိုးတုပ်ပြီး ခိုင်းနေသလိုပဲ"

"တူမအတွက် စိတ်ပူလို့နေမှာပါ ကိုရယ်... စိတ်မဆိုးပါနဲ့နော်"

"တကယ်တော့ ကိုယ်ဟာ ရိုးသားပြီး ခပ်ထုံထုံခပ်အအ ထင်မိတဲ့တူဝရီးနှစ်ယောက်ရဲ့ အမိဖမ်းတဲ့ညှတ်ကွင်းထဲချည်ပြီး တုပ်ပြီးတော့ကို ဝင်တိုးမိတော့တာပဲ"

"ဟင် ဘယ်လိုပြောလိုက်တယ် 'ကိုအောင်'... ဘယ်လိုပြောလိုက်တာလဲဟင် ရက်စက်လှချည်လား"

'လဝန်း' တစ်ကိုယ်လုံးနတ်ဝင်သလို တဆတ်ဆတ်တုန်နေပြီဖြစ်သလို၊ မျက်ရည်တွေကလည်း ရေတံခွန်လိုတဝေါဝေါ စီးကျလာခဲ့ပါသည်။

"အီး ဟီး ဟီး... အစတည်းက ဒီလိုအထင်ခံရမှာစိုးလို့ သည်လိုအပြောခံရမှာ အစော်ကားခံရမှာစိုးလို့ 'လဝန်း' ဘယ်လောက်အထိ ဆင်ခြင်ခဲ့သလဲဆိုတာ 'ကိုအောင်' အသိဆုံးပါနော်"

" 'လဝန်း' ကိုပြောတာ မဟုတ်ပါဘူး... အန်တီ့ကိုပြော

http://www.cherrythitsar.org


တာ... အန်တီက..."

"တော် တော် မေကြီး ကိုမစော်ကားနဲ့... ခုလိုထိမြန်မြန်ကြီးဖြစ်သွားဖို့ မေကြီး လုံးဝမျှော်လင့်မထားဘူး... နောက်သုံးလေးလလောက်နေမှ ကိုယ့်မြို့မှာစည်စည်ကားကားလေးညှော်ခံပွဲလေးလုပ်ဖို့ သူ စိတ်ကူးယဉ်ထားတာ... ခုလို ရုတ်တရက်ကြီးလုပ်ဖြစ်ရတာကလည်း 'ကိုအောင့်' ကြောင့်ပဲ... ဘာဖြစ်လို့သူများသမီးပျိုကို နစ်မွန်းအောင်လုပ်ခဲ့သေးလဲ... 'လဝန်း' ငြင်းနေတောင်းပန်နေတဲ့ကြားက 'ကိုအောင်' အနိုင်ကျင့်ခဲ့တာမဟုတ်လား... မိုးခြိမ်းသံတွေ မိုးပေါက်တွေကိုကြောက်လို့ ကားထဲကမဆင်းဝံ့တဲ့ 'လဝန်း' ဟာ ရှင်စိတ်ရိုင်းဝင်ပြီး ပန်းကောင်းတစ်ပွင့်ကို အညွန့်ချိုးပြီး အပွင့်ခြွေဖို့ကြိုးစားလာလို့ ကားထဲကဆင်းမပြေးခဲ့ဘူးလား... ရှင့်ကို ဒူးဖက်ပြီးမတောင်းပန်ခဲ့ဘူးလားရတယ်လေ... 'ကိုအောင်' ဆန္ဒမရှိရင် 'လဝန်း' လက်ထပ်ဖို့ကိစ္စကိုဖျက်ပေးမယ်လေ"

" 'လဝန်း' ကသာ ဒီစကားပြောနေတာ အန်တီကအခုဆိုအခုချက်ချင်း လုပ်ခိုင်းနေတာကိုရော"

"ဩော် ဒါကတော့ သူ တယုတယပြုစုပျိုးထောင်ပြီးအရိပ်တကြည့်ကြည့်နေခဲ့ထားခဲ့တဲ့ 'လဝန်း' ကိုနာမည်ပျက်မှာ

စိုးလို့ စိတ်ပူပြီးစီစဉ်တာပဲလေ... 'လဝန်း' အရမ်းအံ့ဩတယ် သိလား... 'ကိုအောင့်' မျက်နှာထားတွေ လေသံတွေဒီလိုပြောင်း လွဲသွားလိမ့်မယ်လို့ မထင်မိခဲ့ဘူး...ဘာလဲ အစတည်းကကြော ရယုံကြံဖို့ပဲ စိတ်ကူးရှိခဲ့တာလား"

ထိုစကားကြောင့် 'ထွန်းအောင်ကျော်' ခေါင်းငုံ့ပြီးအံ ကြိတ်နေပါသည်။ ချစ်သူ၏ပုံစံသည် ယနေ့မနက်ခင်းအချိန် ထိ တက်ကြွရွှင်လန်းနေပါသေးသည်။ မန္တလေးကိုအုပ်စုလိုက် လိုက်မည်ဟု စတင်စီစဉ်ချိန်မှစ၍ မကြာခဏ မကျေနပ်သလို မှုန်ကုပ်ကုပ်ဖြစ်သွားတတ်သည်။ တွေဝေစဉ်းစားသလိုကြီးလုပ် နေတတ်သည်။

ဟုတ်ပါပြီ။ သူ့အစီအစဉ်ထဲမှာ 'လဝန်း' ကိုယူဖို့အထိ စီစဉ်ထားပုံမရ။ စိတ်ကူးထားပုံမရဘူး ထင်ပါရဲ့။

" 'ကိုအောင်' အပြင်ခဏသွားလိုက်ဦးမယ်"

"ဟင် 'လဝန်း' ကို ထားပြီးသွားတော့မှာလား"

ချစ်သူ၏လက်နှစ်ဖက်ကိုဆုပ်ကိုင်ရင်း မော့ကြည့်ရင်း ရင်ခွင်ထဲတိုးဝင်ရင်း စိုးရိမ်ထိတ်လန့်စွာမေးနေသော 'လဝန်း' ၏ ကိုယ်လုံးလေးကို ယုယစွာထွေးပွေ့ရင်း...

"မင်းရဲ့ဖြူစင်ရိုးသားတဲ့ ရုပ်ရည်နဲ့စိတ်ဓါတ်ကို မောင်

http://www.cherrythitsar.org


လေးစားတယ်... ချစ်လည်းချစ်တယ်... မင်းစိတ်မပူပါနဲ့ ‘လဝန်း’... မင်းကြီးဒေါ်က ငါ့ခြေထောက်တွေကို ကြိုးနဲ့တုပ်နိုင်ပါတယ်... ငါ့ဦးနှောက်တွေကိုထုတ်ပြီး နင်းခြေမယ့်မိန်းမကြီးဆိုတာ ငါသိပြီးသားပါ”

သူ ဘာဖြစ်လို့ မေကြီး ကို ငြိုးနေတာပါလိမ့်။

မေကြီး ကို အတင်းတည့်အောင်ပေါင်းပြီး၊ လက်ဆောင်တွေပေးပြီး မျက်နှာအငယ်ခံပြီး ‘လဝန်း’ ကို သူ့ရင်ခွင်ထဲဆွဲသွင်းခဲ့ရခြင်းမဟုတ်ပါလား။ မေကြီး က သူ့ကိုစိတ်ချလက်ချချစ်ခွင့်၊ လက်ထပ်ခွင့်တွေ တန်းစီပြီးပေးနေပြန်တော့လည်း အပိုင်ဖမ်းသလိုလိုပြောနေပြန်သည်။ ဖြစ်နိုင်ရင်လေ ကိုယ့်ကိုဖျက်ဆီးပြီးမှ လက်ထပ်ရမှာကြောက်နေသည့် သည်လူကို ‘လဝန်း’ မာနနှင့် မုန်းမေ့ပစ်လိုက်ချင်ပါသည်။

ခုတော့ အိမ်နီးချင်းတွေလည်း သက်သေအဖြစ်ပါလာကြသဖြင့် ကိုယ့်အရှက်ကိုယ်ခွဲသလိုဖြစ်တော့မည်။

“ကိုယ်ပြန်လာခဲ့ပါ့မယ် စိတ်ချပါ... မငိုနဲ့နော်”

ပါးပြင်ကိုအနမ်းဖြင့်နှစ်သိမ့်ပြီး ခါတ်လှေကားစီးပြီး သူဆင်းသွားခဲ့ပြီ။ မိမိ အခန်းတွင်းသို့ မပြန်ချင်သေးသဖြင့် သူ့ကို မှန်ပြူတင်းမှရပ်ကြည့်နေမိပါတော့သည်။

# ၈

“ ‘ဒေါက်တာထွန်းအောင်ကျော်’ နဲ့ စကားပြောချင်လို့ပါရှင်”

“ဟုတ်ကဲ့ ဘယ်သူ့လို့ပြောပေးရပါ့မလဲ”

“ဪ ‘ဒေါ်မေမေထွန်း’ လို့ပြောပေးပါ”

‘ဒေါက်တာထွန်းအောင်ကျော်’ က ဂျူတီကုတ်တလွင့်လွင့်ဖြင့် နားကျပ်ကိုလက်တွင်ထုတ်ကိုင်ရင်း ပြေးလာပါသည်။

“ ‘ကျော်’ ပြောနေတာပါ မေမေ”

“အရေးကြီးလို့ကွဲ့... သား အချိန်ရရဲ့လား”

http://www.cherrythitsar.org


"ရပါတယ် မေမေ ပြောပါ"

"ဒီလိုသား… မင်းညီဆီက အမြန်ချောနဲ့စာတစ်စောင် ရောက်လာတယ်… စာထဲမှာသိပ်လှတဲ့ ကောင်မလေးတစ်ယောက်ရဲ့ဓါတ်ပုံလည်းပါတယ်… ကောင်မလေးနဲ့ 'ဇော်' နဲ့ တွဲရိုက်ထားတဲ့ ဓါတ်ပုံလည်းပါတယ်"

"ဒါများအဆန်းလုပ်လို့ မေမေရယ်… သူ ဒီလိုလုပ်နေကြပဲ… လွန်လွန်ကျွံကျွံမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရမှာပေါ့ သူ့ကိုပြန်ခေါ်လိုက်ဦးလေ… ဒီမှာလည်း ကျွန်တော့်နာမည်သုံးပြီး ကောင်မလေးတွေနဲ့ တွဲနေပုံရတယ်"

"သားကြီးရဲ့… အခုစာထဲမှာပါတဲ့ ကောင်မလေးက မန္တလေးမှာ တွေ့တာတဲ့လေ… နာမည်က 'လဝန်း' တဲ့"

"ဟုတ်တယ် အဲ့ဒီကောင်မလေးရဲ့ အဒေါ်ဆေးရုံလက်တက်တုန်းက 'ကျော်' တွေ့ဖူးလိုက်တယ်… တော်တော်လေးကို ချောတယ်… ချောတယ်ဆိုတာထက် တခြားမိန်းကလေးတွေနဲ့ မတူတဲ့ဆံပင် ကိုယ်ဟန် မျက်လုံးအကြည့် အပြင်အဆင်ကွဲပြွေ ပေါ့လေ… "

"ဟင် သားကြီးကလည်း တော်တော်သိနေပါလား"

"ကျွန်တော်နဲ့အရင်တွေ့တာ… ဒါပေမဲ့ ကျွန်တော့်ကို

http://www.cherrythitsar.org


ဆေးရုံလာပို့ရင်း 'လဝန်း' နဲ့သူတွေ့သွားတာဖြစ်မယ်... တစ်ခါတည်း တန်းတန်းစွဲဖြစ်ပြီး ကောင်မလေးနေတဲ့ အရပ်အထိ လိုက်သွားခဲ့တာ ... တစ်ပတ်တစ်ခါ သွားနေတော့တာ... သူဘယ်သူ့ကိုကြိုက်ကြိုက် ဘယ်ကိုသွားသွား ကျွန်တော်နဲ့မဆိုင်ဘူးလေ... ခက်နေတာက ဒီတစ်ခါ ကျွန်တော့်နာမည်ကိုသုံးပြီး အဲ့ဒီ ကောင်မလေးအိမ်ကို ဝင်ထွက်နေတာပဲ... သိတဲ့အတိုင်း သူနဲ့ကျွန်တော်ကလည်း မိသားစုတောင် ရုတ်တရက်ခွဲလို့ရတာမဟုတ်ဘူးဆိုတော့ ကောင်မလေးအသိုင်းအဝိုင်းကလည်း ကျွန်တော်လို့ပဲ ထင်ကြတာပေါ့"

"အေး အခုလည်း အမေ့ဆီကို ခါတ်ပုံပါပို့ပြီး ဒီကောင်မလေးကိုတော့ သူ တကယ်လက်ထပ်တော့မယ့်အကြောင်းရေးထားတယ်... စေ့စပ်ပေးဖို့ပြောနေတယ်"

"လာစေ့စပ်ပေးလိုက်ပါ မေမေရာ... ဒီကောင် ခဏခဏသွားနေတော့ ကောင်မလေးဘက်ကလည်း တောင်းဆိုမှာပေါ့"

"မေမေကလည်း ကောင်မလေးကို ခါတ်ပုံထဲမှာမြင်ယုံနဲ့ စိတ်ဝင်စားမိတယ်လေ... သားငယ်ကလည်း တစ်ခါမှမိန်းမယူတော့မယ်ဆိုပြီး မရည်ရွယ် မပူဆာခဲ့ဖူးဘူး... ရည်းစားထည်လဲထားပြီး ပွေချင်သလိုပွေ တေချင်သလိုတေနေခဲ့ရာက ဒီတစ်

http://www.cherrythitsar.org


ခါတော့ ခြေငြိမ်သွားပြီမို့ တကယ်ဝမ်းသာနေတာလေ… ဒါပေမဲ့…”

“ဒါပေမဲ့ ဘာဖြစ်လို့လဲ မေမေ”

“မနက်က တယ်လီဖုန်းလာလို့ သွားကိုင်လိုက်တော့ ‘သိန်းဟန်ဦး’ ဖြစ်နေတယ်… ငွေညှစ်ပြန်ပြီ သားကြီးရယ်”

“ဟာ ပေးပြီးပြီပဲမဟုတ်လား”

“ဟုတ်တယ်… ငါးဆယ်တောင်တောင်းတာ… မင်းအဖေ မသိအောင်ပေးလိုက်တယ်… အခု ထပ်တောင်းပြန်ပြီ မပေးရင် ခါတ်ပုံပြပြီး ရဲကိုတိုင်မယ်တဲ့… ပြီးတော့ သူ့ညီမမှာလည်းကိုယ်ဝန်ရှိနေလို့ တာဝန်ယူရမယ်တဲ့”

“ဟာ အဓိပ္ပါယ်မရှိတာ… သူ့ညီမက လူတကာနဲ့လိုက်လိုက်သွားတာပဲ”

“အေးကွယ် မေမေလည်း စိတ်ညစ်ပြီးထူပူနေပြီ… မင်းညီကို ပြောပြလို့ဖြစ်ပါ့မလား … ‘ဇော်’ က ငွေထပ်ညှစ်ရင် ‘သိန်းဟန်ဦး’ ကို သူကိုယ်တိုင်သတ်ပစ်မယ်တဲ့… ခုလို သူ့ညီမကိုပါ ယူခိုင်းမယ့်ကိစ္စကိုသိရင် ပိုဒေါသထွက်မယ်ထင်တယ်… နောက်ပြီး ပြောသေးတယ်… ကိုကြီး မန္တလေးပြောင်းရတာကိုလည်း သူ သိတယ်တဲ့… ‘ကိုငယ်’ မန္တလေးမှာ ခပ်ချောချော

http://www.cherrythitsar.org


ကောင်မလေးနဲ့ တွဲနေတာလည်း သူသိတယ်တဲ့... သူ့ညီမနဲ့ ကိစ္စနဲ့ လူသတ်မှုကြံရာပါကိစ္စကို ရဲမတိုင်စေချင်ရင် သိန်းတစ်ရာပေးရမယ်တဲ့”

“ဟာ ဒီကောင် ငွေလုပ်တဲ့စက်များ ရှိတယ်ထင်နေသလား မသိဘူး”

“အေးလေ မေမေကတော့ သူ့ဆီကဓါတ်ပုံရအောင်ပြန်တောင်းပြီး ကောင်မလေးကိစ္စလည်း ငွေနည်းနည်းပါးပါးပေးပြီးနောက်နောင် ငွေရေးကြေးရေး အရှုပ်အရှင်းမရှိတဲ့အကြောင်း စာချုပ်လက်မှတ်ထိုးခိုင်းပြီး အပြတ်ဖြတ်လိုက်ချင်တော့တာပဲ မင်းအဖေသိရင် ရှက်လွန်းလို့ ချက်ချင်းအသက်ထွက်သွားနိုင်တယ်... မေမေ့မှာလည်း အမြဲ အထိတ်တလန့်လန့်နဲ့ ဘယ်တော့ဘာလုပ်ပါ့မလဲလို့ ပူနေရတာ”

“မေမေက သူတောင်းတိုင်း ကြောက်ပြီးပေးပေးနေလို့ ဒီကောင်ငွေညှစ်နေတာ... ကဲ ဓါတ်ပုံတော့ပေးပါရဲ့... ဖလင်ရှိနေရင်ကော အကောင်းဆုံးက မေမေတို့မိတ်ဆွေထဲ ရဲမင်းကြီးတွေဘာတွေနဲ့တိုင်ပင်ပြီး ခြိမ်းခြောက်ခံနေရတဲ့အကြောင်း တိုင်ပင်ကြည့်ရင်ကော”

“အံမယ်လေး မလုပ်ပါနဲ့... မေမေတို့မိတ်ဆွေရဲမင်းကြီး

က လာဘ်မစားတတ်ဘူး... အဂတိမလိုက်စားဘူး... ပြီးတော့ အဲ့သလိုလုပ်လိုက်ရင် 'သိန်းဟန်ဦး' က ဟိုးလေးတကျော်ကျော် ဖြစ်အောင် အရှက်ခွဲပစ်မှာပေ့ါ"

"ဟော ပြောရင်းဆိုရင်း အမေ့သားလာနေပြီ"

"ဟုတ်လား ဟိုကိစ္စတွေကို ပြောမပြလိုက်နဲ့ဦးနော်"

အနားရောက်လာပြီဖြစ်သော 'ထွန်းအောင်ဇော်' က...

"ကိုကြီး နဲ့ဆွေးနွေးစရာရှိလို့"

"ပြီးတော့ဆွေးနွေးတာပေါ့ အခုလောလောဆယ် မေမေ နဲ့ဖုန်းစကားပြောလိုက်ဦး"

"ဟာ မေမေလား အတော်ပဲ... ကျွန်တော်လည်းမေမေ့ဆီ ဖုန်းဆက်တော့မလို့ဘဲ... မေမေ မန္တလေးကို နှစ်ရက်လောက် လာလို့မရဘူးလား"

"ဘယ်တော့လာရမှာလဲ"

"ဒီည မလာနိုင်ရင်တောင် မနက်ရထားနဲ့ လာခဲ့ပေးပါ လား"

"ဟဲ့ လောလိုက်တာ... ဘာကိစ္စရှိလို့တုန်း"

"မေမေ့ဆီ စုံတွဲရိုက်ထားတဲ့ ဓါတ်ပုံရောက်လား"

"အေး ရောက်တယ်"

"အခု သူနဲ့လက်ထပ်ရတော့မယ်"

"ဟဲ့ မြန်လှချည်လား... အခုမှ ကြိုက်တာဆို"

"ဟုတ်တယ် နဂိုကတော့ စေ့စပ်ဖို့လောက်အထိပါပဲ... ဒါပေမဲ့ မနေ့က သူစာမေးပွဲဖြေပြီးအပြန် လမ်းမှာကားပျက်လို့ တစ်ညအိပ်လိုက်ရတယ်... အဲ့ဒီဖြစ်ရပ်အတွက် သူ့အုပ်ထိန်းသူက ချက်ချင်းလက်ထပ်ခိုင်းတာ"

"ဟင် မင်းထပ်ပြီး အချည်ခံနေရပြန်ပြီပဲ"

"ဒါက တကယ်ယူရတော့မှာ... နဂိုတည်းကလည်း 'လဝန်း' ကိုအတည်ယူပြီး မေမေနဲ့အဖော်ရအောင် ထားပေးမလို့... သူက သိပ်လိမ္မာရေးခြားရှိတာ... ဒါပေမဲ့ သူ့အဒေါ်ကအမိဖမ်းသလိုကြီး ခုချက်ချင်း ယူခိုင်းနေလို့ စိတ်ပျက်နေတာ"

"ဒါကတော့ မိန်းကလေးရှင်ဘက်က စိတ်ပူတာထုံးစံပဲလေ... မင်းကိုက မီးပုံထဲဝင်တိုးတာကိုး... မီးပုံတွေတစ်ပုံပြီးတစ်ပုံတိုးနေတော့ မင်းပဲ အပူဒဏ်ကိုခံရတယ်မဟုတ်လား မင်းကိုမွေးခဲ့မိတာ ငါ့မှာ တစ်ရက်မှစိတ်မအေးခဲ့ရဘူး"

"နောက်ဆို မေမေ စိတ်အေးရမှာပါ... 'လဝန်း' နဲ့လက်ထပ်ပြီးရင် မေမေတို့စီးပွားရေးကို ကျွန်တော် ဦးစီးပြီးလုပ်ပေးမယ်"

http://www.cherrythitsar.org


"အေး မင်းက အပူဒဏ်ကိုမခံချင်တော့လို့ အိမ်ထောင်ပြု ပြီး အေးအေးဆေးဆေးနေဖို့ စဉ်းစားနေပေမယ့် မင်းရဲ့အတိတ်က အရိပ်တွေက ဒုက္ခပေးနေတုန်းပဲနော်... မနက်က 'သိန်းဟန်ဦး' ဖုန်းဆက်တယ်... ငွေညှစ်တယ် ပြီးတော့ သူ့ညီမကိုယူရမယ်တဲ့"

"ဟာ ဘာဆိုင်လို့လဲ... လုံးဝငွေမပေးနဲ့... သူ့ညီမကို ယူဖို့ကတော့ နောင်ဘဝတောင် မစဉ်းစားဘူး"

ထိုစဉ် 'ကိုကြီး' နှင့် 'ကိုယေ်' ဖုန်းပြောနေသည့် အခန်း ဝတွင် လူရိပ်မြင်သဖြင့် လှမ်းကြည့်သောအခါ 'ကိုယေ်' မျက်နှာ ပျက်သွားသည်။

" 'သိန်းဟန်ဦး' လွှတ်လိုက်လို့ပါ"

ညီဖြစ်သူ၏ ဇတ်ရှုပ်များ မန္တလေးအထိ ရောက်လာခဲ့ပြီး မိမိတာဝန်ကျသည့် ဧရိယာအတွင်းထိ လာပတ်သက်တာကို လုံးဝမကြိုက်သဖြင့်...

" 'ဇော်' မင်း ပြဿနာ မင်းအပြင်မှာသွားရှင်းကွာ ငါ့ ဆေးရုံက အပေါင်းအသင်းတွေ မရိပ်မိပါစေနဲ့"

'ထွန်းအောင်ဇော်' က ခေါင်းတစ်ချက်ညိတ်ပြပြီး ထိုလူ နှစ်ယောက်နှင့်ပါသွားသည်။

http://www.cherrythitsar.org


နာရီဝက်လည်းပေါ်မလာ၊ တစ်နာရီလည်း ပေါ်မလာသဖြင့် စိုးရိမ်သွားသည်။ ဆေးရုံပတ်ဝန်းကျင်တွင် နံ့နေအောင်ရှာသော်လည်းမတွေ့။ အနီးအနားရှိ စားသောက်ဆိုင်များတွင်လည်း မတွေ့ရသဖြင့် မိမိ မောင်းထုတ်လိုက်တာ မှားသွားပြီလားဟု နောင်တရနေမိသည်။

“ ‘ကိုအောင်’ ”

“ဟင်”

အခန်းဝမှာ ‘လဝန်း’ ကို မြင်ရသောအခါ ‘ဒေါက်တာထွန်းအောင်ကျော်’ လန့်သွားခဲ့သည်။ သရဲသဘက်ကိုမြင်ရသလို မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေပါသည်။

“တော်ပါသေးရဲ့... ‘ကိုအောင်’ နဲ့ဒီမှာမတွေ့ရင် ‘လဝန်း’ တော့ ရူးသွားမယ်ထင်တယ်... ဂျူတီပြီးတဲ့အထိ ‘လဝန်း’ စောင့်နေမယ်နော်”

ပထမတော့ မိမိသည် ‘ဒေါက်တာထွန်းအောင်ကျော်’ ဟုတ်သော်လည်း ‘လဝန်း’ နှင့်ချစ်ခဲ့ ငြိစွန်းခဲ့ဘူးသောသူမဟုတ်ကြောင်းရှင်းပြမလို့ပါပဲ။ သို့သော် မိသားစုတောင် တစ်ခါတရံခွဲရခက်သော မိမိတို့အမွှာညီအစ်ကိုအကြောင်း သိမထားသော ‘လဝန်း’ က ယုံမည်မဟုတ်။

http://www.cherrythitsar.org


ပြီးတော့ 'ကိုငယ်' က သူ့ကိုယ်သူ 'ထွန်းအောင်ကျော်' ဆိုပြီး သူမတို့အိမ်ကို ဝင်ထွက်နေသူ။ လောလောဆယ်သူမကို အလိုက်သင့် ပြောဆိုဆက်ဆံပြီး ဆေးရုံအပြင်ရောက်မှ စားသောက်ဆိုင်တစ်ခုခု သို့မဟုတ် ကျုံးဘက်သို့ခေါ်သွားပြီး အကျိုးအကြောင်း ရှင်းပြရတော့မည်။

"ဒေါက်တာ တယ်လီဖုန်းလာတယ်"

မိခင်ကြီးဆီကလား၊ ဒါမှမဟုတ် 'ကိုငယ့်' ဆီကလား။

" 'ဦးထွန်းအောင်ကျော်' ပါလား ခင်ဗျာ"

"ဟုတ်ပါတယ် အခုပြောနေတာ ဘယ်သူပါလဲ"

"ကျွန်တော် 'သိန်းဟန်ဦး' ရဲ့မိတ်ဆွေပါ… စောစောက 'ကိုဇော်' ကိုလာခေါ်တဲ့လူပါ"

"ဟုတ်ကဲ့ပြောပါ"

" 'ကိုသိန်းဟန်ဦး' က သူတောင်းထားတဲ့ငွေနဲ့ သူ့နှမကိစ္စကိုရှင်းမပေးရင် 'ကိုဇော့်' ကို သတ်ပစ်မယ်တဲ့"

"ဟာ မင်းတို့တွေကလည်း ဒါရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးလေ… ငါက အလုပ်တစ်ဖက်နဲ့ကွ… ညကျမှပြန်ဆက်ပါလား… ဒီမှာ ဒီကိစ္စတွေမပြောချင်ဘူး"

"သိပ်အချိန်ဆွဲလို့မရတော့ဘူးဗျ… 'ကိုသိန်းဟန်ဦး' က

http://www.cherrythitsar.org


ငွေကိုအမြန်ဆုံးလိုချင်နေတာ... သြော် ရော့ ရော့ ခင်ဗျားညီနဲ့ စကားပြောလိုက်ပါဦး”

“ ‘ကိုငယ်’ လား... ဒီမှာ မင်းအမျိုးသမီးရောက်နေတယ် ခေါ်ပေးရမလား”

“ ‘ကိုကြီး’ အဲ့ဒီကိစ္စကို ‘ကိုကြီး’ ပဲ ခဏဟန်ဆောင်ပြီး သူတို့စိတ်ကျေနပ်အောင် လုပ်ပေးလိုက်စမ်းပါ... ကျွန်တော့်ကို သူတို့ဖမ်းထားကြပြီ”

“ဟာ အဓိပ္ပါယ်မရှိတာကွာ... ဒါ ဟန်ဆောင်ရမယ့်ကိစ္စ မှမဟုတ်တာ... ‘သိန်းဟန်ဦး’ လိုချင်တဲ့ငွေကို မေမေနဲ့တိုင်ပင် ပြီး ထုတ်ပေးမယ်ကွာ”

“ငွေကိစ္စက ညှိလို့ရတယ်ထားဦး... သူ့ညီမကိစ္စတော့ ကျွန်တော်လုံးဝ တာဝန်မယူနိုင်ဘူး... သူတို့က အတင်းလက် ထပ်ခိုင်းနေတာ ... ပြီးရင် မေမေတို့စီးပွားရေးကိုပါ ဝင်ချယ် လှယ်ချင်နေတဲ့သဘောရှိတယ်... ‘သိန်းဟန်ဦး’ ကိုအပြတ်ရှင်း မှကိုဖြစ်တော့မယ်”

“ဟာ ထင်တာတွေလျှောက်မလုပ်နဲ့လေ... သူ့လူတွေ အနားမှာရှိနေတာလေ”

“ရတယ်...သူတို့ကိုတစ်ယောက် လေးငါးသိန်းပေးလိုက်

ရင် သူတို့ကလွှတ်ပေးလိုက်မယ်တဲ့… ကျွန်တော့်လက်ရေးနဲ့ မှတ်ပုံတင်နံပါတ်နဲ့ပါတဲ့စာဆိုရင် တစ်ယောက်ကိုငါးသိန်းဆီ ထုတ်ပေးဖို့ မေမေ့ကိုပြောပေးစမ်းပါ… ပြောတဲ့အတိုင်းမလုပ် ရင် သူတို့လက်က ကျွန်တော်လွတ်မှာမဟုတ်ဘူး”

“ဟော့ကောင် ငါပြောတာ နားထောင်ဦး… မင်းထင်ရာ လျှောက်လုပ်မနေနဲ့… တောနက်ရင်ထွက်ရခက်တယ်နော်… ‘သိန်းဟန်ဦး’ ကိစ္စကို ငါတို့ဝိုင်းရှင်းပေးမယ်…ညီလေး ညီလေး ဟာကွာ ဒီကောင်ဖုန်းချပစ်ရတယ်လို့”

‘ထွန်းအောင်ကျော်’ တစ်ယောက် ခေါင်းပေါ်မှဆံပင်များ ထောင်ထလာသည်အထိ စိုးရိမ်သောကတွေ ဖြစ်နေရတော့၏။

အမိဝမ်းဗိုက်အတွင်း ဆယ်လခန့်အတူအောင်းပြီး နာရီ ပိုင်းခြား၍မွေးဖွားလာသော အမြွှာညီအစ်ကိုဖြစ်ပြီး ရုပ်ချင်းခွဲမ ရအောင်၊ အရုပ်အမောင်း၊ အသားအရည်ကအစ တူညီပါသော် လည်း စိတ်နေစိတ်ထားကတော့ လုံးဝကိုမတူပါ။

နာရီပိုင်းသာခြားသည့် အစ်ကိုဖြစ်သော်လည်း လေးငါး နှစ်ကြီးသည့် အစ်ကိုကြီးပမာ၊ မိမိကသာ အရှုံးပေးနေရသည်၊ အလိုလိုက်နေရသည်။ သူလုပ်သမျှ၊ ပြဿနာမှန်သမျှငယ်ငယ် တည်းက ရှင်းနေခဲ့ရသူ။

http://www.cherrythitsar.org


ယခုလိုကြီး သူ့ရည်းစား သူ့မိန်းမကိုတော့ မိမိကဟန်ဆောင်ပြီး လက်ထပ်ပေးဖို့အထိတော့ မိမိ အလိုမလိုက်နိုင်ပါ။ မကူညီနိုင်ပါ။ ဒါက နှလုံးသားကိစ္စ၊ တစ်သက်လုံးရင်ဆိုင်ရမည့်ကိစ္စ။

မိမိအပြင်ထွက်လာသောအခါ 'လဝန်း' ကညှိုးငယ်သောမျက်နှာကို ဟန်လုပ်ပြုံးရင်း မတ်တပ်ရပ်၍ကြိုနေပါသည်။

http://www.cherrythitsar.org


# ၉

“ဒါ နောက်စရာမဟုတ်ဘူး မောင်…မောင့်ပုံစံက ဒီအချိုးချိုးချင်မှန်း ‘လဝန်း’ သိတယ်”

‘ထွန်းအောင်ကျော်’ ၏ အမြွာကိစ္စကို ‘လဝန်း’ က လက်မခံ။

ငိုသံကြီးဖြင့် အံကြိတ်ပြီး မယုံကြောင်း မဖြစ်နိုင်ကြောင်းသာ တွင်တွင်ပြောနေတော့သည်။

“မင်း မယုံရင် ကိုယ်ငှားနေတဲ့တိုက်ခန်းကိုလိုက်ခဲ့ ကိုယ်တို့ညီအစ်ကိုတွဲရိုက်ထားတဲ့ ဓါတ်ပုံတွေရှိတယ်”

http://www.cherrythitsar.org


"အို ဘာပုံရှိရှိ မယုံဘူးဆို မယုံဘူး... ခုမှ ဟိုလွှဲဒီလွှဲတွေ လျှောက်လွှဲမနေနဲ့... ကဲ တကယ်အမြွာရှိနေတယ်ဆိုရင် ခေါ်ပြလေ"

အဲ့ဒါမှပြဿနာ။ သည်လိုမှန်းသိလျှင် စောစောက 'ကိုငယ်' ကို အပြင်မလွှတ်ခဲ့ပါ။ ခုတော့ မိမိလုပ်ငန်းခွင်တွင်လာ ရှုပ်တာမကြိုက်၍ အပြင်လွှတ်လိုက်မိကာမှ စူဠလိပ်ရေထဲလွှတ်သလိုဖြစ်ခဲ့ပြီ။

'ကိုငယ်' ကိုယ်တိုင် ညွှတ်ကွင်းကလွတ်ချင်၍ မိမိကိုပြဿနာတွေတစ်ပုံကြီးကြားတွင် ထားခဲ့ပြီလား။

ဒီလိုအချိုးမျိုး၊ ဒီလိုပုံစံမျိုးတွေလုပ်ခဲ့တာ အကြိမ်ပေါင်းများခဲ့ပါပြီ။ အရင်တုန်းက ကိစ္စတွေက ငွေနဲ့အချိန်နဲ့ရှင်း၍ရသည်။

ယခုလုပ်ထားသည့် ပြဿနာကတော့ အထုပ်နဲ့အထည်နဲ့အုပ်နဲ့သင်းနဲ့ထားခဲ့ခြင်း။ ပြီးတော့ မိမိနာမည်သုံး၍ မိန်းမပျိုတစ်ယောက်ကို လှည့်စားခဲ့ခြင်း၊ ကျူးလွန်ခဲ့ခြင်း။

'ထွန်းအောင်ကျော်' ၏ ဖြူသန့်ချောမောသော မျက်နှာမှာ ချက်ချင်းအိုသွားခဲ့သည်။ ခေါင်းပေါ်မှဆံပင်များကိုလည်း ကုတ်ဖွထားသဖြင့် ရှုပ်ပွနေပြီ။

"မောင်"

'လဝန်း' က ချစ်စဖွယ်မျက်နှာ၊ ကြည်လင်သောအသံလေးဖြင့်ခေါ်ရင်း 'ထွန်းအောင်ကျော်' ၏ပေါင်ပေါ်သို့သူမ၏လက်ဖဝါးလေးကိုဖိ၍ နီးကပ်စွာ ပြောင်းထိုင်လိုက်ခြင်းဖြစ်သည်။

တစ်ကိုယ်လုံးခါတ်လိုက်သလို တဆတ်ဆတ်တုန်သွား ပြီး 'လဝန်း' ၏မျက်နှာကို အစိမ်းသရဲမျက်နှာမျိုးဖြင့် စိုက်ကြည့်နေသဖြင့် 'လဝန်း' က ရှိုက်ကြီးတငင်ငိုရင်း...

"မောင် အဲ့သလောက်ဖြစ်နေတာ မြင်ရတော့ 'လဝန်း' လုံးဝကိုမဆက်ဆံချင်တော့ဘူး... သိပ်စိတ်နာတယ်သိရဲ့လား ဒါပေမဲ့ အခုကိစ္စက 'လဝန်း' တစ်ယောက်တည်းနဲ့ပြီးတဲ့ကိစ္စမဟုတ်ဘူးလေ... မကြီး က မောင့်သဘောထားနဲ့ စရိုက်ကိုသိပုံရတယ်... ဒါကြောင့် တစ်ခါတည်း စီစဉ်ပြီးလိုက်လာခဲ့တာဖြစ်မှာ"

"ခဏနေဦး... တို့အမေဆီ ဖုန်းဆက်လိုက်ဦးမယ်"

"ဟင် ဘယ်သွားမလို့လဲ... ထားပြီးလစ်သွားမလို့လား 'လဝန်း' ကိုလှည့်စားလို့ရချင်ရမယ်... မကြီး ကိုတော့ရမှာမဟုတ်ဘူးနော်... ရပ်မိရပ်ဖတွေလည်း ပါလာတာဆိုတော့ ပြီးစ

http://www.cherrythitsar.org


လွယ်လုပ်ဖို့မစဉ်းစားပါနဲ့"

'ထွန်းအောင်ကျော်' က အံ့ကြိတ်သလိုလုပ်နေပြီးမှ...

"ဖုန်းတောင်သွားဆက်ခွင့် မရှိဘူးလားကွာ"

"ဟိုတယ်ကျမှဆက်လေ... ဟိုမှာလည်း ဆက်လို့ရတာပဲ"

"ဟာ ဒီကိစ္စတွေကို မင်းတို့က လက်မှမခံတာ ငါ့အမေနဲ့တိုင်ပင်မှဖြစ်မှာ"

"ဒါဆိုလည်း မေကြီး ဆီကို ဖုန်းဆက်ပြီးပြောပေးဦး... မိုးချုပ်မှရောက်မယ်လို့"

ဖုန်းခေါ်ပေးပြန်တော့လည်း...

"အင့် မောင်နဲ့ပြောချင်လို့တဲ့"

ဖုန်းကိုင်လိုက်သည်နှင့်...

"'မောင်အောင်' လား...မင်းနဲ့ဆိုရင်တော့ စိတ်မပူပါဘူးကွယ်... ဘယ်အချိန်မှပြန်ပြန်... ဩော် မင်းအမေဆီဖုန်းဆက်လိုက်ဦးနော်... အမြန်လိုက်ခဲ့ဖို့လေ... ဟိုတယ်မှာသုံးလေးရက်ကြာနေရင် မင်းတို့ပဲ ပိုက်ဆံကုန်နေမှာစိုးလို့ပါ"

"ဟုတ်ကဲ့ အခုပဲ ဆက်တော့မလို့ပါ"

မိမိငှားထားသောအိမ်ကို မသွားတော့ဘဲ အဝေးပြေးဖုန်း

တစ်ခုမှ အိမ်ကိုဖုန်းဆက်ရတော့သည်။

“အဲ့ဒါပဲမေမေရေ... အခြေအနေတွေကတော့ ရှုပ်ထွေးကုန်ပြီ... မေမေ့သားလုပ်ပုံကြောင့် ကျွန်တော်က ထောင်ချောက်ထဲရောက်သွားခဲ့ပြီ... မေမေ အမြန်သာလိုက်လာခဲ့ပါတော့... မနက်စောစော ထွက်လာခဲ့နိုင်မလား... အိမ်ကကားနဲ့ပဲလာမလား”

“× × × × ”

“ကျွန်တော် လာကြိုမယ်”

ညကိုးနာရီခန့်ရှိပြီဖြစ်သော်လည်း သူမတို့အုပ်စုတည်းခိုသည့် ဟိုတယ်သို့မသွားချင်သဖြင့် အချိန်ဆွဲနေမိသည်။

“ကျုံးဘေးမှာ လေကောင်းလေသန့်ရှူရင်း လမ်းဆင်းလျှောက်ရအောင်”

“သဘောပဲလေ”

“ငါ စဉ်းစားထားတာတစ်ခုရှိတယ်”

“ဟင်”

“မင်းလူက စောစောကလေးကတင် အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ခရီးထွက်သွားခဲ့တာ... မင်းချစ်သူ အင်းပေါ့လေ မင်းရဲ့ခင်ပွန်းပဲ သဘောထားလိုက်ပါတော့... သူ ပြန်မရောက်လာခင်

http://www.cherrythitsar.org


တော့ မင်းတို့ကိစ္စကို ငါ ဟန်မပျက်ဝင်စီစဉ်ပေးထားမယ်… မင်းတို့လည်း မျက်နှာမပျက်ရအောင်ပေါ့”

ထိုစကားကို လက်မခံချင်သဖြင့် ‘လဝန်း’ က မှုန်ကုပ်ကုပ်စိုက်ကြည့်နေပါသည်။ ‘ထွန်းအောင်ကျော်’ က…

“အေးပေါ့လေ… အခုလို မင်းမကျေမနပ်ဖြစ်နေတာက ‘ကိုငယ်’ နဲ့ ငါနဲ့နှစ်ယောက်ယှဉ်တွဲပြီး မတွေ့ရလို့ပါ… တွေ့လိုက်ရရင် မင်းစိတ်ရှင်းသွားမှာပါ”

“ဒါဆိုလည်း သူ့ကိုခေါ်ပေးလေ… ခေါ်မပေးနိုင်တာကိုက ရှင် ရှုပ်နေတာ”

“မင်း မယုံရင်စုံစမ်းကြည့်… ငါ့မှာအမွှာညီအစ်ကိုရှိတယ်ဆိုတာ ငါနဲ့တာဝန်ကျတဲ့ ဆရာဝန် ဆရာမတချို့သိတယ်”

“ခက်တော့တာပဲ… ဒါဆိုလည်း သူ့ကိုလည်းခေါ်ပေးလေ… မေကြီး ကို အကျိုးအကြောင်းရှင်းပြရဦးမှာလေ… ဒါနဲ့ သူက ဘာစီးပွားလုပ်တာလဲ… ဆရာဝန်လုပ်တာလဲ”

“မဟုတ်ဘူး… ရိုးရိုးဘွဲ့ပဲရတာ…အလုပ်လည်းမယ်မယ်ရရမလုပ်ဘူး … မိဘပိုက်ဆံထိုင်ဖြုန်းပြီး ပြဿနာရှာနေတဲ့ကောင်”

“မေကြီး က ရှင်ပြောတာကို ယုံမှာမဟုတ်ဘူးလေ…

http://www.cherrythitsar.org


မေကြီး အသိအမှတ်ပြုထားတာက 'ဒေါက်တာထွန်းအောင်ကျော်' ကိုပဲလေ... မေကြီး နဲ့ စကားပြောကြည့်ချင်လည်းကြည့်လေ"

'ထွန်းအောင်ကျော်' အတော်စိတ်ပျက်သွားသည်။

"ကဲ ကဲ မင်းကိုပြန်ပို့ပေးမယ်... မနက်ကျမှ ဘူတာမှာငါတို့အမေကိုသွားကြိုပြီး မင်းတို့ဆီလာခဲ့မယ်"

"ညာတော့မညာနဲ့နော်"

"ညာတာကတစ်ယောက်ကွ... မင်းတို့မိန်းကလေးတွေ သိပ်အညှာလွယ်လွန်းတယ်"

"ဘာမှအညှာမလွယ်ဘူး... 'လဝန်း' နောက်ကိုအရူးလိုတကောက်ကောက်လိုက်ပြီး တန်းတန်းစွဲဖြစ်ခဲ့တာ 'ဒေါက်တာထွန်းအောင်ကျော်' ဆိုတဲ့လူမှန်း ရပ်သိရွာသိ... အဆောင်ကလဲသိတယ်... ဒီဆေးရုံမှာ မေကြီး ဆေးရုံတက်တုန်းကလည်းရှင် 'လဝန်း' ကို ခဏခဏခိုးကြည့်တာရော ခဏခဏပြုံးပြတာရော"

"ဒါတော့ကွာ ကိုယ့်လူနာတိုင်းကို ဒီအတိုင်းပဲပြုံးပြတတ်ပါတယ်... ခိုးကြည့်တယ်ဆိုတာကတော့ အပျိုချောချောလေးတစ်ယောက်ကို ကိုယ့်လိုငယ်ရွယ်သေးတဲ့ လူပျိုတစ်ယောက်

မပြောနဲ့ သားမယားရှိပြီးသားလူကြီးတွေလည်း ခိုးကြည့်မိကြမှာပဲ ... သိပ်ရုပ်ဆိုးဆိုးကြီးတွေမြင်ရင် ကြောက်စရာရွံ့စရာကောင်းလို့ ကြည့်မိတတ်သလို ချောချောလှလှတွေမြင်ရင်လဲ မျက်စေ့အေးလို့ဆိုပြီး ကြည့်မိတတ်ကြတာပဲ”

“ ‘လဝန်း’ ဘက်ကလည်း ဆေးရုံပေါ်မှာတွေ့ခဲ့ရတဲ့ ဆရာဝန်မျက်နှာနဲ့လူက ကိုယ့်နောက်တမ်းတမ်းစွဲ နေ့ရောညရော အလိုက်ခံရတဲ့လူလေ... တစ်နေ့ ဒီလိုဖြစ်လာမှာစိုးလို့ ကိုယ့်ရုပ်ကိုယ်ရှာမသိအောင် တည်းခိုခန်းကနေ သုံးနာရီလောက်ကြီး ခြေရာဖျောက်ခဲ့တာ တည်းခိုခန်းကစာရေးသိတယ်... သွားမေးကြည့်... ရှင် မရှူးသေးဘူးဆိုရင် မှတ်မိဦးမှာပါ”

“သေလိုက်ပါတော့ကွာ... ကဲ ကဲ ရှင်းပြလည်းမရတော့ မင်း အဆင်ပြေအောင်တော့ လုပ်ပေးရမှာပဲ... မနက်ကျရင်ငါ့အမေရောက်လာမှာပဲ”

‘လဝန်း’ ကတော့ ‘ထွန်းအောင်ကျော်’ ၏ အပြောအဆိုအမူအယာတွေကို မျက်လုံးပြူးကြီးဖြင့် မယုံသလိုအကဲခတ်နေဆဲပါ။

မေကြီး က ‘လဝန်း’ မျက်နှာကိုကြည့်ပြီး...

“ဘာဖြစ်လို့လဲ... မျက်နှာလည်းမကောင်းပါလား ငါသိ

http://www.cherrythitsar.org


တယ်... ဒီကောင့်ပုံစံ အချိုးပြောင်းသွားမှန်း”

ကြီးဒေါ်က ထိုကဲ့သို့ပြောလေသောအခါ ‘ထွန်းအောင်ကျော်’ မိမိကိုအတည်မယူချင်သဖြင့် ညာနေသည်ဟုသာတရားသေမှတ်ထားမိပါတော့သည်။

အိပ်ခန်းထဲတွင် သူစိမ်းတစ်ဦးရှိနေသဖြင့် ‘လဝန်း’ ခမြာ ‘ထွန်းအောင်ကျော်’ ၏လှည့်ကွက်ကို ဖွင့်မပြောသာဘဲ မိုးလင်းသည်အထိ တစ်ပိန်ပိန်တစ်လိန်လိန်ဖြင့် စောင့်နေရသည်။

မေကြီးလည်း အိပ်ပျော်ပုံမရပါ။ မိုးလင်းသည်နှင့် အခန်းပြင်ခဏထွက်ပြီး အကျိုးအကြောင်းပြောပြသောအခါ...

“အိုး ဒါမျိုးတွေရိုးနေပြီ... အသက်ငါးဆယ်အရွယ်ဆို တာလောကအကြောင်း နှောကြေအောင်သိနေတဲ့အရွယ်ဟဲ့... ငါ့ကိုဒါမျိုးလာမစမ်းနဲ့... ပွဲကြမ်းသွားမယ် ဟွန်း ဟွန်း”

မေကြီး က အံတဂျစ်ဂျစ်ကြိတ်ရင်း လက်သီးဆုပ်၍ပြောနေခြင်းဖြစ်သည်။ မျက်ရည်တွေလည်းဝဲနေသဖြင့်...

“မေကြီး ရယ်... သိပ်ဒေါသမဖြစ်ပါနဲ့နော်... ဟိုတစ်ခါလိုမူးလဲနေပါဦးမယ်... ‘လဝန်း’ ရဲ့ကံကြမ္မာကိုက မကောင်းခဲ့တာပါ... ‘လဝန်း’ ရော မေကြီး ရော အလိမ်ခံလိုက်ရတာပါ”

“ငါ့သမီးမှာ အပြစ်မရှိပါဘူး... မေကြီး ရဲ့အပြစ်ပါ ကိုယ့်

တူမကောင်းစားစေချင်တာလေး တစ်ခုပဲကြည့်မိတာ…ဒီအရွယ် ရောက်တာတောင် လူကဲခတ်မတတ်တာ မေကြီး ရဲ့ညံ့ဖျင်းမှု ပါ”

“မဟုတ်ဘူး မေကြီး မှာလည်း အပြစ်မရှိပါဘူး ‘လဝန်း’ ရဲ့ကံကိုကမကောင်းတာပါ … လူတစ်ထောင်မှာတောင် တစ်ယောက်မဖြစ်နိုင်တဲ့ ဒီအမြွာဆိုတဲ့လူတူနေတဲ့ကိစ္စက ‘လဝန်း’ နဲ့မှလာတိုးနေရတယ်လို့”

ထိုစကားကြောင့် မေကြီး က တူမဖြစ်သူကို အကြာကြီး စိုက်ကြည့်နေပါသည်။

“ဘာပဲဖြစ်ဖြစ် ဒီကိစ္စအတွက်လာတာ… ကိုယ့်ကိစ္စကိုယ် အောင်မြင်အောင်လုပ်ရမှာပဲ… ကိုယ်ကအတင်းလုပ်ယူတာ မဟုတ်ဘူး… နည်းနည်းလေးမှ အလျှော့မပေးနိုင်ဘူး… ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကိုယ့်ဘဝကရေတိမ်နစ်မှာ… နာမည်ပျက်မှာ… သူတို့သားကို သူတို့မထိန်းသိမ်းလို့ မဆုံးမလို့ လူတကာလိုက်ဖျက်ဆီးနေတာဖြစ်မှာပေါ့”

“ ‘လဝန်း’ တော့ မယုံဘူး မေကြီး ရာ… သူ ညာနေတာ ပဲဖြစ်မှာ”

“အင်းလေ သူ့အမေလာရင် ဘာပြောမလဲစောင့်ကြည့်ရ

မှာပဲ… ဘာတွေသက်သေလုပ်ပြမလဲ… ဘာတွေလုပ်ပြပြ ကိုယ့်ဘက်ကတော့ နောက်ဆုတ်လို့မရတော့ဘူး ဟန်မပျက်မင်္ဂလာပွဲဖြစ်အောင် လုပ်ခိုင်းရမှာပဲ… လုံးဝဟန်မပျက်စေနဲ့”

နဂိုကအေးတိအေးစက်နိုင်သော ‘လဝန်း’ တစ်ယောက် အချစ်နှင့်တွေ့ပြီး လန်းဆန်းတက်ကြွလာခဲ့သလို ပျော်ရွှင်ကြည်နူးခဲ့ရပါသည်။

သို့သော် ချစ်ရတစ်ရက်လွမ်းရက်တစ်ရာဆိုသလို တဒင်္ဂ ပျော်ရွှင်ကြည်နူးရသည်နှင့် မကာမိအောင် မျက်လှည့်အပြခံရသလို ဖြစ်နေပါပြီ။

“ဒေါက် ဒေါက် ဒေါက်”

“ ‘ဦးဘလု’ လား”

“မဟုတ်ဘူးခင်ဗျ… ကျွန်တော် ‘ထွန်းအောင်ကျော်’ ပါ… မေမေလည်းရောက်လာပါပြီ”

တူဝရီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်မျက်လုံးပြူးကြီးများဖြင့် လှမ်းကြည့်မိကြသည်။

“သွားဖွင့်ပေးလိုက်လေ”

‘လဝန်း’ တဒုန်းဒုန်းတဒိုင်းဒိုင်းမြည်နေသော ရင်ပတ်ကို ဒိုင်းလိုက်ကာပြီး ကြိုဆိုလိုက်ရသည်။

http://www.cherrythitsar.org


"အို မောင့် မေမေက ချောလိုက်တာ"

ရင်ထဲမှာပြောမိခြင်း ဖြစ်ပါသည်။

ဖြူဖွေးသန့်ရှင်းနေပြီး အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ခပ်ဝဝ၊ မျက်ခုံးမျက်လုံးတွေက နက်မှောင်ပြီး နှာတံပေါ်သဖြင့် တကယ့်မိန်းမချောကြီးပါပဲ။

နှုတ်ခမ်းလှလှကို ပြုံးထားရာမှ...

"အို ငါ့သမီးလေးက အရမ်းချောတာပဲကွယ်...ဒါကြောင့် သားကလောတာကိုး"

စိန်နားကပ်တဖျတ်ဖျတ်နှင့် ခပ်ပြုံးပြုံးလေးပြောလိုက်သောစကားများကြောင့် 'ဒေါ်ရင်မြင့်' တို့ အံ့သြသွားသလို၊ 'ဒေါ်တင်စိန်' ကလည်း ပါးစပ်အဟောင်းသားနှင့် ကြည့်နေပါသည်။

ဘာပဲဖြစ်ဖြစ် ကျေနပ်ရပါသည်။

မိမိတို့ခေါ်လို့ ရောက်လာခဲ့ပြီပဲ။

" 'ထွန်းအောင်ကျော်' ရဲ့ဖေဖေပါ လိုက်လာချင်တာ... ဒါပေမဲ့ ကျန်းမာရေးမကောင်းလို့ အိမ်မှာစပယ်ရှယ်နာ့စ်ခေါ်ထားရတယ်လေ... ဒါကြောင့် မင်္ဂလာကိစ္စပြီးရင် 'လဝန်း' တို့တူဝရီးနှစ်ယောက်လုံး ရန်ကုန်ကိုပဲလိုက်လာနေဖို့ တပါတည်း

http://www.cherrythitsar.org


ခေါ်သွားချင်တာ… ညှော်ခံပွဲကိုတော့ သူ့အဖေအခြေအနေစိတ်ချရမှပဲ ပြန်လာလုပ်ကြတာပေ့ါ”

မသိသူများအတွက်တော့ အထင်ကြီးစရာကြီးပေ့ါ။

‘လဝန်း’ တို့အတွက်တော့ ‘ကိုထွန်းအောင်ကျော်’ တို့သားအမိ၏ လုပ်ဇာတ်ကိုဆက်ကဖို့ ကျိန်းသေသွားမှန်းသိလိုက်ရသော်လည်း တစ်လိမ်ပြီးတစ်လိမ် ဆက်လိမ်ကြတော့မည်ဆိုတာကို သိနေသလိုပါပဲ။

မိန်းမလှကြီး ဤမျှချိုသာယဉ်ကျေးနေပုံကိုထောက်လျှင် ‘ထွန်းအောင်ကျော်’ နှင့် စည်းဝါးရိုက်ထားပြီးမှန်း သိသာပါသည်။

“သမီးတို့ဘာတွေ စီစဉ်ထားကြသလဲ… မာမီ့သဘောအတိုင်းဆိုရင်တော့ မာမီလည်းဒီကိုရောက်နေမှတော့ မထူးပါဘူး… တောင်ပေါ်မှာပဲ တစ်ခါတည်း လိုက်စေ့စပ်ပေးမယ်… ဖြစ်ကတတ်ဆန်း မလုပ်ချင်ဘူး … စေ့စပ်တာလည်း ကောင်းကောင်းလေးပေ့ါ… သုံးလေးလလောက်နေမှ သားကြီးဖေဖေကိုပါခေါ်လာပြီး ခမ်းခမ်းနားနားလေး လက်ထပ်ပေးချင်တယ်… ဘယ်နှယ့်လဲ ကျေနပ်ကြလား”

“မနေ့တုန်းကတော့ ဒီမှာစေ့စပ်မယ်ဆိုလို့ ရပ်မိရပ်ဖ

http://www.cherrythitsar.org


တောင် သက်သေလုပ်ဖို့ခေါ်လာခဲ့သေးတယ်... ဒါက 'မတင်စိန်'... ဟောဟိုမှာ 'ဦးဘလှ'... 'မောင်အောင်' ရဲ့ဆရာဝန်မိတ်ဆွေသုံးလေးယောက်ခေါ်ပြီး ဒီမှာလည်း စေ့စပ်လည်းဖြစ်ပါတယ်"

'ထွန်းအောင်ကျော်' ပုံစံက သိပ်မကျေနပ်ချင်သော်လည်း မိခင်ကြီး 'ဒေါ်မေမေထွန်း' ကတော့...

"ဟုတ်လား ဒါဆိုပိုကောင်းတာပေါ့... သားကြီးအခုငှားနေတဲ့အိမ်လည်း ကျယ်ပါတယ်... မနက်ဖြန် ဖြစ်အောင်စီစဉ်လိုက်မယ်လေ... သားကဧည့်သည်တွေအတွက် ညနေစာစီစဉ်လိုက်မယ်လေ"

"ရပါတယ်... ကုန်းထက်မှာ ကြက်ဆီထမင်းနဲ့ရေခဲမုန့်မှာလိုက်မယ်... ဒါဆို ကျွန်တော် ဆေးရုံသွားလိုက်ဦးမယ်... ညနေဘယ်သူတွေလိုက်နိုင်မလဲ... ဘယ်နှစ်ယောက်စာ မှာရမလဲဆိုတာ သွားစီစဉ်လိုက်ဦးမယ်"

အံ့ဩပါရဲ့။ 'ကိုထွန်းအောင်ကျော်' ပုံစံက ခုတော့လည်း ပေါ့ပါးသွက်လက်နေပါလား။ လူကြည့်ကောင်းအောင်လုပ်ပြီး မိမိကို ဒီအတိုင်းပစ်ထားခဲ့မှာလား။ အင်း မေကြီး နဲ့ပညာပြိုင်ကြရတော့မှာပါပဲ။

# ၁၀

'ဒေါ်မေမေထွန်း' က သူ့ကိုယ်သူလည်း စိန်တွေ ညွတ်နေအောင် ဝတ်ဆင်သည်။ခရမ်းရောင်ဇာလက်ရှည် ခရမ်းရောင်ကြိုးကြီးချိတ်နှင့် ပုဝါကိုခြုံထားသေးသည်။

"ရော့ ဒါက သမီးဝတ်ဖို့"

တူဝရီးနှစ်ယောက်လုံး အံ့သြသွားသည်။

စိန်နှင့်နီလာကို မှန့်ကြိုးလိမ်လိုလိမ်ထားသော လည်ဆွဲ လက်ကောက်ပျော့နှင့် လက်စွပ်နားကပ်တစ်စုံသာ။

"လာ လာ မာမီ အလှပြင်ပေးမယ်... ဒီခါတ်ပုံတွေက

http://www.cherrythitsar.org


တစ်သက်လုံးကျန်ခဲ့မှာတွေ... ကိုယ်ကလှပြီးသားဆိုပေမယ့် ပြင်လိုက်တော့ ပိုလှသွားတာပေါ့"

ရုတ်တရက်ထွက်လာရသော်လည်း မာမီ့အဝတ်သေ့တ္တာထဲတွင် အဝတ်အစားကောင်း၊ ပစ္စည်းကောင်း၊ အလှပြင်ပစ္စည်းပိုက်ဆံအိတ်၊ ဖိနပ်စုံနေအောင်ပါသည်။

'ဒေါ်တင်စိန်' နှင့် 'ဦးဘလှ' တို့က 'လဝန်း' ကံကောင်းသည်ဟု ကျေနပ်စွာပြောနေကြသည်။

"သဘက်ခါမနက်လောက် 'မရင်မြင့်' တို့မြို့ကို မေမေပါလိုက်သွားမယ်"

"ကျွန်တော် ခွင့်ရဦးမှာမဟုတ်ဘူး... ဒီလိုလုပ် ဒီကနေဒရိုင်ဘာတစ်ယောက် ရှာထည့်ပေးလိုက်မယ်"

"ရပါတယ်... ကားအော်ဒါ ခေါ်သွားမှာပေါ့"

"ကားယူသွားလိုက်ပါ... ဟိုကျရင် မေမေသွားချင်တဲ့နေရာသွားရတာပေါ့... ကျွန်တော့်အတွက်မပူနဲ့... သူငယ်ချင်းဆရာဝန်တွေ ဝင်ခေါ်ခိုင်းရင်ဖြစ်တယ်... အငှားကားတွေလည်းပေါတယ်"

"ဟုတ်ပြီ ဟုတ်ပြီ... နက်ဖြန်ညနေ ဓါတ်ပုံဆရာလည်းခေါ်ခဲ့ဦးနော် သားကြီး"

http://www.cherrythitsar.org


"ဟုတ်ကဲ့ပါ မေမေ"

သည်ည 'ဒေါ်မေမေထွန်း' က သူ့သားနှင့် သွားအိပ်သည်။

နောက်တစ်နေ့မနက် တရားရုံးတွင် လက်မှတ်သွားထိုးကြသည်။

ဆေးရုံမှဆရာဝန်မတစ်ယောက်၊ ဆရာဝန်တစ်ယောက်လိုက်ခဲ့ကြသည်။

ညနေဘက် 'ထွန်းအောင်ကျော်' ၏အိမ်တွင် အကျွေးအမွေးနှင့် ဧည့်ခံသည်။

"သည်လောက်လေးကျွေးရတာ အားမရပါဘူးကွယ်... သားကြီး ခွင့်ယူပြီး 'လဝန်း' တို့အိမ်ကိုလိုက်ခဲ့ဦး...အဲ့ဒီမှာလည်း ရပ်မိရပ်ဖတွေ ကောင်းကောင်းဖိတ်ကျွေးချင်သေးတယ်"

'ကိုထွန်းအောင်ကျော်' က မနက်စောစော ဘုရားကြီးကို လိုက်ပို့ပေးသေးသည်။

'ဦးဘလှ' နေမကောင်းသလိုဖြစ်နေ၍ သွေးပေါင်ချိန်ခြင်း အပူတိုင်းခြင်း၊ ဆေးထိုး၊ ဆေးပေးခြင်းတွေ လုပ်ပေးလိုက်သေးသည်။

" 'လဝန်း' ကတော့ ကံကောင်းသဟေ့... 'မောင်အောင်'

http://www.cherrythitsar.org


တို့သားအမိ သဘောကောင်းချက်ကတော့ မမေ့စရာပဲ…'မောင် အောင်' သာ ငါတို့ရပ်ကွက်ထဲလာနေရင် ကျန်းမာရေးအတွက် ကတော့ အပေးကိုပြေးနေစရာမလိုတော့ဘူး… ညည့်ခံပွဲလုပ်ချိန် ကျမှ မင်းတို့ကိုကောင်းကောင်း လက်ဖွဲ့မယ်ဟေ့"

"ရပါတယ် အန်ကယ်ရာ… 'လဝန်း' အတွက်ခုလိုလိုက် ကူညီပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ…နောက်လည်း 'လဝန်း' ပြန်ရောက်တဲ့အချိန် တူမအရင်းလေးလို လိုအပ်တာရှိရင်ကူညီ ပေးပါဦးလို့"

"စိတ်ချ စိတ်ချ"

'လဝန်း' မှုန်ကုပ်ကုပ်ကြည့်နေမိသည်။

လူကြီးကိုဟန်လုပ်ပြီး လိမ်ညာပြောဆိုနေသော ဂုဏ်သ ရည်ရှိပုဂ္ဂိုလ်ကြီးကို များစွာအံ့ဩမိပါသည်။

သူ့ကိုအထင်တွေကြီးပြီး ပြုံးပြုံးကြီးကြည့်နေသော 'ဦး ဘလှ' ကို သနားမိပါတော့သည်။

'ဦးဘလှ' က မျက်တောင်မွေးတဆုံးကိုပဲ မြင်တာကိုး။

မျက်စေ့ တဆုံးကတော့ မင်းသားခေါင်း ကွာကျမယ့် အချိန်ပေါ့။

အဘယ်မျှ အိုင်တင်ကောင်းသနည်းဆိုလျှင်…

'လဝန်း' သုံးရန်ဆိုပြီး ပိုက်ဆံအိတ်ထဲ ငွေတစ်သိန်းထည့်ပေးနေသေးသည်။

'လဝန်း' တို့ကားလေး ခြံထဲဝင်တာကိုမြင်တော့ တစ်ရပ်ကွက်လုံး လှုပ်လှုပ်ရွရွဖြစ်သွားတော့သည်။

မာမီက ရပ်မိရပ်ဖကို လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်ဝယ်လာပေးခဲ့သဖြင့် နှစ်ယောက်လုံးက နက်ဖြန်မနက်စာ၊ညစာ ဖိတ်ကျွေးနေကြသည်။ တစ်ရပ်ကွက်လုံး 'လဝန်း' အလွန်ကံကောင်းသည်ဆိုသည့် သတင်းကပြန့်သွားခဲ့ပြီ။

နောက်တစ်နေ့မနက် မေကြီး နှင့် မာမီ ဈေးသွားကြတော့လည်း တစ်ဈေးလုံးတွတ်ထိုးလို့ပေါ့။

" 'ကိုဘလှ' တို့မှာ အိမ်ဆောက်တဲ့ ကံထရိုက်ကောင်းကောင်းရှိလား"

"ဘာဖြစ်လို့လဲ 'ဒေါ်မေထွန်း' "

"ဩော် 'လဝန်း' တို့ခြံလေးကအကျယ်သား... ကုန်းမြင့်လေးဆိုတော့ သာလည်းသာယာတယ်...နှစ်ထပ်တိုက်ကောင်းကောင်းလေး ဆောက်ပေးမလားလို့"

"ဩော် အဲ့ဒါငှားနေတာဗျ... ခြံပိုင်ရှင်က ဟိုဘက်ခြံကလေ"

http://www.cherrythitsar.org


အတူလိုက်လာသော 'လဝန်း' ရင်ထဲတွင်ရှက်ပြီး အားငယ်သွားမိသည်။ 'ဦးဘလှ' ကိုလည်း စိတ်ဆိုးရအခက်၊ကိုယ့်မြေပိုင်မှမဟုတ်တာ။

"ရောင်းမယ်ဆိုရင်ဝယ်ပြီး တိုက်ကလေးဆောက်ထားချင်တယ်... နွေရာသီလာနေနိုင်တာပေါ့ ... 'လဝန်း' ယောင်နောက်ဆံထုံးပါသွားရင်တောင် 'မရင်မြင့်' စောင့်ပြီးနေပေးလို့ရတာပေါ့"

ထိုစကားကြောင့် မကြီး တစ်ယောက်အထီးကျန်ဖြစ်ရမည်ဟုတွေးပြီး စိတ်မကောင်းဖြစ်လိုက်မိသည်။ မကြီး လိုလူလွတ်တစ်ယောက်ကိုခေါ်ထားလည်း ဘာအပန်းကြီးတာမှတ်လို့။

'ဦးဘလှ' က ခြံအရောင်းအဝယ်ကိစ္စ ချက်ချင်း စီစဉ်ပေးသည်။

ဤမြေနေရာက ချောင်ကြပြီး မြို့ထဲနှင့်ဝေးသဖြင့် ဈေးသိပ်မကြီး၊ ဆယ်သိန်းလောက်သာ ရှိသည်။ ဒါကို သိန်းနှစ်ဆယ်ခေါ်သဖြင့် မကြီး ကဖျက်သည်။ တခြားခြံတွေရောင်းစရာရှိသည်။ ဤခြံကိုမဝယ်ရန်ဖျက်သည်။ နောက်ဆုံးဆယ့်နှစ်သိန်းနှင့် ဈေးတည့်သွားသည်။

http://www.cherrythitsar.org


ပိုက်ဆံရှိသူများကတော့ လိုတရခါတ်လုံးရှိနေသလိုပါပဲ။ ရန်ကုန်ကိုဖုန်းဆက်ပြီး ငွေလွှဲခိုင်းသည်။ နှစ်နာရီခန့်ဘဏ်မှ ငွေထုတ်ပြီး ချက်ချင်းငွေချေသည်။

'လဝန်း' ကတော့ သည်မြေသည်ခြံကို တိုက်ဖြစ်အောင် လုပ်ပြီး မိမိတို့တူဝရီးကို နှစ်သိမ့်သွားမလားဟု။

မာမီ့အလစ်တွင် ဤကိစ္စကို ဆွေးနွေးဖြစ်ကြသည်။

"ညည်း မပူနဲ့... ကြမ်းသင့်ရင် ငါကြမ်းမှာပါ"

သုံးရက်ခန့်နေတော့...

" 'မရင်မြင့်' ကိုအခုမှပဲ အေးအေးဆေးဆေး စကားပြော ခွင့်ရတော့တယ်"

ဓာတ်လမ်းကတော့ စလာလေပြီ။ မကြီး က ခပ်တည် တည်နားထောင်နေသည်။

"ဒီမှာလေ ကျွန်မတို့မိသားစု ခါတ်ပုံစာအုပ်"

ဟုတ်ပါသည်။ အမြွှာပူးကလေးများကို တစ်လသားအ ရွယ်မှစ၍ တစ်နှစ်၊ နှစ်နှစ်၊ သုံးလေးငါးနှစ် အရွယ်ပုံများကို အဝတ်အစားဆင်တူဖြင့် သုံးလေးလတစ်ခါတွဲ၍ ရိုက်ထားခြင်း ဖြစ်သည်။ ဆယ်နှစ်ကျော်တော့ တွဲလျှက်ပုံတွေနည်းလာသည်။

"ပြောရင် အံ့သြကြမယ်... ရုပ်ချင်းဆင်တဲ့အမြွှာသာဆို

http://www.cherrythitsar.org


တယ် စိတ်ဓါတ်ကတော့ လုံးဝကိုမတူတာ 'မရင်မြင့်' ရယ်"

"သုံးနှစ်ကျော်လောက်တည်းက သားငယ်ရဲ့စရိုက်ဟာ သိသိသာသာကွဲထွက်လာပါတယ်... အဆော့မက်တယ် ရန်လို တယ်... ခြေမြန်လက်မြန်နဲ့ သူများကိုရိုက်ခဲ့ ထုခဲ့ကန်ခဲ့တာကြီး ပဲ... အထူးသဖြင့် 'ကိုကြီး' ခမြာ သူနှိပ်စက်လို့ ငိုရတာကြီးပဲ မုန့်အတူတူဝယ်ကျွေးလည်း သူကလုစားတာ... ကစားစရာ အတူဝယ်ပေးလည်း သူ့ပစ္စည်းကိုဖျက်ဆီးပြီး အစ်ကိုဟာကို လိုက်လုတာ... ညီနဲ့ပတ်သက်ရင် 'ကိုကြီး' က ငယ်ငယ်လေး တည်းက အနိုင်ကျင့်ခံခဲ့ရသလို အရှုံးပေးခဲ့ရတာကြီးပဲလေ"

မေကြီး က မှုန်ကုပ်ကုပ်လုပ်ထားသည်။

"ဉာဏ်ကောင်းပေမယ့် စာကျက်ရမှာအရမ်းပျင်းတာ... စောစောမအိပ်သလို စောစောလည်း ဘယ်တော့မှမထဘူး... ကျောင်းကားလာရင် သူမပြီးလို့စောင့်နေရတာကြီးပဲ... ကြာ တော့ ကျောင်းကားပေါ်က ကျောင်းသားတွေက မကျေနပ်ကြ တော့ အိမ်ကကားနဲ့ပဲ ပို့ပေးရတော့တာ... သားကြီး ခမြာသူ့ ညီကို စောင့်ရလို့ အမြဲကျောင်းနောက်ကျပြီး ငိုနေရတာကြီးပဲ အတန်းထဲမှာ 'ကိုကြီး' က အမြဲပထမရပေမယ့် သူ့အောင်စာ ရင်းကဒ်ပြားကတော့ မင်နီတွေရဲတွတ်နေတာပဲ"

http://www.cherrythitsar.org


"'မမေထွန်း' အငယ်ကောင်းဆိုးကြောင်းတွေကြီးပဲ ဘာလို့ပြောနေတာလဲ… ကျွန်မတို့က 'ထွန်းအောင်ကျော်' ကိုပဲစတွေ့ဖူးပြီး 'ထွန်းအောင်ကျော်' ကိုပဲ လက်ခံထားခဲ့ကြတာ… တစ်ရပ်ကွက်လုံး တစ်မြို့လုံးလည်း 'ထွန်းအောင်ကျော်' ကိုပဲ သိထားကြတာ… ရှင့်သားဆရာဝန်နဲ့ဖြစ်တဲ့ မိန်းကလေးတိုင်းကို ဒီလို ဓါတ်ပုံတွေပြပြီး ငြင်းခဲ့တာကြီးပဲလား… အခုခေတ်မှာ ဓါတ်ပုံနည်းပညာတွေ အရမ်းကိုတိုးတက်နေပြီလေ… ရှင်က ဒါသားကြီး သားငယ်ဆိုပြီး လူစင်စစ်နှစ်ယောက်ယှဉ်ပြီး မတ်တပ်ရပ်ခိုင်းထားရင်လည်း ကျွန်မတို့ကတော့ 'ထွန်းအောင်ကျော်' ကိုပဲ လက်ခံမှာပဲ"

"ဒါကတော့ လက်ပွန်းတတီးနေခဲ့တဲ့ သူအချင်းချင်းတကယ်သံယောဇဉ်ရှိတဲ့ လူအချင်းချင်း ရွေးကြရမယ့်ကိစ္စပါရှင် ကျွန်မမှာသမီးမရှိပေမယ့် သမီးချင်းကိုယ်ချင်းစာလို့ ကျွန်မညတွင်းချင်း စီစဉ်ပြီး ရှင်တို့တူဝရီးတွေ မျက်နှာမငယ်ရအောင်လို့ အရှက်မကွဲရအောင်လို့ ရုပ်ရှင်ရိုက်နေသလို သရုပ်ဆောင်ခဲ့ရတဲ့ စေတနာထားခဲ့တဲ့ ကျွန်မရဲ့လုပ်ရပ်ကို နားလည်စေချင်ပါတယ်"

'လဝန်း' က မျက်နှာရိပ်မျက်နှာကဲပြပြီး မေကြီး ကိုစိတ်

http://www.cherrythitsar.org


အေးအေးထားရန် သတိပေးရသည်။

"ဖြစ်ချင်တာဖြစ်ဆိုပြီးလုပ်ရင် အရှက်ကွဲလည်းခဏပဲလေ... ကိုယ့်သားနဲ့ပတ်သက်ပြီး သားကိုယ်တိုင်က သူ့သိပ်ချစ်မြတ်နိုးလွန်းလို့ ဒီတစ်ခါ လက်ထပ်ပြီး ခြေငြိမ်ငြိမ်နဲ့စီးပွားရေးလုပ်တော့မယ်လို့ စာရေးလာတယ်လေ... နေဦး အဲ့ဒီစာနဲ့ဓါတ်ပုံလည်း ပါတယ်"

'ဒေါ်မေမေထွန်း' က လက်ပွေ့အိတ်ထဲမှ 'လဝန်း' တို့စုံတွဲပုံကိုထုတ်ပြသည်။

"ဒီဓါတ်ပုံထဲက 'လဝန်း' ကိုမြင်တည်းက မာမီကချွေးမအဖြစ် အသိအမှတ်ပြုပြီးသားပါ ... သားက ဖုန်းဆက်တိုင်းလည်း 'လဝန်း' ကွန်ရှိတဲ့အကြောင်း သူ့အတင်းဖွတ်လိုက်လို့ 'လဝန်း' ဆီက အဖြေကိုရခဲ့တဲ့အကြောင်း သိပြီးသားလေ... အန်တီ့အတွက်ကတော့ သားကြီးနဲ့ပဲကြိုက်ကြိုက် သားငယ်နဲ့ပဲကြိုက်ကြိုက် 'လဝန်း' ကို ချွေးမအဖြစ်အသိအမှတ်ပြုပြီးသားပါ... ဒါကြောင့် အပင်ပန်းခံ အချိန်ကုန်ခံ ငွေကုန်ခံပြီး စိတ်ဝင်တစားလိုက်လုပ်ပေးနေတာပါ... 'လဝန်း' တို့ကို အပြစ်မတင်ချင်တာကလည်း ဒီလိုကွဲ့..."

◆ ◆ ◆

"မေမေ မေမေ့သားကို ကြည့်ပြောဦးနော်"

"ဟဲ့ ဘာဖြစ်လို့လဲ"

"စာမေးပွဲနီးနေပြီ… စာလည်းမကျက်ဘူး ကျောင်းလည်း ပြေးနေတယ်"

ယခုလည်း တီဗွီရှေ့မှာအငြိမ့်သား။

"ဟဲ့ သားငယ် မင်းကျောင်းပြေးတယ်ဆို"

"နဂိုတည်းက ကျောင်းမတက်ချင်ဘူး ပြောထားတာပဲ… ကျောင်းမှာမှမပျော်တာ"

"သြော် မပျော်လည်းနေရမှာပဲလေ... တချို့ကလေးတွေဆို ကျောင်းနေချင်လျှက်နဲ့တောင် နေနိုင်ကြတာမဟုတ်ဘူး"

"အေးဗျ... သူတို့ကိုကျောင်းထားပေးလိုက်တာမှ မေမေကုသိုလ်ရဦးမယ်"

"ကုသိုလ်ရအောင် မေမေ နေတတ်ပါတယ်ကွယ် မေမေက မင်းအတွက်ပူလို့ပြောနေတာ... ကဲ မင်းအစ်ကိုကဆရာဝန်ကြီးဖြစ်သွားတဲ့အချိန်မှာ မင်းကဘွဲ့လေးတစ်ခုတောင် ရမထားရင် ဘယ်လောက်ရှက်စရာကောင်းမလဲ"

"မရှက်ပါဘူး... သူတော်လို့သူရတာပဲ"

"စာမတတ်ရင် မင်းဘာအလုပ်လုပ်မလဲ"

"အဘိုးအဘွားတွေထားခဲ့တဲ့ မြေတွေယာတွေ ဆီစက်တွေ ဆန်စက်တွေ သင်္ဘောတွေအများကြီးရှိတာပဲ... မသေမချင်း ထုခွဲရောင်းစားလို့တော့ လောက်ပါတယ် မေမေရာ သိပ်မပူပါနဲ့"

"ဟဲ့ ဒါတွေက ရန်သူမျိုးငါးပါးဖြစ်တဲ့ ရေ မီး မင်း လေ မချစ်မနှစ်သက်တဲ့လူတွေကြောင့် ကုန်တတ်တယ်လေ... ပညာရွှေအိုးသူ လူခိုးလို့မရတာ... ဆယ်တန်းတောင်ဖြေရတော့မယ် မင်းဘာစာမှလည်း မရသေးဘူး... ငါတော့ သေသာသေလိုက်

http://www.cherrythitsar.org


ချင်တော့တာပဲနော်”

“အမေတို့နဲ့တော့ခက်ပါတယ်... ကျွန်တော်လည်းနားညီးလွန်းလို့ ထွက်တောင်ပြေးချင်လာပြီ”

“မင်းအစ်ကိုနဲ့ယှဉ်ရင် မင်းမျက်နှာငယ်မှာစိုးလို့ ပြောနေတာကွဲ့”

“ကျွန်တော်သိတယ်...အမေက အမြဲပဲ ကျွန်တော့်ကြောင့်စိတ်မချမ်းမသာဖြစ်နေရတယ်ဆိုတာ... မပူနဲ့ စာမေးပွဲလည်းရှုံးမှာပဲ... အောင်စာရင်းထွက်တဲ့နေ့ စစ်ထဲဝင်သွားလိုက်မယ်... သေသွားရင် မေမေ တစ်ခါတည်းပဲ ပူဆွေးရမယ်”

“အံမယ်လေး လေး... ဘယ်လိုပြောလိုက်တာလဲ ဘုရားဘုရား”

‘ဒေါ်မေမေထွန်း’ ရင်ပတ်ကိုဖိ၊ နားထင်ကိုဖိပြီး မောသလိုဖြစ်လာသဖြင့် သားကြီး က ယပ်တောင်နှင့်တဖျတ်ဖျတ်ခပ်ပေးနေရှာသည်။

“သံပုရာသီးလိမ့်ပြီး ယူပေးစမ်း ‘ကိုငယ်’ ”

‘ကိုငယ်’ မရှိသည့်အချိန်တွင်ဖြစ်သည်။

“ ‘ကိုကြီး’ ရယ်... မေမေတော့ မင်းညီအတွက် အရမ်းစိတ်ဆင်းရဲတာပဲကွယ်”

http://www.cherrythitsar.org


“စိတ်ချမ်းသာအောင်နေပါ မေမေရာ... မေမေ ချစ်သလို တစ်ဖိုက်ထဲအတူအောင်းလာတဲ့ ကျွန်တော့်ညီကိုလည်း ကျွန်တော်သိပ်ချစ်တာပေ့ါ... သူ ဘွဲ့မရ ဆရာဝန်မဖြစ်လည်း မေမေ မပူနဲ့... သူ့ကိုမဆင်းရဲအောင် ကျွန်တော်တစ်သက်လုံးစောင့် ရှောက်သွားမယ်... သူ မျက်နှာမငယ်အောင် ထားပါ့မယ်”

“သားကြီး ရဲ့စေတနာမေတ္တာတွေကို မေမေ ယုံပြီးသား ပါ... မယုံရတာက ကံကြမ္မာကွဲ့ ကဲ မပြောကောင်းမဆိုကောင်း သားကြီး တစ်ခုခုဖြစ်သွားရင်ကော”

“အင်း...”

နာရီပိုင်းလေးခြားပြီး မွေးထားသူချင်းဖြစ်ပါလျှက် ဘာ ကြောင့်များ သားကြီးက လိမ္မာပြီး သားငယ်ကဆိုးသွားပါလိမ့်။

“မေမေ စိတ်မပူပါနဲ့... သူ ဘွဲ့ရအောင် ကျွန်တော်ကူညီ ပါ့မယ်”

“ဟင် ဘယ်လိုကူညီမှာလဲ... သူမှ စာမကျက်တာ အခု လို ဆယ်တန်းကို တစ်နှစ်တစ်တန်းအောင်ပြီး ရောက်လာတာ တောင် အတန်းပိုင်ဆရာမတွေကို မေမေ့မှာ ဒူးမဖက်ယုံတမယ် ထိုင်မရှိခိုးယုံတမယ်ပါပဲကွယ်”

“တစ်နှစ်တော့ အကျခံရမှာ...နောက်တစ်နှစ်တော့အောင်

http://www.cherrythitsar.org


ရမယ်”

“ဘယ်လို”

“မေမေ့ကို ဖွင့်ပြောပြရတော့မှာပေါ့လေ… ရှစ်တန်းတုန်းကလည်း ကျွန်တော် အကြီအဖန်လုပ်လို့ သူအောင်ခဲ့တာ… ကျွန်တော် ဂုဏ်ထူးနည်းသွားတာက သူ့ကိုကူညီခဲ့လို့ သူနဲ့ ကျွန်တော် တစ်ခန်းစီဖြေရလို့လဲ အခွင့်အရေးရသွားတာ ဖြေဆိုချိန်တစ်ဝက်မှာ အိမ်သာတက်မယ်ပြောပြီး ကျွန်တော်တို့လူချင်းလဲပြီး သူ့အခန်းမှာ အမှတ်ငါးဆယ်ဘိုးလောက်ရအောင် သွားထိုင်ပြီး ဖြေပေးခဲ့တာ… မေမေသိတဲ့အတိုင်း သူနဲ့ကျွန်တော့်ကို ဆရာဆရာမတွေမှ ရုပ်ချင်းမခွဲနိုင်ကြတာ”

“သြော် ဖြစ်မှဖြစ်ရလေ သားရယ်”

“ဒီနှစ်တော့ ဆရာဝန်ဖြစ်ဖို့ ဂုဏ်ထူးများများရမှဖြစ်မှာ မို့ သူ့ဆီကို ကျွန်တော် သွားနိုင်မှာမဟုတ်တော့ဘူး…ဒါကြောင့် သူ ဒီတစ်နှစ်တော့ ကျမှာပဲ… နောက်နှစ်ကျရင်တော့ ကျွန်တော် ဝင်ဖြေပေးမယ်”

“သြော် အေး အေး… တော်ကြာ အချောင်ဂုဏ်ထူးတွေ ထွက်ပြီး ဆရာဝန်လိုင်းရနေပါဦးမယ်… ဆေးကျောင်းကျမှ ဉာဏ်မမီလို့ မလိုက်နိုင်လို့ ပထမတစ်နှစ်နဲ့တစ်နေဦးမယ်”

http://www.cherrythitsar.org


“အဲ့ဒါတော့ မပူပါနဲ့မေမေ… စာမကျက်ဘဲ ကျွန်တော် ကျက်ထားတာတွေကို မှတ်မိသလောက်ပဲ သွားဖြေပေးမှာ… အဲ့ဒီတော့ အောင်ယုံပဲဖြစ်မှာပါ”

ဘေးလူတွေပူနေကြသော်လည်း ကံထူးရှင် ‘ကိုငယ်’ က တော့ အအိပ်မပျက်၊ အစားမပျက်၊ အပျော်အပါးမပျက်ပါပဲ။

“မေမေ့သားကို ကြည့်ပြောဦးနော်”

“ဟဲ့ ဘာဖြစ်ပြန်ပြီလဲ”

“သူ့ကျောင်းက ကောင်မလေးတွေ ကြိုက်စရာအများ ကြီးရှိနေတာပဲ… ဘာလို့ ကျွန်တော့်ကျောင်းအထိ လိုက်ရှုပ်ရ တာလဲ”

“သားရဲ့ ကောင်မလေးကို လိုက်ကြိုက်လို့လား”

“ကျွန်တော့်မှာ စာတွေကျက်ရလွန်းလို့ ရည်းစားတောင် မထားနိုင်သေးပါဘူးဗျာ… အခုဟာက သား အတန်းထဲကနေ့ တိုင်းမြင်တွေ့နေကြ ကောင်မလေးက ရယ်ပြလို့ ကျွန်တော် လည်း ပြန်ရယ်ပြမိတာပေါ့… ကောင်မလေးက ကျွန်တော့် လက်ထဲစာတစ်စောင် လာထည့်သွားလို့ ဖွင့်ဖတ်ကြည့်မိတော့ ချစ်ပါတယ်လို့ အဖြေပေးထားတဲ့စာဖြစ်နေသလို ဓါတ်ပုံပါ ထည့်ပေးထားသေးတယ်… ဒီမှာ ဖတ်ကြည့်လေ…”

http://www.cherrythitsar.org



ကိုထွန်းအောင်ကျော်...

မ အရမ်းအံ့သြတယ် သိလား...

ကျောင်းမှာတွေ့ရင်ဖြင့် တစ်ခါတလေ ကြည့်ဖော်မရ နှုတ်ဆက်ဖော်မရ ဘဲ စိတ်လိုလက်ရရှိမှ ခေါင်းညိတ်ယုံပြုံး ပြယုံလုပ်တဲ့လူက ကျောင်းသွားကျောင်းပြန် ကားဝိတ်မှာတွေ့ရင်တော့ လူကိုပွေ့ချီသွားတော့မလို ပြာယာခတ်နေတတ်ပြန်ရော... ရစ်ကွက်ထဲကလူတွေတောင်သိကုန်ကြပြီနော်...

ဘတ်စ်ကားပေါ်မှာလည်း ကားကြပ်တာကနည်းနည်း... လူကိုရင်ခွင်ထဲဆွဲသွင်းပြီး ခိုးခိုးနမ်းတာ ရစ်ကွက်ထဲကလူတွေ မြင်သွားလို့ အိမ်မှာသွားတိုင်ကြတယ်...

မနဲ့တစ်နှစ်တည်း တစ်ကျောင်းတည်းဆိုတာသိသွားတော့ အိမ်ကစိတ်မပူကြတော့ဘူး... တကယ်ချစ်နေကြတာဆိုရင်လည်း အိမ်ကိုဝင်ထွက်နိုင်တယ်တဲ့... လက်ထပ်ဖို့အထိ ရည်ရွယ်ထားရင်လည်း ဝင်လို့ထွက်လို့ကောင်းအောင် ခေ့ခပ်ပေးထားမယ်တဲ့လေ...

မ ကိုတကယ်ချစ်ရင် ကားဝိတ်မှာမတဲ့နဲ့...ကားပေါ်မှာလည်း မတဲ့နဲ့... အိမ်ကိုလိုက်လည်ခွင့်ပြုထားပြီပဲလေ...

" ကဲ ကျွန်တော် အခု ဒီကိစ္စကိုဘယ်လိုဖြေရှင်းရမလဲ"

"အေး အေး မေမေ ဆုံးမလိုက်ပါ့မယ်"

"ကောင်မလေးကို ဘယ်လိုပြောမလဲ"

"မတတ်နိုင်ဘူးလေကွယ်... မင်းတို့နှစ်ယောက်တွဲရိုက်

http://www.cherrythitsar.org


ထားတဲ့ပုံကို ယူသွားပြီးပြလိုက်ပေါ့... မင်းမဟုတ်ကြောင်းရှင်းပြယုံပဲ ရှိတော့တာပေါ့”

“နောက် ပြဿနာတစ်ခုကျန်သေးတယ်”

“ဟော ဘာလုပ်ထားပြန်ပြီလဲ”

“လမ်းထိပ်က လက်ဘက်ရည်ဆိုင်ရယ် စာအုပ်ဆိုင်ရယ် စတိုးဆိုင်ရယ်က ကျွန်တော့်ကိုအကြွေးဝိုင်းတောင်းတိုင်း ရှင်းခဲ့ရတာများပြီ... နောက်ထပ် ဘယ်နေရာတွေမှာ ဘာတွေလုပ်ထားသေလဲ မသိဘူး”

ဟုတ်ပါသည်။ ဟိုတလောကလည်း သူ့အဒေါ်ဝမ်းကွဲဆီမှာ ‘ကိုကြီး’ နာမည်သုံး၍ ဆေးစာအုပ်ဝယ်ဖို့ငွေသွားတောင်းဖူးသည်။ ‘ကိုကြီး’ ဆိုလျှင် လုပ်မည်မဟုတ်ဘူးဆိုတာသိ၍ အဒေါ်က အိမ်ကိုလှမ်းအကြောင်းကြားသည်။

တဖြည်းဖြည်းနှင့် ‘ကိုငယ်’ ၏ စရိုက်သည် အသက်တစ်နှစ်ကြီးလေ၊ ပိုဆိုးလေ၊ အပေါင်းအသင်းပိုရှုပ်လေ ဖြစ်ခဲ့တော့သည်။

△၁၁□

" 'မေထွန်း' ... မင်းသားကို ဘိန်းဖြူမှောင်ခိုလုပ်တဲ့အသိုင်းအဝိုင်းတွေ ကျင်လည်ကျက်စားတဲ့ နေရာတွေမှာတွေ့တွေ့နေရတယ်လို့ 'အပါ' က ဖုန်းလှမ်းဆက်တာ သုံးလေးခါရှိပြီ"

"ဟင် ဟုတ်လား"

'အပါ' ဆိုသူမှာ သားတို့အဖေ 'ကိုအောင်နိုင်' ၏ညီဝမ်းကွဲတော်သူ၊ ရဲမင်းကြီးဖြစ်နေသူ။

သားအဖေကလည်း တပ်မတော်တွင် ဗိုလ်မှူးကြီးဘဝနှင့်အငြိမ်းစားယူပြီးနောက် ယခုလည်း ဩွန်ကြားရေးမှူးဘဝအကြံ

ပေးအရာရှိဘဝနှင့် ဂုဏ်သရေရှိသော အလုပ်များကိုသာလုပ်ကိုင်နေသူ။

"'အပါ' ပြောပုံဆို ဟိုတစ်ခါ ဖဲဝိုင်းတစ်ခုကိုဝင်ဖမ်းတုန်းက ရိုက်ထားတဲ့ဓါတ်ပုံတွေမှာလည်း 'ကိုငယ့်' ပုံပါတယ်တဲ့... အမှုကလည်းမကြီးသလို စာရင်းလည်းမဝင်သေးလို့ ရှင်းရှင်းပြောရရင် သူ့တူတော်နေလို့... တကယ့်မိန်းသုံးယောက်ပဲဖမ်းလို့ပြောလိုက်ရတာတဲ့... မင်းသားကိုညှာလို့ လေးငါးဆယ်ယောက်ကို လွှတ်ပေးလိုက်တာတဲ့... နောက်တစ်ခါဆိုရင်တော့ သူ မညှာချင်တော့ဘူးတဲ့... သူ့ဘဝတစ်သက်တာမှာ မှန်မှန်ကန်ကန် အမြဲလုပ်ခဲ့ပါလျှက် ခုလို အမျိုးမျက်နှာထောက်ပြီး ဥပဒေကိုချိုးဖောက်တဲ့အလုပ်ကိုလုပ်ရတာ သူ သိပ်ရှက်တယ်တဲ့... နောက်တစ်ခါထပ်ကြုံရင် သူ အလုပ်ထွက်လိုက်တော့မယ်တဲ့"

"အင်း 'ကိုငယ့်' အတွက်တော့ ရင်လေးပါတယ် အဖေကြီးရယ်"

တစ်ပတ်ခန့် ကြာသောအချိန်တွင်ဖြစ်သည်။

"ဟယ်လို 'မမေထွန်း' လား"

"ဟုတ်တယ် 'အပါ' မဟုတ်လား"

"ဟုတ်တယ် ဒီတစ်ခါတော့ ကျွန်တော်ကယ်လို့မရတော့ဘူး 'မမေထွန်း' ရေ... တခြားနယ်မြေမှာဖြစ်နေတယ်...ပြီးတော့ သတင်းစာထဲထည့်ပြီးမှ ကျွန်တော်တွေ့ရတာ"

"ဟဲ့ပြောစမ်းပါ... ဘာဖြစ်တာတုန်း"

"ခေါင်မိုးပေါ်မှာဖွင့်ထားတဲ့ စားသောက်ဆိုင်တစ်ခုမှာ မကောင်းတဲ့ညဉ့်ငှက်တွေနဲ့ ပျော်ပါးတဲ့လူတွေရော မူးယစ်ဆေးရောင်းဝယ်တဲ့လူတွေရော ဖဲရိုက်တဲ့လူတွေရော တစ်သီကြီးဖမ်းမိသွားတဲ့အထဲမှာ 'ကိုငယ့်' ပုံကိုလည်းတွေ့လိုက်ရတယ်"

"ဟင် ဘုရား ဘုရား"

"သူ့ပုံပါတာက အရေးမကြီးဘူးဗျ... ကျွန်တော့်အစ်ကို နာမည်ပါပါတော့ အစ်ကို့ကိုသနားတယ်ဗျာ"

'အပါ့' အသံက တုန်နေပါသည်။

"ဒီကောင် ဒီလောက်ဆိုးနေရင် ရှေ့လျှောက်ဒုက္ခရောက်စရာတွေအများကြီး မြင်တယ်... 'မမေသိန်း' အမွေပြတ်သာစွန့်လွှတ်လိုက်တော့"

ကိုယ့်သားသမီးမဟုတ်လို့ သူ့အစ်ကိုဘက်ကနာပြီး 'အပါ' ဂရုဏာသောနှင့် ပြောနေမှန်းသိပါသည်။

ဩော် တောင်းစုတ်ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိတာ လေ။

http://www.cherrythitsar.org


သားဆိုးသမီးဆိုးကိုတော့ လွယ်လွယ်နှင့်ပစ်လို့ဖြစ်တာမှမဟုတ်တာ။ ပစ်လိုက်လျှင် ပိုဆိုးဖို့သာရှိတော့သည်။

'ဦးအောင်နိုင်' တစ်ယောက် ဒေါသစိတ်၊ ရှက်စိတ်များကြောင့် ရုတ်တရက် လေဖြတ်သလို၊ ကိုယ်တစ်ခြမ်းသေချင်သလိုဖြစ်သွားခဲ့သည်။

သူ့ကြောင့်ဖခင်ကြီး ဘဝပျက်သလိုဖြစ်သွားခဲ့ရသဖြင့် 'ကိုငယ်' တစ်ယောက် ငြိမ်သွားခဲ့သည်။

လူသာငြိမ်သွားခဲ့ခြင်းဖြစ်သည်။ စိတ်ကတော့ ငြိမ်ပုံမရပါ။ မကြာခဏ တယ်လီဖုန်းဆက်တတ်သည်။သူ့ထံသို့လည်း မကြာခဏ ဖုန်းလာတတ်သည်။

"မေမေရေ... ကျွန်တော့်ကို ငွေဆယ်သိန်းလောက်ခဏ ပေးပါလား"

"ဟဲ့ သည်လောက်အများကြီး ဘာလုပ်ဖို့လဲ... မင်းခဏဆိုပြီး ယူထားတဲ့ပိုက်ဆံတွေ အားလုံးပေါင်းလိုက်ရင် သိန်းငါးဆယ်တောင် ကျော်မယ်ထင်တယ်... ဘယ်တော့ဆပ်နိုင်မှာမို့တုန်း"

"ပြန်ဆပ်ရဦးမှာလား"

"ဟဲ့ မင်းပဲခဏခဏဆိုပြီးယူနေတာပဲ... ဘာအလုပ်မှ

မလုပ်ဘဲ ဒီလိုသုံးဖြုန်းနေရင် ငါတို့မရှိတဲ့အချိန် မင်းဘယ်လို လုပ်မလဲ"

"ဘိုးဘွားလက်ထက်တည်းက ကျန်ခဲ့တဲ့အမွေတင်က တင် ထိုင်စားလို့မကုန်နိုင်ပါဘူးဗျာ"

"အေး ရှိးရှိးတန်းတန်းထိုင်စားရင်တော့ ဘယ်ကုန်ပါ့မ လဲ... မင်းလို အသောက်အစား အပျော်အပါးတွေများနေရင် တော့ လောကတောင်လောက်မှာမဟုတ်ဘူး... နားလည်လား အခုလည်း အိမ်ထဲငြိမ်နေရာက ငွေတောင်းပြီး ဘာသွားလုပ်ဦး မလို့လဲ... ခွေးမြီးကောက်ကျည်တောက်စွပ်ဆိုတာ မင်းလိုလူ မျိုးကိုခေါ်တာ"

"ကျွန်တော် မသွားချင်ပေမယ့် အိမ်ကိုလာမယ်ဆိုလို့ မသွားချင်ဘဲ သွားရမှာ"

"ဘယ်သူတွေမို့လဲ"

"သိတဲ့အတိုင်း တစ်ဖွဲ့လုံးနီးပါးထောင်ကျပြီး ကျွန်တော် နဲ့ တခြားသုံးလေးယောက်ပဲ ကျန်ခဲ့တာလေ... ဟိုသုံးလေး ယောက်က ဖမ်းတဲ့နေ့တုန်းက ရောက်မလာလို့ကံကောင်းပြီး ကျန်ခဲ့တာ... ကျွန်တော်တစ်ယောက်တည်း အာမခံနဲ့လွတ်နေ တဲ့အတွက် အထဲမှာရောက်နေတဲ့ကောင်တွေက မကျေနပ်ကြ

ဘူး… ဒုက္ခပေးချင်ကြတယ် ငွေညှစ်ချင်ကြတယ်”

“မင်းကဘာလုပ်ထားလို့ ငွေညှစ်ချင်ရတာလဲ”

“အဖမ်းမခံရခင် သုံးရက်လောက်က စားသောက်ဆိုင်မှာ ရန်ဖြစ်ပြီး ထိုးဟယ်ရိုက်ဟယ်နဲ့ လက်လွန်ပြီး တစ်ယောက် သေသွားတယ်”

“ဟင်…”

“ကျွန်တော့်ကြောင့်မဟုတ်ပေမယ့် ကျွန်တော့်ကိုဘယ် အချိန်တည်းက ငွေညှစ်ချင်နေသလဲမသိပါဘူး… အလောင်း ဘေးမှာ မတ်တပ်ရပ်ကြည့်နေတုန်း ဓါတ်ပုံအရိုက်ခံလိုက်ရ တယ်”

“ဘုရား ဘုရား”

“ကျွန်တော် မသတ်လို့လုံးဝမကြောက်ပါဘူး”

“ဟဲ့ မသတ်ဘူးဆိုတာ မြင်တဲ့သက်သေက ရှိဦးမှကိုး… မင်းကတော့ လုပ်လိုက်ရင် ထောင်နှုတ်ခမ်းနင်းနေတာကြီးပါပဲ လား… ”

ငွေဆယ်သိန်းကို မည်သူမျှမသိအောင် တိုးတိုးတိတ် တိတ်ပေးလိုက်၍ ပြီးပြီလားမှတ်သည်။

ကောင်မလေးတစ်ယောက်ကလည်း ‘ကိုငယ်’ နှင့်ငြိစွန်း

http://www.cherrythitsar.org


ထားသည့် ကိုယ်ဝန်ရှိနေပါပြီဟု ဖုန်းဆက်လာပြန်သည်။

"လုံးဝမဟုတ်ဘူး အမေ... တစ်ဖွဲ့လုံးနဲ့ ရှုပ်ထားတာ... ကျွန်တော်က အရူးမို့လို့ယူရမှာလား"

"မင်းရော မပါဘူးလား"

"မပါဘူးလို့တော့ မပြောပါဘူး အမေရာ... ဒါပေမဲ့သူ က မိန်းမကောင်းမှမဟုတ်ဘဲ... ခန္ဓာကိုယ်ကိုရင်းပြီး တစ်ဖွဲ့လုံး ဆီက ပိုက်ဆံချူစားနေတဲ့ မိန်းကလေးပဲ... ကျွန်တော့်ချစ်သူ လည်းမဟုတ်ဘူး... ချစ်လည်းမချစ်ဘူး... ယူလည်းမယူနိုင်ဘူး ရှုပ်တယ်... 'ကိုကြီး' ဆီကိုပဲ သွားနေလိုက်ဦးမယ်"

"မသွားနဲ့ မသွားနဲ့... မင်းကြောင့် သူနာမည်ပျက်ရတာ များပြီ... အခု သူက အလုပ်နဲ့အကိုင်နဲ့... လိုက်မနှောက်ယှက်နဲ့"

" 'ကိုကြီး' မခေါ်ရင်တော့ မလိုက်ပါဘူး... ဖုန်းဆက်ကြည့်ပါဦးမယ်"

'ကိုကြီး' ရှုပ်ရှုပ်ယှက်ယှက်မလုပ်လျှင် ခေါ်ထားနိုင်ကြောင်းပြောသည်။

"ကဲ 'ကိုကြီး' နဲ့ 'ကိုငယ်' အကြောင်း သည်လောက်ဆို သဘောပေါက်လောက်ပြီ ထင်ပါရဲ့"

ထိုစကားများကိုနားထောင်ပြီး တူဝရီးနှစ်ယောက် နှုတ်ခမ်းတွေဖြူချင်လာရသည်။

" ဘယ်လိုပဲပြောပြော ကျွန်မတို့က 'ဒေါက်တာထွန်းအောင်ကျော်' အဖြစ်ပဲ လက်ခံခဲ့တာလေ"

ရှိသမျှခွန်အားဖြင့် တွန်းလှန်ပြောကြားရခြင်းဖြစ်သည်။

" 'ကိုကြီး' နဲ့အဆင်ပြေရင်တော့ ကောင်းတာပေါ့... သူ့မှာကလည်း စေ့စပ်ပြီးသားရှိနေတယ်... ကောင်မလေးကနိုင်ငံ

http://www.cherrythitsar.org


ခြားမှာ အလုပ်လုပ်ရင်း ဆေးပညာဘွဲ့ဆက်ယူဦးမှာ... နောက် သုံးနှစ်လောက်နေမှ ပြန်လာပြီး လက်ထပ်ကြမှာ... နှစ်ဖက် လူကြီးတွေလည်း သဘောတူထားကြတာ... ဘာပဲဖြစ်ဖြစ်လေ ကိုယ့်သားနဲ့ပတ်သက်ခဲ့တဲ့အတွက် အရှက်မရစေချင်လို့ ခုလို လာကူညီတာပါ... 'ကိုကြီး' ခွင့်ရလို့လာခေါ်ရင် ဟန်မပျက် လိုက်သွားကြပြီး ရန်ကုန်မှာပဲနေပေါ့"

ထိုစကားကြောင့် 'လဝန်း' က တအိအိရှိုက်ငိုပါတော့ သည်။

"မငိုနဲ့လေ... ညှော့သည်တွေက တစ်ချိန်လုံးဝင်ထွက်နေ တာ... ရိပ်မိသွားကြပါဦးမယ်... 'လဝန်း' အတွက်ပြောတာပါ"

'လဝန်း' မျက်လုံးထဲတွင် ဖြူစင်သန့်ရှင်းစွာ ချောမော ခန့်ညားလွန်းသည့် 'ဒေါက်တာထွန်းအောင်ကျော်' ကိုသာမြင် ယောင်နေပါသည်။

"တီ တီ တီ"

"ဟယ် သားကြီး လိုက်လာတာကိုး"

သုံးရက်မြောက်သောနေ့တွင် ရောက်လာခြင်းဖြစ်သည်။

"ခွင့်ရလို့လား သားရဲ့"

"ဖေဖေ အသည်းအသန်ဖြစ်လို့ဆိုပြီး နားလည်မှုခွင့်ယူ

ခဲ့ရတာပေါ့... ဖေဖေလည်း တကယ်မသက်သာဘူးပြောတယ် ဒါကြောင့် အမေ့ကိုလာခေါ်တာ”

ထိုစကားကြောင့် ‘ဒေါ်ရင်မြင့်’ ဝုန်းကနဲထရပ်ပြီး ဒေါသတကြီးအော်ဖို့ပြင်တော့သည်။

‘လဝန်း’ ကိုပါးစပ်ကိုလှမ်းပိတ်သလို ‘ဒေါ်မေထွန်း’ ရော ‘ထွန်းအောင်ကျော်’ ပါ လက်ကာပြပြီး...

“ဒေါသတကြီးအော်ဟစ်လိုက်ယုံနဲ့ အန်တီတို့ကိစ္စကပြီးသွားမှာမဟုတ်ဘူးလေ... ပျက်သွားမှာ ပြတ်သွားမှာ အရှက်ရသွားမှာလေ... ကျွန်တော်တို့သားအမိနှစ်ယောက်ရဲ့စေတနာကို တန်ဘိုးထားပါဗျာ... တူဝရီးနှစ်ယောက်လုံးကို တစ်ပါတည်းခေါ်သွားမှာပါ”

“မေမေ ဒီမှာ မြေကွက်ဝယ်ထားပေးတယ် သားကြီး”

“ရပါတယ် မေမေ... ကိုယ့်မြေကွက်ပဲ... ဘယ်အချိန်ဆောက်ဆောက်ရပါတယ်... ပြီးရင် ‘လဝန်း’ တို့နှုတ်ဆက်ရမယ့်သူရှိရင် နှုတ်ဆက်ဦး... တစ်လလောက်ကြာမယ်ပြောခဲ့ ပေါ့...”

“မင်းနဲ့စုံတွဲလိုက်နှုတ်ဆက်ရင် ပိုကောင်းမယ်ထင်တယ်”

မေကြီး က လူမိုက်ပုံစံနဲ့ပြောခြင်းဖြစ်သည်။ သူ့အမိန့်

http://www.cherrythitsar.org



ကိုမနာခံလျှင် ပြဿနာရှာမယ့်ပုံစံမျိုး။

"ဟုတ်တယ်သား... ဟန်ကိုယ့်ဖို့ပေါ့ကွယ်... လိုက်သွားပေးလိုက်ပါ... မေမေတို့လိုအပ်တဲ့ပစ္စည်းတွေ သိမ်းထားလိုက်ပါ့မယ်"

သူများအမြင်မှာတော့ ဆရာဝန်လင်မယားပေါ့လေ။

ခပ်ချောချောတွေ။

'လဝန်း' က ရုပ်ချောပြီး၊ ဣန္ဒြေကြီးလို့ ဆင်းရဲပေမယ့် လင်ကောင်းရတယ်ပေါ့လေ။

တကယ်တော့ 'လဝန်း' ဣန္ဒြေမဲ့ခဲ့လို့၊ ဘဝပျက်ခဲ့ပါပြီ။

'လဝန်း' အညှာလွယ်ခဲ့လို့ ကြွေခဲ့ပါပြီ။

◆ ◆ ◆

# ၁၂

'လဝန်း' တို့တူဝရီး ရထားပေါ်ရောက်ခဲ့ပြီ။

'လဝန်း' ၏မျက်လုံးများက 'ထွန်းအောင်ကျော်' ထံသို့သာ ရောက်နေပါသည်။

တူမ၏အဖြစ်၊ တူမ၏အချစ်ကို တွေ့ရမြင်ရပြီး ထပ်တူထပ်မျှ ခံစားနေရသူက မေကြီး ပါပဲ။

တကယ်တော့ ကလေးမှာအပြစ်မရှိရှာပါ။

မိမိလျော်၍၊ မိမိအမြင့်ကိုမှန်းလွန်း၍။ လင်ဖမ်းပေး၍ တူမလှလှကလေး၏ရှေ့ရေးသည် မရေရာမသေချာဖြစ်၍ နေ

http://www.cherrythitsar.org


လေပြီ။

တူတော်မောင် 'နေဝန်း' နှင့် ဖုန်းစကားပြောတုန်းက တောင် သတိပေးစကားပြောသွားသေးသည်။

ဆရာဝန်ဆိုတိုင်း မယုံပါနဲ့တဲ့။

သူ့ဖူးစာအတိုင်း သူတွေ့ပါစေတဲ့။

အသိုင်းအဝိုင်းခြင်းမတူလျှင် စိတ်ဆင်းရဲရလိမ့်မည်တဲ့။

ယခု မိမိတို့ တူဝရီးနှစ်ယောက် မတူညီသောအသိုင်း အဝိုင်းတစ်ခုရှိရာသို့ ပြောင်းရွှေ့ခဲ့ကြရပြီလေ။

ဘာပဲဖြစ်ဖြစ် တူမလေးကို အနီးကပ်စောင့်ရှောက်ခွင့်ရ နေ၍ တော်ပါသေးသည်။

ဆက်ဆံရေးစိမ်းသွားသော 'ထွန်းအောင်ကျော်' ၏ပုံစံကို ကြည့်ပြီး ယခင် 'ထွန်းအောင်ကျော်' ကို ပြန်လည်တမ်းတမိ သည်။ ဆရာဝန်မဖြစ်ချင်လည်း နေပါစေတော့၊ 'လဝန်း' ကို ချစ်သော 'ထွန်းအောင်ကျော်' ကိုသာ ပြန်ရချင်ပါသည်။

မတူမတန်သလို၊ မပြောမဆိုလုပ်နေသော 'ထွန်းအောင် ကျော်' ကိုအမြင်ကတ်လှသဖြင့်...

"ရထားမထွက်ခင် ပွင့်ပွင့်လင်းလင်းပဲ မေးရပြောရဦး မယ်..."

'ဒေါ်မေမေထွန်း' က ပုံစံမပြောင်းသော်လည်း 'ထွန်းအောင်ကျော်' ပုံစံက ခပ်တည်တည်ဖြစ်နေသဖြင့်...

"မင်းရဲ့ညီဆိုတာကို ခုထက်ထိ မမြင်ရသေးဘူးနော်... မမြင်ရသေးသ၍တော့ မင်းလိမ်နေတယ်လို့ပဲ သတ်မှတ်မှာနော်"

အံကြိတ်ပြီး ကြည့်နေပြန်သဖြင့်...

"လူတွေကိုအားလုံး အနေတယ်လို့ မထင်နဲ့ဦး...'လဝန်း' ကိုစေ့စပ်တာလား လက်ထပ်တာလား... ဧည့်ခံပွဲလုပ်ဦးမှာလားလို့ တဂျီဂျီလိုက်မေးနေကြတယ်လေ... မယုံတဲ့သဘောပေါ့... အမြွာရှိတယ်ဆိုရင်လည်း မြန်မြန်ပြပါ... 'လဝန်း' ရဲ့ 'ထွန်းအောင်ကျော်' ကို 'လဝန်း' လက်ထဲအပ်ပါ... အို တစ်ပတ်ထက်ပိုကြာအောင် စောင့်မနေနိုင်ဘူးနော်... မင်းတို့လုပ်နေတဲ့ပုံစံက ငါတို့ကိုအသိုင်းအဝိုင်းမရှိလို့ ဆင်းရဲလို့ မယူချင်လို့လှည့်ကွက်လုပ်နေသလိုပဲ... မျက်လှည့်ပြနေသလိုပဲ ပိုက်ဆံမရှိပေ မယ့် ငါတို့မှာအရှက်တရား မာနတရား မဟုတ်မခံတဲ့စိတ်ဓါတ်တော့ရှိတယ်ကွဲ့ သိရဲ့လား"

ပြောရင်း ပြောရင်း မေကြီး အသံကတုန်ပြီးကျယ်လာသည်။ ငိုသံပါလာသည်။

ဘေးလူတွေကြည့်ကုန်ပြီဖြစ်၍ 'ဒေါ်မေမေထွန်း' ကဝင်ထိန်းသည်။

"'မရင်မြင့်' ရယ်... မိခင်ဖြစ်တဲ့ ကျွန်မတစ်ယောက်လုံး ဒီကိစ္စကို တာဝန်ယူဖြေရှင်းပေးနေပြီပဲ... လိမ်ချင်ရင်အိမ်အထိ ဘာဘယ်ခေါ်ပါ့မလဲ... ခရီးသွားတွေကို အားနာစရာကြီးနော်"

သူ့သားဆရာဝန် အရှက်ရမည်စိုး၍ ဝင်ထိန်းနေတယ်ဆိုတာကိုသိပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်ရောက်ပြီး တစ်ပတ်အတွင်း အမြွှာနှစ်ယောက်ကို ယှဉ်တွဲမပြနိုင်ဘူးဆိုရင် ကျွန်မကတော့ 'ထွန်းအောင်ကျော်' နဲ့ 'လဝန်း' လက်ထပ်တဲ့သတင်းကိုသတင်းစာထဲထည့်လိုက်တော့မယ်"

ထိုစကားကြောင့် 'ဒေါ်မေမေထွန်း' သက်ပြင်းရှည်ကြီးချလိုက်သလို 'ထွန်းအောင်ကျော်' ကလည်း စိတ်ပျက်သလိုပုံစံဖြင့်...

"ကဲ ကျွန်တော် သွားတော့မယ်မေမေ"

"အေး ငါ့သားကြီးလည်း 'ကိုငယ့်' ကြောင့် အမြဲစိတ်ညစ်နေရတာကြီးပဲကွယ်... 'ကိုငယ့်' ကိုအဆက်အသွယ်ရအောင်လုပ်ကြရအောင်နော်"

http://www.cherrythitsar.org


ရထားလည်းထွက်ပြီဖြစ်၍ 'ထွန်းအောင်ကျော်' တစ်ယောက် ခပ်လှမ်းလှမ်းမှ လက်ပြနှုတ်ဆက်ရင်း ကျန်နေရစ်ခဲ့ပါသည်။

'လဝန်း' တို့ထင်ထားတာထက်ကို များစွာပိုချမ်းသာကြပါသည်။

ခြံကိုအပြင်ကမမြင်ရအောင် အမြင့်ကြီးကာရံထားပါသည်။ ခြံဝတွင်ကားရပ်သည်နှင့် ချောင်းကြည့်ပေါက်မှလူတစ်ယောက် လှမ်းကြည့်ပြီး ခြံတံခါးကိုဖွင့်ပေးသည်။

" 'ကိုကြီး' ဖုန်းကြိုဆက်ထားလား"

"ဟုတ်ကဲ့ ခင်ဗျ"

ခြံထဲကအိမ်ကြီးဆီသို့ရောက်အောင် အတော်ဝင်ရသေး

http://www.cherrythitsar.org


သည်။ ခြံရှေ့တွင်ပန်းပင်တွေ စုံနေသည်။

အရပ်မြင့်မြင့်၊ ဆံပင်ဖြူဖြူ၊ အသက်ကြီးကြီး လူတစ်ယောက်တုတ်ကောက်နှင့်လမ်းလျှောက်ရင်း ကြိုဆိုနေပါသည်။

မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ တိကျပြတ်သားသောနှုတ်ခမ်းနှစ်လွှာတို့ကြောင့် ခန့်ညားချောမောနေပါသည်။

ငယ်စဉ်ကဆိုလျှင် 'ကိုအောင်' တို့လိုရုပ်မျိုးနေမှာပါ။

" 'လဝန်း' ဆိုတာလား"

"ဟုတ်ကဲ့ပါ"

"ဒယ်ဒီလို့ခေါ်ပေါ့"

'ဒေါ်မေမေထွန်း' က သင်ပေးခြင်းဖြစ်သည်။

"အေးပေါ့လေ သမီးတစ်ယောက်ထပ်တိုးလာတော့အားကိုရတာပေါ့"

တစ်ဖက်လူ အနေမခက်အောင် ပြောတတ်ကြပါသည်။

"ဒါက 'လဝန်း' ရဲ့ ကြီးဒေါ်လေ... အမေဆိုရင်လည်းမမှားဘူးပေါ့"

'ဒေါ်မေမေထွန်း' ကပဲ ဆက်ပြောပေးခြင်းဖြစ်သည်။

"အဖေနဲ့အမေကရော လိုက်မလာဘူးလား"

"အဖေက ငယ်ငယ်တည်းကဆုံးသွားပါပြီ... အဖေဆုံး

http://www.cherrythitsar.org


ပြီး အမေကနောက်အိမ်ထောင်ပြုလိုက်လို့ မေကြီး က ‘လဝန်း’ ကို အပိုင်မွေးစားထားလိုက်တာပါ ဒယ်ဒီ”

“အေး အေး ခုတော့ ဒယ်ဒီတို့ရဲ့သမီးဖြစ်သွားပြီလေ… ကိုယ့်အိမ်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်သာနေကြ… စီးပွားရေးတော့ထွက်လုပ်စရာ မလိုပါဘူး… အိမ်ထဲမှာပဲပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်နဲ့ ဝိုင်းလုပ်ဝိုင်းစားပေါ့ကွယ်… ကဲ ကဲ ‘လဝန်း’ ကို သားငယ်ရဲ့အခန်းထဲမှာပဲ ပြင်ဆင်ပေးထား တယ်… အခုလောလောဆယ် သားငယ် မလာသေးဘူးဆိုတော့ ကြီးဒေါ်နဲ့အတူအိပ်ချင်အိပ်… ကပ်လျှက်မှာအခန်းရှိပါတယ်… အဲ့ဒီမှာပြင်ပေးလိုက်ကြ”

“ရပါတယ်ရှင်… လောလောဆယ် ‘လဝန်း’ နဲ့ပဲအတူအိပ်ပါ့မယ်…‘ထွန်းအောင်ကျော်’ လာရင်တော့ ကျွန်မပြန်မှာပါ”

ထိုအပြောကြောင့် ဒယ်ဒီက ‘ဒေါ်မေမေထွန်း’ ကိုလှမ်းကြည့်သည်။

‘လဝန်း’ ကတော့ နံရံတွင် ငွေဘောင်ကွပ်၍ ချိတ်ထားသော ဓါတ်ပုံများကို လိုက်ကြည့်နေမိသည်။

‘ကိုထွန်းအောင်ကျော်’ ၏ ဘွဲ့ရဓါတ်ပုံနှစ်ပုံ။

ရောင်စုံဓါတ်ပုံဖြစ်၍ သေချာကြည့်တော့ ဘွဲ့ဝတ်စုံရင်

http://www.cherrythitsar.org


ပတ်မှ ဖဲကြိုးပြားကြီးများ အရောင်မတူကြ။ ဘွဲ့ရသည့်ဘာသာ ရပ်ခြင်းမတူကြောင်း သဘောပေါက်ပါသည်။

'ကိုငယ့်' အခန်းက အကျယ်ကြီးပါပဲ။ တစ်ယောက်ခွဲအိပ် ဆိုဖာကုတင်တစ်လုံးနှင့် တစ်ယောက်အိပ်ကုတင်တစ်လုံးတို့ကို ယှဉ်၍ ပြင်ဆင်ထားသည်။ အိပ်ခန်းထဲတွင် ဧည့်သည်စကား ပြောနိုင်ရန် ဆိုဖာနှစ်လုံး၊စားပွဲခုံတစ်လုံး၊ ဝရံတာလည်းရှိသည်။ တီဗွီ၊ ဗွီဒီယို၊ ဒီဗွီဒီနှင့် အခွေများစွာရှိသည်။ ရေချိုးခန်းအိမ်သာ ရှိသည်။

အရင်က ဒါတွေမက်ချင်မက်မည်။ ယခုတော့ 'လဝန်း' ၏ လူဆိုတာကိုသာမက်သည်။

အဓိကကျလှသည့် လူကိုမတွေ့ရဘဲ ဤအိမ်ပေါ်တွင် ဘယ်နှစ်ရက်၊ ဘယ်နှစ်လနေရမည်နည်း။

"ငါကတော့ တစ်ပတ်ပြည့်ရင် ပြောတဲ့အတိုင်းလုပ်မှာပဲ"

"မေကြီး ရယ်... သူတို့စိတ်တိုလို့ မောင်းထုတ်လိုက်ရင် 'လဝန်း' တို့တူဝရီးပဲ အရှက်ရပြီး မျက်နှာငယ်ကြရမှာလေ... 'လဝန်း' ကတော့ စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်ချင်တယ် ဝေးသွားရင် ဒီကိစ္စကပိုပြီး သွေးအေးသွားလိမ့်မယ်... 'လဝန်း' တို့ထွက်သွားရင် သူတို့ပိုတောင်ဝမ်းသာဦးမှာ... ခုလိုသူတို့

http://www.cherrythitsar.org


အိမ်ပေါ်မှာ စည်းစိမ်အပြည့်နဲ့ထားတာကိုက သူတို့သားနဲ့ပတ်သက်တဲ့လူတွေဖြစ်တဲ့အပြင် 'ကိုအောင်' ကိုယ်တိုင်က 'လဝန်း' ကို ချစ်မြတ်နိုးလို့ လက်ထပ်ယူတော့မယ်ပြောထားလို့ တွဲရိုက်ထားတဲ့ဓါတ်ပုံလည်း သက်သေရှိနေလို့ နေခွင့်ရတာပါ"

"ကဲ နားလှည့်ပါးရိုက်ပြီး ဘယ်လောက်ကြာအောင်အိမ်တွင်းအောင်းခိုင်းဦးမလဲဆိုတာ သိလို့လား... သူတို့ပုံစံတွေက ပါးစပ်ချိုချို မျက်နှာချိုချိုနဲ့ နှစ်သိမ့်ပြီး ညည်းကိုချောင်ထိုးထားမယ့်ပုံစံကြီး... ငရဲကြီးမှာကြောက်လို့ပေါ့အေ... ညည်းမှားခဲ့တဲ့တစ်ညအတွက် ကိုယ်ဝန်ရှိလာရင်လည်း ဆေးသောက်လိုက်ရင်ရပါတယ်... သူတို့ကလည်း ဒီလိုပဲဖြစ်စေချင်မှာပဲ"

" 'လဝန်း' လည်းတစ်ခါတစ်ခါ မာနနဲ့ဂုဏ်ကနဲမြည်အောင်ချိုးပြီး ကိုယ့်ဘဝကိုယ် ဆက်ပြီးထူထောင်ပစ်လိုက်ချင်တယ်... ဒါပေမဲ့ သူများတံတွေးခွက်ထဲ မျောရမှာ"

'ဒေါ်ရင်မြင့်' အံကြိတ်နေပါသည်။

" 'လဝန်း' စဉ်းစားထားတာတော့ရှိတယ်... လေးငါးလလောက်နေလို့မှ အကြောင်းမထူးဘူး 'ကိုအောင်' ပြန်ရောက်မလာဘူးဆိုရင်တော့ ပြောချင်တာပြောကြပါစေ... 'လဝန်း' တို့ပြန်ကြမယ်လေ"

"အဲ့ဒီအချိန်ဆိုရင် ညည်းဗိုက်က ပေါ်နေပြီလေ"

"ရတယ် ကိုယ်ဝန်မြဲခဲ့ရင်လည်းကွဲခဲ့ပြီလို့ပြောပြီး မကြီးနဲ့အတူ စက်ပဲချုပ်စားတော့မယ်... ပြောချင်တာပြောကြပါစေတော့... သူများအိမ်မှာ သူများမျက်နှာကြည့်ပြီး သူများထမင်းကို ဖိမ်နဲ့ထိုင်မစားချင်ပါဘူး"

'လဝန်း' က လူပုံပျော့ပေမယ့် ပြောလျှင်ပြောသလိုလုပ်တတ်သည်ဆိုတာကို သိပြီးသား။

"ဟုတ်ပါရဲ့အေ... 'မောင်အောင်' တစ်ယောက်ဘယ်များရောက်နေပါလိမ့်... တစ်ခုခုများဖြစ်နေလို့လား... အခုတောင်တစ်လပြည့်တော့မယ်... တစ်ခါတလေ တွေးမိတယ် အခုလက်ရှိ 'ထွန်းအောင်ကျော်' ဆိုတဲ့အကောင်ကရော တကယ်ကောင်းရဲ့လားလို့... သူလုပ်ချင်တာလုပ်ပြီး ငယ်ငယ်တည်းကနာမည်ဆိုးရှိတဲ့ 'ကိုငယ့်' ကို လွှဲ,လွှဲချနေရင်ကော... ညည်း စဉ်းစားကြည့်... ဆေးရုံမှာညည်းနဲ့စတွေ့ပြီး ပြုံးစေ့စေ့နဲ့ အမြဲခိုးကြည့်တတ်တာ ငါမြင်နေတာပဲ"

" 'လဝန်း' လည်းသူလို့ပဲထင်ပြီး အားကိုမိခဲ့တာပါ... အကူအညီတောင်းခဲ့မိတာပါ... ခုတော့ သူတကယ်ပြောနေတာလား... လိမ်နေတာလားဆိုတာ သူပဲသိမှာပေါ့"

"ညည်းသူတို့နှစ်ယောက်ကို မခွဲနိုင်ဘူးလား"

"ကဲ မေကြီး ရောခွဲနိုင်လို့လား"

"အေး တစ်ယောက်တည်းလိုပါပဲအေ… ဥပမာ မည့်ပါတာတို့မျက်လုံးအစ်တာတို့ အသံကွဲတာတို့လောက်ရှိရင်တော့ တော်သေးတယ်… ဒါနဲ့ညည်းလူမှာ အမှတ်တို့ဘာတို့မပါဘူးလား… ဥပမာ ရင်ပတ်တို့ကျောတို့ ဗိုက်တို့ပေါင်တို့"

"အို အဲ့ဒါတွေကို မကြည့်မိခဲ့ပါဘူး… အဲ့သလိုကြီးလည်း ရင်းရင်းနှီးနှီးမနေခဲ့ဖူးပါဘူး"

'ဒေါ်ရင်မြင့်' က မဲ့ရွဲ့ပြီး…

"ဟွန်း မရင်းနှီးလို့ပဲတော်တော့တယ်… မပြောချင်ဘူး"

"အဲ့ဒါက ကားပျက်လို့မမျှော်လင့်ဘဲမှားခဲ့တာပါ မေကြီးရယ်… သူ တမင်ကြိုတင်ကြံစည်ပြီး ဖျက်စီးတာလားမသိပါဘူး"

"ညည်းအဖြစ်ကလည်း ဆိုးပါတယ်အေ… ကဲ ခြောက်လအထိနေမယ်ဆိုလည်း ခြောက်လနောက်ပိုင်းရင်ဆိုင်ရမယ့်ကိစ္စတွေအတွက် ငါ ကြိုတင်ပြင်ဆင်ထားမယ်"

'လဝန်း' ၏ မျက်ဝန်းများက အမြဲမျက်ရည်ရစ်ဝိုင်းနေပြီး မျက်ခွံလေးတွေအစ်နေတာကို မြင်ရယုံဖြင့် သူမ မကြာခဏငို

ထားမှန်းသိသာပါသည်။

မနက်လက်ဘက်ရည်ဝိုင်း ဆင်းသောက်လိုက်၊ ထမင်းနှစ်နပ်ဆင်းစားလိုက်၊ ညဖိုက်ဆာလျှင်စားဖို့ မုန့်ပုံးနှင့်ကာဖီမစ်ထုပ်တွေ၊ ပေးထားသဖြင့် ဖျော်သောက်လိုက်လုပ်နေသည်မှာ တစ်လနီးပါပင်ရှိပြီ။

ယနေ့ ညစာစားပြီးချိန်တွင်ဖြစ်သည်။

"ဒယ်ဒီနဲ့မာမီကို ခွင့်တောင်းချင်လို့"

"ဘာခွင့်တုန်း သမီးရဲ့"

"ဘာအလုပ်မှမလုပ်ဘဲ ဘာမှကူမလုပ်ဘဲ ကိုယ့်ပိုက်ဆံတစ်ပြားမှမပါဘဲ ခုလို အရှံသင့်ဆင်းစားနေရတာ ရှက်လှပါပြီ အပြင်မှာအလုပ်ထွက်လုပ်ပါရစေ"

'ဦးအောင်နိုင်' က ခေါင်းတညိတ်ညိတ်နှင့်ရယ်ရင်း...

"ဟုတ်ပြီ ငါ့သမီးအလုပ်ထွက်လုပ်ရင် ဘယ်လောက်ရမလဲ... အများဆုံးရမယ့်လခကို ပြောစမ်း"

"နှစ်သောင်းလောက်တော့ ရမယ်ထင်တယ်"

" အေး ထမင်းစရိတ် ကားစရိတ်နဲ့တောင် အဲ့ဒီလခမလောက်ဘူးနော်... အဝတ်အစားဖိနပ် တခြားပစ္စည်းဘိုးတွေမပါသေးဘူးနော်... ဘာမှမလုပ်ဘဲ စားရမှာအားနာတယ်ဆိုရင်

http://www.cherrythitsar.org


လည်း အိမ်မှာဝိုင်းကူလုပ်ချင်လုပ်... ဒါမှမဟုတ် ဒယ်ဒီတို့ စီးပွားရေးလုပ်ငန်းတွေရဲ့ စာရင်းစစ်အဖြစ်ခန့်မယ်... ဒါပေမဲ့စာရင်းအင်းသင်တန်းတော့ တက်မှဖြစ်မယ်...အဲ့ဒါတစ်လလောက်တက်ချင်တယ်... သင်တန်းဆင်းရင် ဒယ်ဒီအလုပ်ခန့်မယ်... တစ်လစာရိတ်ငြိမ်း အိပ်ဖို့လည်းမပူရဘူး... သုံးသောင်းပေးမယ်ကွာ"

"အဲ့ဒါဆို ပိုတောင်ဆိုးသွားပြီပေါ့... အလကားစားအလကားနေပြီး ပိုက်ဆံတောင် ယူသုံးသလိုဖြစ်မနေဘူးလား"

"မဖြစ်ပါဘူးကွယ်... နဂိုတည်းက စာရင်းအင်းကိုင်ဖို့တစ်ယောက်ထားဖို့ အစီအစဉ်ရှိတယ် ... ဒယ်ဒီတစ်ယောက်တည်း ဒါတွေလုပ်နေရတာ... သမီး ကိုင်ပေးမယ်ဆိုရင် ဒယ်ဒီအေးအေးဆေးဆေး ခရီးထွက်လို့ရပြီ... ဘုရားဖူးထွက်လို့ရပြီ"

မေကြီး က ခေါင်းညိတ်ပြသဖြင့် 'လဝန်း' လည်းခေါင်းညိတ်ပြလိုက်ပါသည်။ အိမ်ခန်းထဲရောက်မှ...

"ဒါမှအပြင်ထွက်လို့ရမှာ... ငါလည်း ညည်းနဲ့လိုက်ပြီးစုံစမ်းစရာရှိတာ စုံစမ်းလိုက်ဦးမယ်"

နောက်တစ်နေ့ ကားထွက်ခါနီး မေကြီး က ကားပေါ်တက်မည်အလုပ်တွင်...

"'မရင်မြင့်' လိုက်မလို့လား… အိမ်စောင့်ပေးလေ ကျွန်မလည်း သူသင်တန်းတက်မယ့်အနားမှာ အမျိုးအိမ်ရှိလို့လိုက်သွားမလို့"

မေကြီး မျက်နှာ မဲ့သွားရှာသည်။

"ကျွန်မလည်း ရန်ကုန်မှာရှိတဲ့ အမျိုးအိမ်ရှာမလို့ပါပဲ"

"ဒါဆိုလည်း နောက်မှသပ်သပ် ပို့ပေးမယ်လေ"

မေကြီး ပုံစံက မကျေနပ်မှန်း သိသာလှပါသည်။

'လဝန်း' တို့သင်တန်းကပြန်လာသောအခါ မေကြီး ကို မတွေ့သဖြင့် ဒယ်ဒီ့ကိုမေးလိုက်သောအခါ…

"ညည်း ကြီးဒေါ်ကလည်း ပြောရအတော်ခက်တာပဲ… အိမ်ကကားနဲ့သွားချင်တဲ့နေရာ လိုက်ပို့ပေးပါမယ်ဆိုတာကို တားလို့မရဘူး… ဇွတ်ထွက်သွားတယ်လေ"

"မေကြီး လည်းပျင်းလို့ထင်ပါရဲ့… ဟိုအရင်ရက်တွေထဲက အပြင်ထွက်လည်ချင်တယ်ပြောနေတာ"

"ပြောရင် ပို့ပေးမှာပေါ့ကွယ်"

'ဒေါ်မေမေထွန်း' က ဘာမှမဖြစ်သလိုပြောသည်။

'လဝန်း' မှာတော့ မေကြီး မိုးချုပ်သည်အထိ ပြန်မလာသေးသဖြင့် မျက်ရည်လေးတစမ်းစမ်း ဖြစ်နေပါသည်။

http://www.cherrythitsar.org


ခုနစ်နာရီထိုးကာနီးမှ ပြန်ရောက်လာသည်။

“ ‘မရင်မြင့်’ လည်း မပြောမဆိုနဲ့ထွက်သွားလိုက်တာ... ‘လဝန်း’ ကဖြင့် ငိုချင်နေပြီ... နောက်ရက်လိုက်ပို့ပေးပါ့မယ် ပြောထားလျှက်နဲ့”

“ရတယ် ကိုယ်သွားချင်တဲ့နေရာတွေက မြို့စွန်မြို့ဖျား ချောင်ကြိုချောင်ကြားတွေမှာ... လိုက်ပို့ရင်အားနာလို့ရောက် ဖြစ်မှာမဟုတ်ဘူး... နောက်ရက်တွေ ‘လဝန်း’ သင်တန်းမပြီးမ ချင်း ကျွန်မလည်း မိတ်ဟောင်းဆွေဟောင်းတွေ လိုက်ရှာလိုက် ဦးမယ်”

“တွေ့လို့လား”

“အိမ်တော့ပြောင်းကုန်ကြပြီ... တစ်ဆင့်ပြီးတစ်ဆင့်ပေါ့ တွေ့မှာပါ”

◆ ◆ ◆

# ၁၃

သင်တန်းတစ်ပတ်ပြည့်သောနေ့တွင် ဖြစ်သည်။

" 'မရင်မြင့်' အသိရှာလို့ မတွေ့သေးဘူးလား... ဒီနေ့ ကော သွားဦးမှာလား"

"ဟုတ်တယ်"

"အဝေးကြီးတွေ သွားရှာတာကအရေးမကြီးပါဘူး ဒီနား တစ်ဝိုက်မှာ ကျွန်မတို့အိမ်က အကြောင်းတွေ ရှင်လိုက်စုံစမ်း နေတာ ကျွန်မသိတယ်နော်... ရှုပ်ရှုပ်ယှက်ယှက်တော့မလုပ်ပါ နဲ့ရှင်... ကျွန်မတို့တွေက ဒီပတ်ဝန်းကျင်မှာ ဘိုးဘွားစဉ်ဆက်

ထဲက ဂုဏ်နဲ့သိက္ခာနဲ့နေခဲ့ကြတာပါ”

“ ‘မေထွန်း’ လည်း ကျွန်မတို့အိမ် လာလည်တုန်းက ကျွန်မတို့အကြောင်းသိချင်လို့ တစ်အိမ်ပြီးတစ်အိမ်လိုက်စုံစမ်းခဲ့တာပဲ မဟုတ်လား”

“ဒါတော့ရှင် ကိုယ့်အိမ်ပေါ်ခေါ်တင်ထားရမယ့်ကိစ္စပဲ... မစုံစမ်းသင့်ဘူးလား... ‘မရင်မြင့်’ တို့တူဝရီးက ဆွေမရှိမျိုးမရှိဆိုတာသိရလို့ အိမ်ပေါ်ခေါ်တင်ဝံ့တာလေ...အရိပ်နေနေအခက်ချိုးချိုးမလုပ်ချင်ပါနဲ့ရှင်... ရှင်တို့ကို စည်းစိမ်အပြည့်နဲ့ထားထားတာပါ... နေတတ်ရင် တစ်သက်လုံးနေလို့ရပါတယ် ခု တော့ရှင်က အိမ်ထဲကအလုပ်သမားတွေကိုလည်း တောင်မေးမြောက်မေးလုပ်တယ်... အခု ဒီရပ်ကွက်ထဲကရှိသမျှအိမ်ဆိုင်လမ်းဘေးဆိုင် ဆေးဆိုင် စတိုးဆိုင်... အို ဆိုင်သေးဆိုင်ကြီးအကုန်ဝင်မေးတယ်ဆို... ‘ထွန်းအောင်ကျော်’ နဲ့ ရှင့်တူမလက်ထပ်ထားလို့ ဒီအိမ်ပေါ်ခေါ်တင်ထားတဲ့အကြောင်း လျှောက်ပြောတယ်ဆို”

“မပြောရဘူးလား မဟုတ်ဘူးလား”

“ဒီလိုလုပ်တာဟာ သားကြီး အတွက်ဘယ်လောက်ဒုက္ခရောက်မယ်ဆိုတာ ရှင် မသိဘူးလား... အဖြေကရှင်းနေတာပဲ

http://www.cherrythitsar.org


လေ… သူစိတ်ဝင်စားရင် ဖုန်းဆက်မှာပေါ့… ရှင့်တူမ ဒီရောက်မှ ဖုန်းဘယ်နှစ်ခါဆက်ဖူးသလဲ… အခုလို အပိုင်ဖမ်းတာတော့ ကျွန်မ လက်မခံနိုင်ဘူး”

ထိုစကားကြောင့် ‘လဝန်း’ ရှိုက်ကြီးတငင် ငိုကြွေးပြီးပြန်ဖို့ပြင်ပါတော့သည်။

“ပြန်မယ်ဆိုရင်လည်း ဒယ်ဒီတို့ဘက်က တာဝန်ကျေအောင်တော့လုပ်ပေးပါရစေ… ဘယ်လိုပဲဖြစ်ဖြစ် သားငယ်ရဲ့အာမခံချက်နဲ့ ‘လဝန်း’ ကိုအသိအမှတ်ပြုပြီး အိမ်ပေါ်ခေါ်တင်ထားခဲ့တာလေ… သားငယ် ပြန်လာရင် လာခေါ်ခိုင်းလိုက်ပါ့မယ်… တကယ်လို့ သားငယ်နဲ့မပတ်သက်ဘူးဆိုရင်လည်း ငါ့သမီးဘဝ နစ်နာခဲ့ရတဲ့အတွက် နစ်နာကြေးပေးပါ့မယ်… တောင်ပေါ်မှာဝယ်ပေးထားတဲ့ မြေကွက်ပေါ်မှာ နှစ်ထပ်တိုက်အပြည့်ဆောက်ပေးမယ်… အဲ့ဒါကို ကျောင်းဘော်ဒါဖွင့်စားချင်စားပေါ့… ငွေသားလည်း သိန်းနှစ်ဆယ်လောက်ထည့်ပေးလိုက်ပါ့မယ်”

‘ဒေါ်ရင်မြင့်’ က ခပ်ပြုံးပြုံးမျက်နှာဖြင့်…

“ ‘ဦးအောင်နိုင်’ ကို သိပ်ကျေးဇူးတင်ပါတယ်… ကျွန်မတို့နဲ့လာပတ်သက်တာက ‘ဒေါက်တာထွန်းအောင်ကျော်’ ပါ…

http://www.cherrythitsar.org


ကျွန်မတို့မြို့မှာလည်း 'ထွန်းအောင်ကျော်' နဲ့ကြိုက်ပြီး ယူဖြစ်သွားကြတယ်ဆိုတာ အားလုံးအသိပါ... ကျွန်မတို့ကိုငွေနဲ့မပေါက်ပါနဲ့... 'ဒေါက်တာထွန်းအောင်ကျော်' ကိုပဲရချင်ပါတယ်ကဲ ကျွန်မတို့ကိုသွားခွင့်ပြုပါ"

http://www.cherrythitsar.org



မောင်

နှင်းပွင့်ဖြူ ဆိုတဲ့ကောင်မလေးကို မေ့သွားပြီထင်ပါရဲ့...

မီးဝေးလို့ ချိတ်မာသွားပြီလား။

အချစ်ဆိုတာ နီးစပ်ရာမှာ ရှင်သန်တတ်တယ်ဆိုပေမယ့် နှင်းပွင့်ကတော့ အဝေးကြီးမှာရောက်နေပေမယ့် မောင့် ကို နာရီတိုင်းသတိရနေတဲ့သူပါ... ပိုတယ်လို့ မထင်ပါနဲ့... ကျောင်းစာတစ်ဖက် အလုပ်တစ်ဖက်နဲ့ သတိရနေတယ် အိပ်နေရင်လည်း အိပ်မက်တွေထဲမှာ မောင်ကကြီးစိုးနေခဲ့ပါတယ် အိမ်ကဖြစ်ချေင်လွန်းလို့သာ အဝေးကိုထွက်ခဲ့ရပေမယ့် မောင့် ကိုစိတ်မချတာတော့အမှန်

http://www.cherrythitsar.org


ပဲ...

မောင်တလူချောကြီးဆိုတော့ ကျောင်းတုန်းကလည်း ကောင်မလေး တွေ စတင်စိတ်ဝင်စားခြင်းကိုခံခဲ့ရတယ်...

နှင့်ပွင့် ကိုယ်တိုင်လည်း မောင့်ကိုစပြီးချစ်ခဲ့ရတာပါ... မောင် ကတော့ မိန်းမလှတွေအများကြီးထဲမှာ နှင်းပွင့် ရဲ့ အလှထက် အသိုင်းအဝိုင်းကိုပါ ထည့်ရွေးခဲ့မှန်းသိပါတယ်နော်...

မောင် ဘယ်သွားတယ် ဘာလုပ်တယ်ဆိုတာကို နှင်းပွင့် တော် တော်များများ သိနေခဲ့တယ်ဆိုရင်ရော...

ရန်ကုန်ဆေးရုံမှာတုန်းကလည်း လူနာရဲ့သမီးနဲ့ ငြိတိတိဖြစ် သေးတယ်မဟုတ်လား...

သူနာပြုချောချောလေးနဲ့လည်း မောင်တွဲသွားတွဲလာလုပ်သေး တယ်...

မောင့်ထက်သုံးနှစ်ကြီးတဲ့ ဆရာဝန်မချောချောနဲ့ လည်း မောင် တွဲခုတ်ခဲ့သေးတယ်...

မန္တလေးကိုပြောင်းရတော့လည်း မောင်ကပျိုတိုင်းကြိုက်တဲ့ နှင်း ဆီခိုင်ကြီးပါပဲ...

ရွှေတွေစိန်တွေ အကြီးအကျယ်ရောင်းတဲ့ဆိုင်က မောင့်ကိုသား မက်ဖမ်းချင်လို့ ဆေးရုံကိုအဝင်အထွက်များပြီး စားကောင်းသောက်ဖွယ်တွေ ပို့

http://www.cherrythitsar.org



**ပေးယုံတင်မကဘူး မောင်နေတဲ့တိုက်ခန်းကလည်း ပိုက်ဆံတောင်ပေးစရာမလိုဘူး ဆို...**

**ဒီသတင်းတွေရပြီး စိတ်မချမ်းမသာဖြစ်ရတယ်... စိတ်ကောက်ပြီး မောင့်ဆီစာမရေးဘဲနေမိတယ် ... နှင်းပွင့် စာမရေးတော့ မောင်ကပိုများ သဘောကျနေသလားမသိပါဘူး... ဖုန်းဆက်ဖော် စာရေးဖော်တောင် မရတော့ဘူး...**

**နှင်းပွင့် ထင်ထားတာက စိန်ကုန်သည်ရွှေကုန် သည်ကြီးရဲ့သမီးက အရမ်းလည်းချောလို့ မောင် စိန်ရောင်ရွှေရောင်တွေနဲ့ မျက်စေ့ကျိန်းပြီး နှင်းပွင့်ရဲ့ပုံစံကိုတောင် မှတ်မိပါ့ဦးမလားလို့ထင်နေခဲ့တာ... ခုတော့ မောင်က တောင်ပေါ်က အချောအလှလေးကို တိုးတိုးတိတ်တိတ်လက်ထပ်ပြီး အိမ်ပေါ် ကိုတောင် ခေါ်တင်ထားခဲ့ပြီဆို... ရက်စက်လိုက်တာမောင်ရယ်...**

သားကြီး အမြန်ချောနှင့်ထည့်ပေးလိုက်သော ချွေးမလောင်း၏စာကိုဖတ်ပြီး 'ဒေါ်မေမေထွန်း' အံကြိတ်နေပါသည်။ ဒေါသတွေလည်း ထွက်နေပါသည်။

"ဒါ သူ့အဒေါ် ဒီရပ်ကွက်ထဲက ဆိုင်တွေဝင်ပြီးအရှက်ခွဲလို့ 'နှင်းပွင့်' တို့အိမ် သတင်းပေါက်သွားတာနေမှာ... တော်တော်စုတ်ပဲ့တဲ့မိန်းမကြီး... သူကိုယ်တိုင်က 'ထွန်းအောင်ကျော်'

မှတ်ပြီး အတင်းအမိဖမ်းပေးတာနေမှာ”

“ကိုယ့်သားက ခပ်ပွေပွေခပ်ရှုပ်ရှုပ်ပါကွာ... ပွေချင်ရင် ရှုပ်ချင်ရင် ကိုယ့်နာမည်နဲ့ပွေပေါ့ ရှုပ်ပေါ့... ခုတော့ငါ့သားကြီး ခမြာ ဘယ်တော့မှစိတ်မချမ်းသာရဘူး... ‘နှင်းပွင့်’ ဆီကို မင်း ရောင်ပါရော အကျိုးအကြောင်းအမှန်သိရအောင် စာတစ်စောင် လောက်ရေးထည့်ပေးလိုက်ကြရအောင်...”

“တော်ပါပြီ အဖေကြီးရယ်... သူလည်း ပညာတတ်မိန်း ကလေးပဲ... သူများပြောတိုင်း ယုံရင်လည်းမတတ်နိုင်ဘူး... ကျွန်မတို့လည်းအကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့တာကြီးပဲ... အင်း သားငယ်လည်း ဘယ်ရောက်လို့ဘယ်ပေါက်နေမှန်းမသိ ဘူး... ဟိုခါတ်ပုံနဲ့စာရောက်ပြီးတည်းက ဖုန်းလည်းမဆက်စာ လည်းထပ်မရေးဘူး အိပ်မက်တွေကလည်း မကောင်းဘူးတော် ဟိုတူဝရီးနှစ်ယောက် အိမ်မှာရှိနေတုန်းကတော့ သူတို့ကိုအာ ရုံထားနေရလို့ သားငယ် ကိစ္စ မေ့ထားနိုင်ပေမယ့် ခုတော့ဒီ ကလေးတစ်ခုခုဖြစ်နေပြီလို့ ကျွန်မထင်တယ်... နှစ်လနီးပါး တောင် သူပျောက်နေတာ... အိမ်ကိုမလာနိုင်ရင်တောင် ဖုန်း ဆက်ဖို့တော့ ကောင်းတယ်... ဘုရား ဘုရား အသက်နဲ့လူနဲ့မှ တွဲလျှက်ရှိသေးရဲ့လား မသိပါဘူး ‘ကိုနိုင်’ ရယ်... အီး ဟီး ဟီး...

http://www.cherrythitsar.org


'အပါ့' ဆီကိုလည်း အကျိုးအကြောင်းပြောပြီး စုံစမ်းကြည့်ခိုင်းပါဦးတော်"

"ငါလည်း အဖေပဲကွာ... မတွေးဘဲ မပူဘဲနေမလားကွာ 'အပါ့' ကိုပြောပြထားတာလည်း ကြာပြီ... 'ကိုကြီး' ဆီမှာနောက်ဆုံးတွေ့သွားတဲ့အချိန်တုန်းက 'သိန်းဟန်ဦး' လွှတ်လိုက်တဲ့ လူနှစ်ယောက်နဲ့ပါသွားတဲ့အကြောင်း အဲ့ဒီလူနှစ်ယောက်ကို သားငယ်က ငွေငါးသိန်းစီပေးဖို့ ပြောသေးတယ် မဟုတ်လား"

"အင်း ပြောတယ်"

"အဲ့ဒီငွေကို လာမထုတ်ကြဘူးဆိုတည်းက 'သိန်းဟန်ဦး' ရဲ့လူတွေလက်ထဲက မလွတ်နိုင်တော့ဘူးတဲ့... ရက်တွေကြာလာတဲ့အထိ 'ကိုငယ့်' ဆီက ဘာအဆက်အသွယ်မှမရဘူးဆို ရင် အခြေအနေမကောင်းဘူးတဲ့... 'အပါ' လည်း စုံစမ်းနေပါတယ်"

"ဘုရား ဘုရား သားလေးကို ငွေနဲ့ရွေးဆိုရင်လည်းရွေးပါ့မယ်ရှင်... 'သိန်းဟန်ဦး' ကို ကျွန်မနဲ့သာ အမြန်ဆက်သွယ်ပေးပါ... 'သိန်းဟန်ဦး' ကို အမြန်ရှာပေးပါ အဖေကြီးရယ်... သားလေးရဲ့အသက်ကို သိန်းတစ်ရာနဲ့လည်း ပြန်ဝယ်ချင်ပါ

http://www.cherrythitsar.org


တယ်... ရှိသမျှစည်းစိမ်နဲ့လဲဆိုရင်လည်း လဲနိုင်ပါတယ် အီး ဟီး ဟီး"

"အေးပါကွာ... မင်းစိတ်ချမ်းသာအောင် ငါစုံစမ်းပေးပါ့မယ် ငါတစ်ခုတောင်းပန်ချင်တာက မပြောကောင်းပြောကောင်း သားငယ်များ တစ်ခုခုဖြစ်သွားခဲ့ရင် သားငယ်ကိုယ်စား သူချစ်တဲ့မိန်းကလေးကို ငါ့ချွေးမအဖြစ် အသိအမှတ်ပြုပြီး ပြုစုစောင့်ရှောက်ပါရစေကွာ"

"သြော် အဖေကြီးရယ်... ကျွန်မလည်း အိမ်ပေါ်တင်ပြီး ဖူးဖူးမှုတ်ထားတာပဲလေ... တစ်သက်လုံးနေပါလို့လည်းပြောခဲ့တာပဲ...သူတို့တူဝရီးနှစ်ယောက်က 'ကိုငယ့်' ကိုချစ်တာမဟုတ်ဘူး... 'ဒေါက်တာထွန်းအောင်ကျော်' ကိုပဲ လိုချင်တာလို့ပြောပြီး သူတို့သဘောနဲ့သူတို့ ဆင်းသွားကြတာပဲလေ... အီး ဟီး ဟီး ကျုပ်သားလေးက ဆရာဝန်မဟုတ်တော့ သူတို့မမက်ကြဘူးလေ... ဒါကြောင့် ငယ်ငယ်တည်းက တဖွဖွပြောခဲ့တာပေါ့ 'ကိုကြီး' နဲ့ယှဉ်ရင် မျက်နှာငယ်နေမယ်လို့... ခုတော့ ကိုယ်နဲ့တကယ်ပတ်သက်တဲ့လူကိုကျတော့ လွမ်းရမှန်းမသိ ပူပင်ရမှန်းမသိနဲ့... သားလေးအတွက် ကျွန်မတကယ် စိတ်မကောင်းဖြစ်မိတယ်... ကြေကွဲမိတယ် သိလား"

http://www.cherrythitsar.org


မိခင်ခမြာ သားနှစ်ယောက်နှင့်ပတ်သက်လျှင် မျက်နှာငယ်ရှာသူ လူဆိုးလူမိုက်လေးအတွက် အမြဲသောကရောက်ခဲ့ရတာ သူတို့လူမှန်းသိတတ်စတည်းက ဖြစ်သည်။

"မင်း ကျေနပ်တယ်ဆိုရင် သားငယ်ကိုယ်စား သူ့ချစ်သူကို ငါ ပြန်ခေါ်ပြီး စောင့်ရှောက်လိုက်မယ်"

"ခေါ် ခေါ် အဲ့ဒါမှ သားကြီး ကိုပါ ရှုံးရမှာ… လုပ်ချင်တာလုပ်တော်"

ဖခင်ဖြစ်သူ၏ ညွှန်ကြားချက်အရ 'ထွန်းအောင်ကျော်' တောင်ပေါ်မြို့လေးသို့ ရောက်ခဲ့ပါသည်။

နေရာကိုမမှတ်မိတော့သဖြင့် စုံစမ်းမေးမြန်းပြီးမှရောက်လာရတော့သည်။ 'ဦးဘလှ' တို့အိမ်ကိုရောက်တော့…

"ဟော ဒေါက်တာ… တစ်ယောက်တည်းလား 'လဝန်း' ရောမပါဘူးလား"

"ဟုတ်ကဲ့ခင်ဗျ… သူတို့က ရန်ကုန်မှာပဲလေ…ကျွန်တော်က ဒီအိမ်နဲ့ခြံကို တိုက်ပြန်ဆောက်ဖို့ကိစ္စနဲ့ရောက်လာတာပါ"

တကယ်တော့ 'လဝန်း' တို့ ဤမြို့တွင်မနေကြဘူးဆိုတာကို စုံစမ်းသိရှိခဲ့ပြီးဖြစ်သည်။

"ဒါနဲ့ ရန်ကုန်ကနေ 'လဝန်း' ဒီအိမ်ကို ဖုန်းဆက်သေး

http://www.cherrythitsar.org


လားမသိဘူး”

“မဆက်ဘူး… ‘လဝန်း’ တို့က ကောင်းစားသွားလို့ကျုပ်တို့အရပ်ကိုမေ့နေပြီလေ… သြော် ‘လဝန်း’ နဲ့တွေ့ရင် ပြောလိုက်ပါဦး… ‘နေဝန်း’ ဆိုတဲ့လူ ဖုန်းခဏခဏဆက်တယ်လို့”

“ ‘နေဝန်း’ ဟုတ်လား… အဲ့ဒါ ဘယ်သူလဲ”

“သူ့အစ်ကိုလို့ ပြောတာပဲ”

“သူတို့ပြောတော့ ‘လဝန်း’ မှာ အစ်ကိုမရှိသလိုပဲ”

“အေးဗျ သူတို့တူဝရီးက သိပ်သိုသိပ်တာ… ‘လဝန်း’ က သူ့မေကြီး ခေါင်းညိတ်ဆိုညိတ် ထိုင်ဆိုထိုင်ရတဲ့ဘဝလေ ဒီမြို့ကိုစရောက်လာတည်းက ‘လဝန်း’ ရယ် သူ့မေကြီးရယ်… ‘လဝန်း’ ရဲ့အဖေရယ် ဒီသုံးယောက်ပဲ ရောက်လာကြတာ … မဟုတ်မှလွဲရော သူတို့မှာဓာတ်ရှုပ်ရှိပုံရတယ်… ဒီ ‘နေဝန်း’ ဆိုတဲ့ကောင်လေး ဆက်သွယ်လာတော့ သုံးလေးနှစ်ပဲရှိသေးတယ်”

“အဲ့ဒီ ‘နေဝန်း’ ရဲ့ လိပ်စာလေးဘာလေး မသိဘူးလားဗျာ”

“လိပ်စာတော့ ဘယ်တော့မှမပြောဘူးဗျ… ခရီးသွားနေရတာများနေလို့ဆိုလား လွန်ခဲ့တဲ့လက ဖုန်းဆက်တုန်းကတောင်

http://www.cherrythitsar.org


'လဝန်း' နဲ့ဒေါက်တာ လက်ထပ်ပြီးတဲ့အကြောင်း ပြောလိုက်သေးတယ်"

"ဟုတ်လား"

'ထွန်းအောင်ကျော်' ၏ မျက်နှာတွင်ပြုံးနေသော်လည်း ရင်ထဲတွင် 'လဝန်း' ၏ ယောက်ျားအဖြစ် အခေါ်ခံရတိုင်း 'နှင်းပွင့်ဖြူ' အတွက် တစ်ခါ စိတ်မကောင်းဖြစ်ရသလို ဤပြဿနာကြောင့် မိမိ၏အိမ်ထောင်ပြုဖို့ အစီအစဉ်များ အခက်အခဲတွေ့ရတော့မည်ထင်သည်။

## ၁၄

မိုးလင်းလိုက်၊ မိုးချုပ်လိုက်...။

သကြိန်ကျလိုက်၊ သီတင်းကျွတ်လိုက်နှင့် အချိန်တွေက ကုန်လွယ်လှပါသည်။

ယခုဆိုလျှင် 'သော်တာ' နှင့် 'စန္ဒာ' တို့အမြွှာမောင်နှမ ပင်လျှင် မူကြိုတက်ကြရတော့မည်။

ရှေ့ဆင့်နောက်ဆင့်မွေးလာသည့် အမြွှားပူးဖြစ်သော်လည်း ရုပ်ခြင်းလုံးဝမဆင်ကြ။ ယောကျ်ားလေးက အဖေနှင့်တူပြီး မိန်းကလေးက 'လဝန်း' နှင့် တစ်ပုံစံတည်း။

"ဟော 'သားနေ'... ဒီတစ်ခေါက်ပြန်လာတာ မြန်လှချည်လား"

"မြန်ဆို စိတ်က ဒီကိုပဲရောက်နေတာ မေကြီး ရဲ့ ... 'သော်တာ' နဲ့ 'စန္ဒာ' ကိုပဲသတိရပြီးလွမ်းနေတာ... ဒီတစ်ခါ အလုပ်ကိစ္စပြတ်ရင် ရန်ကုန်မှာပဲအခြေချပြီး အရောင်းအဝယ် လုပ်တော့မယ်... 'လဝန်း' ရော အလုပ်သွားပြီလား"

"သွားပြီကွဲ့"

"'စန္ဒာ' တို့မောင်နှမရော"

"သူ့အဘွားလာခေါ်သွားတယ်"

"ဟင် ဘယ်အဘွားလဲ"

'နေဝန်း' က မျက်စေ့ပျက်မျက်နှာပျက်ဖြင့် မေးခြင်းဖြစ်သည်။

"မင်းအမေလေ... သူလည်းအဘွားပဲ... သူ့မြေးတွေကို ကြည့်ချင်မြင်ချင် ချစ်ချင်မှာပေါ့"

အထည်ချုပ်စက်ရုံဝင်းထဲ ဝင်လိုက်သည်နှင့်...

"ဟော သမီး... ဒီနေ့စောသားပဲ ဘာစားခဲ့ပြီးပြီလဲ"

"စားခဲ့ပြီးပြီ မေမေ"

"ခဏနေကြရင် မေမေတို့မြို့ထဲသွားမှာမို့လို့ 'စန္ဒာ'တို့

http://www.cherrythitsar.org


မောင်နှမကို ဝင်ခေါ်သွားလိုက်မယ်... သူတို့အတွက် အဝတ်အစားတွေ အရုပ်တွေဝယ်ပေးချင်လို့”

ထိုစကားကြောင့် ‘လဝန်း’ က စဉ်းစားသလိုလုပ်ရင်း...

“နေပါစေ မေမေရယ်... မေမေအရုပ်တွေဝယ်ပေးထား တာ အိမ်ထဲမှာပုံနေပြီ... အခုဝယ်ပေးမယ့် အရုပ်ကြီးတွေက လည်း အကြီးကြီးတွေ... အိမ်မှာထားစရာနေရာ မရှိပါဘူး”

“ဒါကြောင့် ဒီကိုပြောင်းခဲ့ကြဖို့ ခေါ်နေတာပေါ့... အပေါ် ထပ်တစ်ထပ်လုံး အားနေတာကိုး”

“ပထွေးက သဘောကောင်းပေမယ့် ပထွေး အမျိုးတွေက ပြောနေပါ့မယ်... နေပါစေ အမေရယ်”

“ဒါဆိုလည်း သမီးတို့နေတဲ့အနားမှာ အိမ်ကောင်းကောင်းလေးရှာလိုက်... မေမေ ဝယ်ပေးမယ်”

“အို မေကြီး စိတ်တိုမှာပေါ့... အခုတောင် ‘လဝန်း’ ကို စိတ်ကောက်ပြီး စကားမပြောဘူးလေ... တိတ်တိတ်လေးပဲငို ငိုထားတယ်”

“ဒါတော့အေ သမီးအရင်းနဲ့အမေအရင်း ပြန်တွေ့တာပဲ ချစ်ကြမှာပေ့ါ... ပျော်ကြမှာပေါ့... သူ တစ်သက်လုံးချစ်ခဲ့ပြီးပြီ ပဲ... ကိုယ်ချင်းမစာတတ်တာလွန်ရော”

ကံတရားက မိသားစုကို ပြန်ဆုံပေးခဲ့ပြီဖြစ်သည်။

မာမီတို့အိမ်မှာနေစဉ်တုန်းက 'လဝန်း' စာရင်းကိုင်သင် တန်းသွားတက်သည့်နေ့တိုင်း မေကြီး လည်းအိမ်ပြင်ထွက်၍ မာမီတို့ရပ်ကွက်ထဲတွင် စုံစမ်းရေးဆင်းခဲ့သလို 'ကိုနေ' နှင့်ပတ်သက်ပြီး စုံစမ်းခဲ့သည်။

'ပထွေး' နှင့်သိပ်မတည့်၍ အတူမနေကြောင်း သိရသဖြင့် မေကြီး ကျေနပ်ခဲ့သည်။

ပထွေးနှင့် 'ကိုနေ' သင့်မြတ်ပြီး ချစ်ခင်နေလျှင် မေကြီး သံသယက ပိုကြီးထွားစရာရှိသည်။

ခုတော့ 'ကိုနေ' က အတူနေ မိခင်နှင့်ပထွေးထက်အဝေး တွင်ရောက်နေသော ညီမနှင့်ကြီးဒေါ်ကို အရှယ်ရောက်တည်း က စုံစမ်းရှာဖွေခဲ့သူ။

ပထွေးကလည်း 'ကိုနေ' ၏ စိမ်းကားရိုင်းပြမှုကြောင့် 'ကိုနေ' ကို တစ်နေ့တခြားမုန်းတီးပြီး အမြဲမောင်းထုတ်နေတတ်သဖြင့် 'ကိုနေ' ရှစ်တန်းအောင်ထဲက ကုန်သည်တစ်ဦး၏ နေအိမ်တွင် စားရိတ်ငြိမ်းအလုပ်သမားအဖြစ် သွားရောက်နေထိုင်ခဲ့သည်။

ပြီးတော့ အမေနှင့်ပထွေး လက်ထပ်ပြီးတည်းက ယနေ့

http://www.cherrythitsar.org


အထိ သားသမီးမထွန်းကား။

အဖေမသေခင်တည်းက ပထွေးနှင့်ဖောက်ပြန်ခဲ့သည်ဟု အမေ့ကိုသံသယရှိခဲ့သော မေကြီး တစ်ယောက်အချိန်ကြာမြင့်လာသည်နှင့် ထိုသံသယများပျောက်ကွယ်လေဖြစ်ခဲ့ရသည်။

ပထွေး က 'ကိုနေ' ကို မချစ်သလို 'ကိုနေ' က ပထွေးကိုမချစ်သောကြောင့်...

ပြီးတော့ ပထွေးမှာ သားသမီးမရနိုင်သည့် ကိစ္စအပြင်မွေးကာစက ပထွေးနှင့်ရုပ်ချင်းဆင်သည်ဟု ထင်ခဲ့ရသော 'ကိုနေ' ပုံစံသည် အသက်ကြီးလာလေ အဖေနှင့်ပိုတူလာလေဖြစ်သောကြောင့်ပါပဲ။

အမြွှာမောင်နှမဖြစ်သော်လည်း 'ကိုနေ' က အသားညို ညိုပိန်ခြောက်ခြောက်၊ ဆံပင်ကကောက်သေးသည်။

'လဝန်း' ကတော့ မွေးတည်းက ဖြူဖြူဖွေးဖွေးဝဝကစ်ကစ်နှင့် မိခင်၏အလှကိုရရှိသူ။

သို့သော် 'လဝန်း' က အပျိုဖြစ်ပြီးနောက်ပိုင်း သေးသေးသွယ်သွယ်နှင့် ကတုံးခဏခဏတုံးပြီး ဦးထုပ်အမြဲဆောင်းထား၍လားမသိ။ 'လဝန်း' ၏ ဆံပင်များ လှိုင်းထပြီး အဖျားတွင်ကော့ကော့လိပ်လိပ်ကလေးတွေ ဖြစ်နေတတ်သည်။

http://www.cherrythitsar.org


အိမ်နီးချင်းလည်းဖြစ်၊ လုပ်ငန်းတစ်ခုတည်းတွင် အတူတူလုပ်ကြသော ပထွေးနှင့် အမေ့ကို တရင်းတနှီးနေခြင်းတို့ကြောင့် အဖေကသံသယရှိခဲ့သည်ကို မဖျောင်းဖျဘဲ မေကြီး ကပါ သံသယတွေ၊ အမုန်းတွေ၊ အာဃာတတွေနှင့် ဂုံးချောခဲ့သ ဖြင့် လင်မယားကွဲသွားကြတော့သည်။

တောင်ပေါ်ကိုအလုပ်ပြောင်းတော့ 'လဝန်း' ကိုသာခေါ်ခဲ့ပြီး 'ကိုနေ' ကိုတော့ မိခင်နှင့်ထားခဲ့သည်။

မိခင်ကလည်း အရှုံ့တိုက်ခြင်းလား၊ အမှီရှာခြင်းလား မသိ။ ပထွေးနှင့်တစ်နှစ်အတွင်း လက်ထပ်ခဲ့သည်။

တကယ်မပြတ်နိုင်သူက အဖေပေါ့။

စိတ်ညစ်တိုင်း အရက်ဖိသောက်ရင်း အိမ်ထောင်ပျက်ပြီး ဆယ်နှစ်ခန့်တွင် ဆုံးသွားခဲ့သည်။

'ကိုနေ' ကိုတွေ့ချင်၍ စုံစမ်းရေးထွက်ခဲ့ခြင်းဖြစ်သော်လည်း အမေနှင့်ပထွေးတို့၏ အထည်ချုပ်စက်ရုံကိုတွေ့ခဲ့ရသည်။ လူနေနှစ်ထပ်၏ဘေးရှိ ခြံဝန်းကျယ်ကျယ်တွင် စက်ရုံဆောက်ထားခြင်းဖြစ်သည်။

အမေက မေကြီး ကိုတွေ့တော့ ဝမ်းသာအားရကြိုဆိုနှုတ်ဆက်ရှာတယ်တဲ့။

http://www.cherrythitsar.org


'ကိုနေ' ခါတ်ပုံတွေထုတ်ပြတော့ ငယ်ရုပ်ပြောင်းပြီး သေသွားပြီဖြစ်သည့် မောင်နှင့်တူတာတွေ့လေမှ မေကြီး က ရှိုက်ကြီးတငင်ငိုပါတော့သည်။

"သံသယဝင်နေတဲ့ ညည်းယောက်ျားကို ငါကစိတ်ပြေအောင် မဖျောင်းဖျဘဲ မီးလောင်ရာလေပင့်လုပ်ခဲ့လို့ ငါ့မောင်လည်းသေ ကလေးတွေလည်း တကွဲတပြားနဲ့ မျက်နှာငယ်ခဲ့ရတယ်... အခု 'နေဝန်း' ရော"

"မေကြီး တူက မေကြီး လိုပါပဲ... ပထွေးအရိပ်မခိုချင်လို့ဆိုပြီး သူများလက်အောက်မှာ အလုပ်သမားသွားလုပ်တယ်လေ... ဒါပေမဲ့ သူ့အလုပ်ရှင်က စိတ်ကောင်းရှိပါတယ်... 'နွေး' ကလည်း သူ မသိအောင် သူ့အလုပ်ရှင်ကို ဖားထားရတာပေါ့ ကိုယ့်သားဆိုတော့လည်း မပစ်နိုင်ဘူးလေ... အခုဆို 'ကိုနေ' က မြန်မာပြည်နယ်စပ်တွေကို သွားချည်လာချည်နဲ့ ကုန်သည်အကြီးစားဖြစ်နေပြီ... ဘဏ်မှာလည်း ငွေစုထားတယ်တဲ့ သူ့ညီမနဲ့ကြီးဒေါ်ကို တိုက်ဆောက်ပေးမလို့တဲ့... သူသာပြန်လာရင် အရမ်းဝမ်းသာမှာ"

'ကိုနေ' ပြန်မလာခင် 'လဝန်း' တို့တူဝရီး တည်းခိုခန်းလေးတစ်ခုတွင် နေကြခြင်းဖြစ်သည်။

ပါလာသည့် ရွှေကိုရောင်းပြီး ထိုအနည်းတစ်ဝိုက်တွင် စဘော်တင်၍နေကြသည်။တူဝရီးနှစ်ယောက်လုံး အချုပ်အလုပ် တတ်သဖြင့် စက်ချုပ်လုပ်ငန်းတစ်ခုတွင် ဝင်လုပ်နေကြသည်။

'လဝန်း' ထံတွင် ကိုယ်ဝန်ရှိနေကြောင်းသိသောအခါ မိခင်ဖြစ်သူက သမီးကို ပတ်ဝန်းကျင်က မကဲ့ရဲ့ရလေအောင် ယောက်ျားနှင့်ကွဲလာကြောင်း သတင်းလွှင့်ပြီး သူကိုယ်တိုင်နေ့ စဉ်ပစ္စည်းမျိုးစုံဝယ်လာ၍ မားမားမတ်မတ် ရပ်တည်ပေးခဲ့ သည်။

ကိုယ်ဝန်ရင့်လာတော့ အလုပ်ပေးမလုပ်တော့။

မေကြီး ကိုလည်း သူများစက်ချုပ်လုပ်ငန်းတွင် ဝင်လုပ် မည့်အစား သူတို့လုပ်ငန်းတွင် လခကောင်းကောင်းပေးမည် ဝင်လုပ်ဖို့ပြောသော်လည်း မေကြီး က လက်မခံ။

အမေနှင့်ပြန်မတွေ့ခင်တုန်းက မိမိအတွက် မားမားမတ် မတ်ရည်တည်ပေးခဲ့သော မေကြီး သည် ယခုနောက်ပိုင်းစကား နည်းသွားခဲ့သည်။ မျက်နှာကလည်း သိပ်မရွှင်။ သူ့နေရပ်ကို လွမ်းနေခြင်းလား၊ သူ့မောင်ကို ပြန်လည်တမ်းတနေခြင်းလား သူ့တူတော်မောင်ကို မျှော်နေခြင်းလား။ ဒါမှမဟုတ် 'လဝန်း' ၏ ချစ်သူ 'ကိုထွန်းအောင်ကျော်' ကို မျှော်နေခြင်းလား မပြော

http://www.cherrythitsar.org


တတ်ပါ။

'ကိုနေ'၏အလုပ်ရှင်က 'လဝန်း'တို့တူဝရီး ရန်ကုန်တွင် ရောက်နေကြောင်း အိမ်ငှားနေကြောင်း သတင်းပို့ပေးသဖြင့် ခါတိုင်း လေးငါးလနေမှ ရန်ကုန်တစ်ခေါက် ပြန်ရောက်လာတတ်သော 'ကိုနေ' တစ်ယောက် သတင်းကြားပြီး ချက်ချင်း ပြန်ရောက်လာသည်။ ဝယ်ခြမ်းလာသည့် ပစ္စည်းတွေကလည်း ကားတစ်စီးအပြည့်။

'ကိုနေ့'ကိုမြင်တော့ မကြီး ပုံစံက ချက်ချင်းပြောင်းလဲသွားသည်။

"ဟဲ့ ဝယ်လာတဲ့ပစ္စည်းတွေကလည်း များလှချည်လား"

"ဟုတ်တယ်လေ... မကြီး တို့အိမ်ငှားနေတယ်ဆိုတော့ လိုမယ်ထင်တဲ့ အိမ်သုံးပစ္စည်းတွေ အကုန်လျှောက်ဝယ်လာတာ"

ဟုတ်ပါသည်။

ဧည့်ခန်းထဲတွင် ပလပ်စတစ် စားပွဲတစ်လုံး၊ ပလပ်စတစ် ကုလားထိုင်လေးလုံး၊ ထမင်းစားစားပွဲနှင့် ကုလားထိုင်လေးလုံး တစ်စက်။ အရံသင့်သုံး၊ ကြောင်အိမ်၊ ဘီဒို၊ အဝတ်စင်၊ ပန်းကန် ခွက်ယောက်။

http://www.cherrythitsar.org


"မင်း အမေလည်းလာဝယ်ပို့ထားတာကွဲ့"

"မေကြီး လည်း အလုပ်မလုပ်နဲ့တော့... ကျွန်တော်ပဲရှာကျွေးမယ်"

"'လဝန်း' မီးဖွားရင်တော့ နားချင်နားမယ်... ခုတော့လုပ်နိုင်သေးတယ်... ဒီတိုင်းထိုင်နေရတာ ပျင်းလွန်းလို့ပါ"

နှမ၏ဗိုက်ကိုလှမ်းကြည့်ရင်း...

"အင်း တောင်ပေါ်ကို ဖုန်းဆက်တုန်းက ဆရာဝန်တစ်ယောက်နဲ့ယူလိုက်တယ်လို့ကြားတယ်... ကိုယ့်နှမဆရာဝန်နဲ့ရတယ်ဆိုတော့ ဝမ်းသာသွားတာပေါ့လေ... ဒါပေမဲ့ အလိမ်ခံလိုက်ရတယ်ဆိုတာလည်း ကြားရတယ်...အလုပ်မအားတဲ့ကြားက ရန်ကုန်က အဲ့ဒီဆရာဝန်အိမ်ကို လိုက်သွားသေးတယ်... အဲ့ဒီအိမ်ကဘွားဒေါ်ကြီးက တောင်ပေါ်ပြန်သွားကြပြီလို့ပြော လို့တောင်ပေါ်ကိုဆက်ကြည့်တော့လည်း ပြန်ရောက်မလာကြသေးဘူးပြောလို့... မေကြီး တို့အဆင်မပြေဘဲ ခြေရာဖျောက်နေတယ်ဆိုတာရိပ်မိပါတယ်... ဒါကြောင့် 'ကိုနေ' စာရေးပြီးဆုံးမခဲ့သေးတယ်မဟုတ်လား... မချမ်းသာချင်ရင်နေပါစေ... ကိုယ့်ရပ်ကိုယ့်ရွာက ကိုယ့်ကိုတကယ်ချစ်မြတ်နိုးမယ့်သူကိုပဲလက်ထပ်ပါလို့... ပြီးခဲ့တာတွေ ထားလိုက်ပါတော့လေ... ရှေ့

http://www.cherrythitsar.org


လျှောက်ငါတို့မောင်နှမတွေ စည်းစည်းလုံးလုံးပျော်ပျော်ရွှင်ရွှင်နေကြရအောင်… ကျန်းမာရေးကိုဂရုစိုက် ငွေရေးကြေးရေးအတွက် ဘာမှမပူနဲ့… 'ကိုနေ' စုထားတယ် ကြားလား"

'လဝန်း' က တရှုံ့ရှုံ့ငိုရင်း ခေါင်းညိတ်သည်။

မိခင်ရင်းအစ်ကိုရင်းတို့၏ မေတ္တာရိပ်တွင် နေခွင့်ရသ ဖြင့် 'လဝန်း' ပျော်ခဲ့ရပါသည်။ မေတ္တာလူလိမ်ခံရခြင်းကိုလည်း မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့ပါသည်။

'ကိုနေ' က မွေးဖွားပြီးစ ကလေးနှစ်ယောက်ကိုကြည့်ပြီး ပီတိတွေဖြစ်နေသည်။ ထိုနေ့က အဖေရော မေကြီးရော 'ကိုနေ' ရော အပျော်လွန်ပြီး၊ တစ်ယောက်မျှထမင်းမစားနိုင်ကြ။

"ငါ့တူနဲ့တူမ မျက်နှာမငယ်ရအောင် ဘဘကြီး ကတိုက်ခန်းအမြန်ဆုံးဝယ်ပေးမယ်ကွာ… မေကြီး က ကွေ့ချိုးလှေကားပါတဲ့ သုံးလွှာလောက်ဆိုရင်တော့ အတက်အဆင်းလုပ်နိုင်တယ်မဟုတ်လား"

"ရပါတယ်ကွယ်… မင်း ငွေကြပ်နေဦးမယ်"

"ရတယ် မီးဖွားပြီးသုံးလေးလနေရင် 'လဝန်း' ကအလုပ်ပြန်ဝင်လုပ် မေကြီး က မြေးတွေနဲ့ပဲနေပေါ့"

"အေးပါ အေးပါ"

မောင်နှမနှစ်ယောက်လုံးက မာနရှိကြသည်။ မိခင်ရင်း ဝယ်ပေးသည့်အိမ်ကို လက်မခံကြ။ ပထွေးကိုကျေးဇူးတင်ရမှာ ကြောက်နေကြသည်။ ပထွေးအမျိုးတွေ မျက်စောင်းထိုးကြည့်တာကိုမကြိုက်။

သည်လိုနေကြ၊ စားကြရင်းက 'သော်တာ' နှင့် 'စန္ဒာ' တို့မောင်နှမပင်လျှင် သုံးနှစ်ပြည့်ခဲ့ပြီ။

"ကလေးနှစ်ယောက် သုံးနှစ်ပြည့်မွေးနေ့လုပ်ဖို့ အမီပြန်လာတာလေ မေကြီး ရဲ့... မူကြိုတက်မယ်ဆိုလို့ ကျောပိုးအိတ်က နှစ်လုံးစီ... ဘွတ်ဖိနပ် ညှပ်ဖိနပ် စကတ် ဘောင်းဘီ စပို့ရှပ် ဘလောက်စ် အနွေးထည် ဦးထုပ်က တစ်ယောက်သုံးလုံး ကွန်ပါဗူး ခဲတံ စာအုပ် ခဲဖျက် အိုး စုံနေအောင်ဝယ်လာတာ ဘာလိုသေးလဲ ပြေးဝယ်လိုက်ဦးမယ်... နက်ဖြန်မွေးနေ့နော် မေကြီး ထိုင်နေသလောက်ရှိတဲ့ ဝက်ဝံရုပ်ကြီးနှစ်ရုပ်သွားဝယ်မယ်"

"အို တစ်အိမ်လုံးအရုပ်တွေကြီးပဲ... နှစ်ယောက်လုံးက ချိုးလိုက်ဖျက်လိုက်ကြတာ တစ်ခုမှအကောင်းမရှိဘူး...ပြီးတော့ မိန်းကလေးတစ်ယောက် ယောကျ်ားလေးတစ်ယောက်ဆိုတော့ ဘယ်ဟာဝတ်ဝတ် နှစ်မျိုးဆိုတော့ သူ့အဖွားဝယ်ပေးတာတွေ

http://www.cherrythitsar.org


ရောဆိုရင် ငါ့အိပ်ခန်းထဲမှာ အိပ်စရာနေရာတောင်မရှိတော့ဘူး”

“ဟား ဟား ဟား ဘွားဘွားကြီး စိတ်ညစ်နေပြီလား”

“ဩော် ဝယ်မပေးစေချင်လို့တော့ မဟုတ်ဘူးပေါ့ကွာ... ဒါတွေက မီးရေးထင်းရေးဆို ပစ်ခဲ့ရမှာ... မင်းလည်းသူတို့အတွက် ပိုက်ဆံတွေသုံးတာများနေပြီ... ကိုယ့်အတွက်ကိုယ်စုဦး မိန်းမလေးဘာလေး မယူတော့ဘူးလား”

“အဲ့ဒီကိစ္စ သတိကိုမရတာ”

“တွေ့ရောတွေ့ထားပြီးပြီလား”

“တွေ့တာပေါ့... သူ့ကိုမယူဘဲ အိမ်ဝယ်ပြီးဆွေမျိုးတွေနဲ့ပဲ ပျော်နေရကောင်းလားဆိုပြီး ဒေါက်ကနဲဖြတ်သွားပြီ”

“ဟယ် မေကြီး လိုက်တောင်းပန်ပေးမယ်... ဒီအိမ်က ‘ကိုနေ့’ အိမ်ပဲ... လက်ထပ်ပြီးသူနဲ့ပဲနေပါ”

“ဟာ ဒီစကား ‘လဝန်း’ မကြားပါစေနဲ့နော်... တော်ကြာ အိမ်ပေါ်ကဆင်းသွားဦးမယ်... မေကြီး တောင်းပန်လို့လည်းမရဘူး... သူကယောက်ျားတောင်ယူသွားပြီ... မယူခင်တည်းက အရမ်းအပူပေးတာပဲဗျာ... မွေ့နေ့တိုင်းဆိုလည်း ရွှေဝယ်ပေးမှ ကျေနပ်တာ... သူနဲ့ငါးနှစ်လောက်ကြိုက်ခဲ့တာ... ရွှေနှစ်ကျပ် ခွဲသားပေးပြီးပြီ... အခုတော့ ဆုံးပြီ... တကယ်ဆို ကျွန်တော်

ကိုလက်မထပ်ချင်ရင် ကျွန်တော့်ပစ္စည်းပြန်ပေးဖို့ကောင်းတယ်”

“ပေးတုန်းကပေးခဲ့ပြီး မင်းကလည်း ခုမှနမြောနေရသေးတယ်... မင်းလိုစိတ်ကောင်းရှိတဲ့လူမျိုး အချောအလှမှာနံပါတ်တစ်... ကျိကျိတက်ချမ်းသာတာနဲ့ရမှာကြည့်ထား”

“ဟား ငါ့ မေကြီးကတော့လုပ်ပြန်ပြီ... အဲ့သလို နံပါတ်တစ်အချောအလှမှန်းလို့ ‘လဝန်း’ အလိမ်ခံရတာ မမှတ်သေးဘူး”

“အို ငါ့တူမက အခုမှပိုလှလာပိုဝလာပြီး နပျိုစိုပြေနေတာပဲ... ကြည့်နေ ဟိုကောင်ထက်သာတာနဲ့ကိုရဦးမှာ... မင်းအမေကတောင် လာပြောနေသေးတယ်... သူတို့စက်ရုံနဲ့ကပ်လျှက်ဟိုဘက်ခြံက မုဆိုးဖိုပေါက်စက ‘လဝန်း’ ကို သဘောကျနေတာတဲ့... သူ့မှာလည်း ကလေးနှစ်ယောက်နဲ့ပဲတဲ့... သိတဲ့အတိုင်း ပရိဘောဂတွေ ထုတ်တဲ့အိမ်ကလေ”

“သိပါတယ် မဆိုးပါဘူး... ‘လဝန်း’ ကြိုက်ရင်ပေးစားလိုက်... ဒီကလေးနှစ်ယောက်ကို ကျွန်တော်ပဲ မွေးစားထားလိုက်တော့မယ်... သဘောတူတယ် သဘောတူတယ်... ဖြူဖြူချောချောနဲ့သဘောလည်းကောင်းတယ်... ပိုက်ဆံလည်းအရမ်းချမ်းသာတယ်... တခြားလုပ်ငန်းတွေလည်း ရှိသေးတယ်... မု

ဆိုးဖို့နဲ့တစ်ခုလပ်ဆိုတော့ သူနာတယ် ကိုယ်နာတယ်လည်း အပြစ်ပြောစရာမရှိဘူးပေါ့... ကဲ ကလေးတွေမလာခင် အရုပ်ကြီးတွေသွားဝယ်လိုက်ဦးမယ်... မေကြီး ရောဘာမှာချင်သေး လဲ"

"မမှာတော့ပါဘူး... မင်းကလည်း အနားယူပါဦးလား... မပင်ပန်းတဲ့အတိုင်း"

"ပြန်လာမှပဲနားတော့မယ်... သူတို့ပြန်လာရင် အံ့ဩစေချင်လို့ပါ"

"ကဲဒါဆိုလည်း လျှော်မယ့်အဝတ်တွေထုတ်ပေးသွားဦး"

"ဟုတ်ကဲ့"

◆ ◆ ◆

△၁၅□

**မောင်ထွန်းအောင်ဇော်**

**အသက် ၃၀**

**ရန်ကုန်မြို့နေ ဦးအောင်နိုင်၊ ဒေါ်မေမေထွန်းတို့၏သားငယ်၊ ဒေါက်တာထွန်းအောင်ကျော်၏ အမွှာညီ၊ မောင်ထွန်းအောင်ဇော်သည် (× × ×) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။**

'နေဝန်း' ၏ ပစ္စည်းထုပ်များအတွင်းမှ ထွက်လာသော

http://www.cherrythitsar.org


သတင်းစာများ၊ ကြော်ငြာများကို အမြဲဖြန့်ဖြန့်ပြီး စီစီရီရီပြန်ထပ်နေကြ။ ထပ်ရင်၊ စီရင်လည်း စိတ်ဝင်စားစရာတွေ့လျှင် ဖတ်နေကြ။

'ဒေါ်မေမေထွန်း' နှင့် 'ထွန်းအောင်ကျော်' နာမည်ကိုတွေ့လိုက်ရ၍ လက်တွေပင်တုန်လာခဲ့သည်။

သတင်းစာက သုံးနှစ်ခန့်ရှိပြီ။

မိမိတို့တူဝရီး သူတို့အိမ်ကထွက်လာပြီး တစ်လခန့်ကြာသောအချိန်တွင်ဖြစ်သည်။

'ထွန်းအောင်ဇော်' သေဆုံးသည့်ရက်ကို သေချာပြန်ဖတ်ကြည့်သောအခါ မိမိတို့တူဝရီး 'ဒေါ်မေမေထွန်း' တို့အိမ်ကိုရောက်သောအချိန်လောက်က။

အို ဘာဖြစ်လို့သေသွားတာပါလိမ့်။

ဒါကြောင့် အမြွာနှစ်ဦးကို ပူးလျှက်တွဲလျှက်မြင်တွေ့ခွင့်မရခြင်းကို။

ဒါတွေတွေးရင်း တွေးရင်းက ဒေါပွလာသည်။

ဤနာရေးကိုဖတ်လိုက်သည်နှင့် တောင်ပေါ်ကလူတွေသိကုန်ကြလောက်ပြီပေါ့။ 'ဒေါက်တာထွန်းအောင်ကျော်' နဲ့ 'လဝန်း' ကိုသဘောမတူဘူးဆိုတာ။

http://www.cherrythitsar.org


'နေဝန်း' ပြန်လာလျှင် ဤသတင်းစာကို ပြရဦးမည်။

'လဝန်း' ကိုပြောသင့်၊ မပြောသင့်။

"ပြောလိုက်ပေါ့ မေကြီး ရာ... အဲ့ဒီမိသားစုနဲ့သူနဲ့ဘာမှ မှမဆိုင်တော့တာ... ပိုက်ဆံချမ်းသာပြီး ပညာတတ်ပြီး လူစိတ်မရှိတဲ့ဟာတွေ"

'နေဝန်း' က အံတွေကြိတ်ရင်း ဒေါသနှင့်ပြောနေခြင်း ဖြစ်သည်။

"မဟုတ်ဘူးသားရဲ့... 'လဝန်း' နဲ့မပတ်သက်ဘူးဆိုရင်တောင် ကလေးနှစ်ယောက်ကတော့ သူတို့ရဲ့သွေးလေ"

"အို တော်ကြာ ကိုယ်ကစေတနာနဲ့ပြောပြရင်လည်း အမွေလိုချင်လို့ထင်နေဦးမယ်... သူတို့လည်း 'လဝန်း' ကိုသတိရကြမှာမဟုတ်တော့ပါဘူး... 'လဝန်း' ဆီမှာ ကိုယ်ဝန်ရှိလားမရှိလားတောင် သူတို့မသိဘူးမဟုတ်လား... ပစ်ထားလိုက်စမ်းပါ... အရေးမပါတဲ့ဟာတွေ"

နှမအတွက် 'နေဝန်း' က စိတ်နာနေတုန်းပါ။

ဒီလိုနာရေးကြော်ငြာပြလိုက်သောအခါ 'လဝန်း' မျက်ရည်တွေဝဲသွားပြီး ဆွေးဆွေးမြေ့မြေ့ကလေး ဖြစ်သွားခဲ့သည်။

ထိုညနေ ထမင်းမစား၊ ထိုညမအိပ်တော့။

http://www.cherrythitsar.org


တစ်ညတလေ၊ တစ်ရက်တလေ၊ တစ်ပတ်တလေဆို တော်ပြီပေါ့။ ခုတော့ သူက တစ်လကျော်သည်အထိ သိသိသာသာ မှိုင်တွေနေသဖြင့် 'နေဝန်း' က ဆူတော့သည်။

"နင် လွမ်းနေတာမပြီးသေးဘူးလား... ဒီအကောင်တွေ က နင့်အပေါ်ဘယ်လောက်ကောင်းခဲ့လို့လဲ... နှစ်ကောင်လုံး နင့်ဘဝကို အညွှန့်ကျိုးသွားအောင်လုပ်ခဲ့တာ... ဆရာဝန်ဆိုတဲ့ ကောင်က နင့်ကိုတန်တယ်တောင် ထင်တာမဟုတ်ဘူး ထားပါ နင်က ဆရာဝန်မှတ်ပြီးကြိုက်ခဲ့တဲ့ 'ကိုဇော်' ဆိုတဲ့လူလည်းသေပြီပဲ... တကယ်ပတ်သက်တာက 'ကိုဇော်' ပဲ... အခု သူမရှိဘူး သေတာတောင် သုံးနှစ်ရှိနေပြီ... ဒါကြောင့် နင်က ဘာကိုဘယ်လောက်ထိ ဆက်လွမ်းနေဦးမှာလဲ... နင် လုပ်သင့်လုပ်ထိုက်တာက မေမေတို့ခြံဘေးက 'ကိုဇော်ဦး' ကို လက်ထပ်ဖို့ပဲ... စိတ်ကူးယဉ်အိပ်မက်တွေကို မေ့ပစ်လိုက်တော့"

နာရီပိုင်းသာခြားသော အစ်ကိုက မိမိကိုတစ်ခါမျှအသံမာမာနှင့်ပင် မပြောခဲ့ဘူးပါ။

မိမိ ကောင်းစားစေချင်၍ ပြောမှန်းသိပါသည်။

သို့သော် ပထွေးနှင့်ကလေးတွေကို မနေစေချင်ပါ။

"ကလေးတွေကို ပထွေးနဲ့..."

"ဟော့ ဟော့ အဲ့ဒီကိစ္စမပူနဲ့... ငါမွေးစားမယ်"

"'ကိုနေ' တစ်နေ့အိမ်ထောင်မပြုဘဲနေမလား... 'ကိုနေ့' မိန်းမက"

"ဟိုး ဟိုး လုံးဝမယူဘူးစိတ်ချ... မကြီး မရှိတော့ရင်တောင် သူတို့ရဲ့အဖွားအရင်း မေမေ ရှိသေးတယ်လေ"

အဖွားအရင်းဆိုသည့် စကားကြောင့်...

"ဟုတ်သားပဲ အဖွားတွေအများကြီးရှိတာပဲ... 'မေထွန်း' တို့မြင်ရင်လည်းချစ်ကြမှာပဲ"

"ဟိတ် ဟိတ် နင့်စကားသည်တင်ရပ်စမ်းပါ... ဒီကလေးတွေ ဒီအရွယ်ထိရောက်လာအောင် အပင်ပန်းခံ အဆင်းရဲခံ အရှက်ကွဲခံခဲ့ရတာက နင်ရယ် မကြီးရယ် ငါရယ် မေမေရယ်ပဲရှိတာ... တခြားဘယ်သူမှ ချစ်ခွင့်မရှိဘူး... ဟာကွာ နင်အဲ့ဒီအိမ်ကို သိပ်လွမ်းမောနေရင်လည်း ငါတို့ဆီကထွက်သွားချင်ထွက်သွားတော့ကွာ... ငါတို့ကတော့ နင်ပျော်အောင်အရိပ်တကြည့်ကြည့်နဲ့နေခဲ့ရတာ... နင်တို့ ငါတို့မိသားစုကိုကျော်ပြီး ဟိုကိုသိပ်လွမ်းမောတမ်းတလွန်းတယ်... ရတယ်လေ နင်ငါတို့ကိုအထင်မကြီးရင်လည်း ကြိုက်တာလုပ်ပါ"

'နေဝန်း' က ငိုသံကြီးဖြင့်ပြောရင်း ထပ်ခိုးပေါ်တက်သွား

http://www.cherrythitsar.org


သဖြင့်...

“ ‘ကိုနေ’ က သူများကိုအလကား အထင်သေးနေတာကို... ဘယ်သူက အဲ့ဒီမှာသွားနေမယ်ပြောနေလို့လဲ... မပတ်သက်ချင်လို့ တစ်မြို့တည်းနေတာတောင် သူတို့မသိအောင်မာနနဲ့နေနေခဲ့တာပဲ... အခုဟာက ကလေးတွေကတော့ သူတို့နဲ့ပတ်သက်နေတယ်လေ”

တစ်ယောက်ကငိုပြီး အပေါ်ထပ်တက်သွားပြီး...

ကျန်တစ်ယောက်က အောက်ထပ်မှာ ပြောလိုက်ငိုလိုက်လုပ်နေသလို၊ နားထောင်နေသော မေကြီး ကလည်း မျက်ရည်တွေ တဝေါဝေါကျနေသည်ကို မြင်ရလေသောအခါ...

‘သော်တာ’ နှင့် ‘စန္ဒာ’ တို့မောင်နှမကလည်း ဘာမှန်းမသိ၊ ညာမှန်းမသိဘဲ တအီးအီးငိုပါတော့သည်။

“သားသားတို့မီးမီးတို့ မငိုပါနဲ့ကွယ်”

“ငိုမှာပဲ... ဖွားကြီးတို့ဘာလို့ငိုသေးလဲ... ဘဘကြီးလာခေါ်ဆိုနေ”

“ဘဘကြီး ဆင်းလာခဲ့လေ”

ကလေးတွေငိုယိုနေသဖြင့် ‘ကိုနေ’ ပြန်ဆင်းလာခဲ့သည်။

“ဒါ ‘ကိုနေ့’ အိမ်လေ... ‘ကိုနေ’ သွားစရာမလိုပါဘူး”

http://www.cherrythitsar.org


"နင်လည်းမသွားရဘူး... မာနမရှိလို့ အညွန့်ချိုးခံထိ တာ မမှတ်သေးဘူးလား"

"မသွားပါဘူး"

"အေး ဒါဆိုလည်းပြီးရော"

“‘မေထွန်း’ ရေ…”

“ရှင် အဖေကြီး”

“ငါ့စိတ်ထင်တော့ ‘လဝန်း’ မှာကလေးတွေ ဘာတွေရှိနေမယ်ထင်တယ်… သားငယ်နဲ့မှားခဲ့ကြလို့ အတင်းလက်ထပ်ခိုင်းတယ်ဆိုတော့လေ”

“အခြေအနေမကောင်းလို့ မရအောင်ဆေးတွေဘာတွေစားချင်စားပစ်မှာပေါ့ရှင် ကျွန်မတို့ဘက်ကမှ တာဝန်မယူတာ”

“သူတို့ပုံစံက ဖျက်လိုဖျက်ဆီးလုပ်မယ့်ပုံစံမျိုးမဟုတ်ဘူး

http://www.cherrythitsar.org


ကွ... သားကြီး ကလည်း 'နှင်းပွင့်ဖြူ' အဆက်အသွယ်ဖြတ်သွားပြီးတည်းက နောက်ထပ်အချစ်ရေး အိမ်ထောင်ရေးကိုစိတ်ဝင်စားပုံမပြတော့ ငါတို့မှာမြေးချီရဖို့မမြင်ပါဘူး... 'လဝန်း' ဆီမှာ ငါတို့သွေးလေးတွေတော့ ရှိနေရင် ပြန်လိုချင်တယ်ကွာ"

"ဘယ်ပေးပါ့မလဲရှင်... ကျုပ်တို့နာမည်တွေကြားရင်တောင် တီကိုဆားနဲ့တွန့်သလို တွန့်နေကြမှာ... အင်းလေ ဘာပဲဖြစ်ဖြစ် တောင်ပေါ်မှာ အိမ်ဆောက်ပေးထားတာလည်း ပစ်ထားမယ့်အတူတူ ရှင်နဲ့ကျုပ်နဲ့ ဆေးသုတ်တာတို့ အိမ်တွင်းအခန်းဖွဲ့တာတို့သွားလုပ်ရင်း အလည်အပတ်ထွက်ရအောင်"

"အေး သားကြီးရန်ကုန်မှာရှိနေတော့ အိမ်အတွက်လည်း မပူရဘူး... သွားကြတာပေါ့"

'လဝန်း' ၏ အခြေအနေမှန်ကိုသိလိုသဖြင့် လင်မယားနှစ်ယောက် ချက်ချင်းစီစဉ်ကြခြင်းဖြစ်သည်။

"ဖေဖေနဲ့မေမေကလည်း ရုတ်တရက်ကြီး ဘယ်လိုစိတ်ကူးပေါက်သွားတာလဲ"

ဘူတာရုံတွင် ကြိုရာလက်မှတ်ဝယ်ပြီး ရောက်နေကြသည့်မိဘများကို ဆေးရုံမှအပြန်ပြေးပြီး လာတွေ့ရခြင်းဖြစ်သည်။

http://www.cherrythitsar.org


"ရှိုးရှိုးတန်းကြီးစီးလို့မကောင်းပါဘူး... အိမ်သာတွေဘာတွေညစ်ပတ်နေပါ့မယ်... ဒီညသွားရရင် ပြီးရောမဟုတ်လား"

"ဗိုလ်ချုပ်ဈေးနောက်ဘက်က ဘူတာမှာ ကျွန်တော့်မိတ်ဆွေတွေရှိတယ်... အဲ့ဒီမှာ တစ်ခါတလေ လက်မှတ်ကျန်နေတတ်တယ်... ခဏလေးစောင့်နေနော်"

'ထွန်းအောင်ကျော်' ကြောင့် ငါးနာရီထွက်မည့် နှစ်ယောက်ခန်းအိပ်ခန်းတွဲတစ်ခန်း ရခဲ့သည်။

အဖေနှင့်အမေအတွက် ရေသန့်ဗူးကြီးတစ်ဗူး၊ ဗူးသေးတစ်ဗူး၊ ပန်းသီး၊ လိမ္မော်သီး၊ ဖျော်ရည်၊ အချိုတည်းဖို့အချဉ်မြည်းဖို့တပွေ့တစ်ပိုက် ပြေးဟယ်လွှားဟယ်ဝယ်နေရသဖြင့် 'သားကြီး' တစ်ကိုယ်လုံးချွေးတွေရွှဲလို့။

"ဘယ်နှစ်ရက်လောက် ကြာမှာလဲ မေမေ"

"မပြောတတ်ဘူး... အိမ်ကိုနည်းနည်းမွမ်းမံချင်လို့"

"နေမယ့်လူဖြင့်မရှိဘဲနဲ့... ဒီအိမ်ကိုသာမေမေတို့အပြတ်မဝယ်လိုက်ရင် 'လဝန်း' တို့တူဝရီးနေချင် နေဖြစ်ကြဦးမှာ... ခုတော့ ပိုင်ရှင်က မေမေတို့ဆိုတော့ သူတို့ဘယ်လာတော့မလဲ"

အပြစ်တင်ချင်သလိုပြောနေသော သားကြီး ကို စိုက်

http://www.cherrythitsar.org


ကြည့်ရင်း...

"အစတည်းက 'လဝန်း' ကိုပေးချင်လို့ ဝယ်ခဲ့တာပဲလေ.. သူတို့က 'ထွန်းအောင်ကျော်' ကလွဲရင် ဘာမှမလိုချင်ဘူးဆိုတော့လည်း မေမေတို့က 'ထွန်းအောင်ကျော်' ကိုဝယ်ပေးလို့မှ မရနိုင်တာ"

ထိုစကားနှင့် ရပ်သွားကြသည်။

ရထားလည်းထွက်ဖို့ ခေါင်းလောင်းတီးနေပြီ။

'ဒေါ်မေမေထွန်း' တို့လင်မယားကို 'ဦးဘလှ' တို့မိသားစုနှင့် 'ဒေါ်တင်စိန်' တို့မိသားစုက မနက်စာညစာတာဝန်ယူချက်ပြုတ်ပေးပို့ကြသဖြင့် ထိုအိမ်နှစ်အိမ်ကို ဝယ်လာသမျှလက်ဆောင်ပစ္စည်းများခွဲပို့ပေးသည်။

မပြန်မချင်း ထမင်းလခ ပေးစားမည်ဟုပြောထားသည်။ လင်မယားနှစ်ယောက်က တိုက်ကြီးကိုစိတ်ကြိုက်ပြင်ဆင်ချယ်သကြသည်။

မြို့ပေါ်ရှိပရိဘောဂဆိုင်မှ ခေတ်မီပရိဘောဂ အသုံးအ

http://www.cherrythitsar.org


ဆောင်၊ လျှပ်စစ်ပစ္စည်းများကအစ ဝယ်ထည့်ကြသည်။

“ ‘ဒေါ်မေမေထွန်း’ တို့လာနေနိုင်တာလည်း မဟုတ်ဘဲနဲ့ ပိုက်ဆံတွေနှမြောစရာကြီးဗျာ... တည်းခိုခန်းဖွင့်မလား... ဒါမှမဟုတ် တချို့အရာရှိတွေ နှစ်ချုပ်နဲ့ ငှားမယ့်လူတွေရှိတယ် ငှားမလား”

လင်မယားနှစ်ယောက်က စဉ်းစားသလိုလုပ်ပြီးမှ ပြိုင်တူခေါင်းခါကြသလို ပါးစပ်မှလည်းပြိုင်တူ...

“ ‘လဝန်း’ အတွက်ပါ”

“ ‘လဝန်း’ ကိုပေးချင်လို့ပါ”

‘ဦးဘလှ’ က တစ်ခုခုပြောချင်သည့်ပုံစံမျိုးလုပ်ပြီးမှ ပါးစပ်ပြန်ပိတ်သွားသဖြင့်၊ ‘ဒေါ်မေမေထွန်း’ က...

“ ‘ဦးဘလှ’ တစ်ခုခုပြောချင်နေပုံရတယ်... ပြောပါရှင်... ‘လဝန်း’ နောက်ထပ်အိမ်ထောင်ပြုသွားလို့လား”

“ဗျာ မဟုတ်ပါဘူး... ကျွန်တော် အဓိပ္ပါယ်မပေါက်သလိုဖြစ်နေလို့ပါ... ‘ဒေါ်မေမေထွန်း’ တို့က ဒီမြေကိုဝယ်ပြီး တိုက်ဆောက်လိုက်ပေမယ့် ‘လဝန်း’ ကို ချွေးမအဖြစ်အသိအမှတ်မပြုတော့ သူ ဘယ်လာနေဝံ့ပါ့မလဲ... တကယ်လို့သာ ဒီခြံလေးကို ‘ဒေါ်မေမေထွန်း’ တို့မဝယ်ဖြစ်ခဲ့ရင်တောင် သူတို့တူဝရီးဒီကို

http://www.cherrythitsar.org



ပြန်ရောက်လာနိုင်သေးတယ်... ဒီကလေးမလေးက ဣန္ဒြေရရ အေးအေးဆေးဆေးနေလို့ လူချစ်လူခင်ပေါတယ်... ဆရာဝန်နဲ့ချစ်တယ်ကြိုက်တယ် လက်ထပ်တယ်ဆိုတော့လည်း ဒီရပ်ကွက်က မိန်းကလေးတွေအတွက် အတုယူစရာစံပြဖြစ်ရပြန်တာပေါ့... ဒါပေမဲ့ အလိမ်ခံရတယ်လို့အများက ပြောနေကြတာ... သတင်းစာထဲက 'ထွန်းအောင်ဇော်' ရဲ့နာရေးသတင်းပါလာတော့မှ အမြွာဆိုတာသိရပြီး 'ဒေါ်မေမေထွန်း' တို့ကိုခွင့်လွှတ်ကြတာ... ဒါတောင် 'ထွန်းအောင်ဇော်' က 'ဒေါက်တာထွန်းအောင်ကျော်' ဆိုပြီး ညာသွားခဲ့တဲ့အတွက် 'လဝန်း'အညာခံရတာကို စံပြအဖြစ်နမူနာယူကြပြန်ရော"

" 'လဝန်း' သတင်းများ ဘာကြားမိသေးလည်းမသိဘူး ဒီအိမ်ကို သူ့အတွက်ပေးချင်လို့ပါ... ငွေသိန်းနှစ်ဆယ်နဲ့ဒီတိုက်ကို နစ်နာကြေးပေးဖို့ပြောပါသေးတယ်... သူတို့ကလက်မခံဘူးလေ"

"အင်းငွေတွေဂုဏ်တွေမရှိပေမယ့် မာနတော့ရှိတဲ့သဘောနေမှာပေါ့လေ... ဟိုတလောက 'လဝန်း' ရဲ့ သူငယ်ချင်း 'ယုယုနိုင်' ဆိုတာ ရန်ကုန်ကနေပြန်လာခဲ့တယ်... 'လဝန်း' နဲ့မမျှော်လင့်ဘဲတွေ့ခဲ့ရတယ်တဲ့... ကလေးလေးတွေတောင် မူကြိုတက်

http://www.cherrythitsar.org


နေကြပြီတဲ့... အရမ်းချစ်ဖို့ကောင်းတာပဲတဲ့"

"ရှင် ကလေးလေးတွေ ဟုတ်လား... သူကနောက်ထပ် အိမ်ထောင်ပြုပြီး ကလေးတွေတောင်ရနေပြီတဲ့လား"

"ဟာ ခင်ဗျားသားနဲ့ရတဲ့ ကလေးတွေပါ"

"ကလေးတွေဆိုတော့"

"အမြွှာမွေးထားတာလေ ... မိန်းကလေးတစ်ယောက် ယောကျ်ားလေးတစ်ယောက်... အရုပ်ကလေးတွေကျနေကြ တာပဲ... ချောလိုက်လှလိုက်ကြတာတဲ့"

"အို တွေ့ချင်လိုက်တာရှင်... ဘယ်မှာနေတယ်ဆိုတာ လိပ်စာလေးပြောပြပါလားရှင်"

"ဟာ ကျွန်တော်ဘယ်သိမလဲ... 'ယုယုနိုင်' နဲ့တွေ့လာ တာ"

" 'ယုယုနိုင်' ကို သွားမေးကြည့်ရအောင်နော်"

'လဝန်း' နှင့် 'ယုယုနိုင်' က အလွန်ချစ်သည့် သူငယ်ချင်း များဖြစ်သည်။

" 'လဝန်း' အတွက် အန်တီတို့မိသားစုကို စိတ်ခုနေတယ် ဆိုတာ သိပါတယ် သမီးရယ်... သူတို့တူဝရီးကို အိမ်ပေါ်မှာ တစ်သက်လုံးနေဖို့ ခေါ်ထားတာပါပဲ... အခုလည်း ကလေးနှစ်

ယောက်အတွက်ရော သူ့အတွက်နောင်ရေး မပူရအောင်စီစဉ်ပေးချင်လို့ပါ”

“အဲ့ဒီအတွက်တော့ မပူပါနဲ့ အန်တီ... ‘လဝန်း’ ရဲ့အမေကပိုက်ဆံရှိတယ်... ‘လဝန်း’ ရဲ့အမြွှာအစ်ကိုကလည်း ‘လဝန်း’ တို့သားအမိသုံးယောက်ကို ပြည့်ပြည့်စုံစုံထားပေးထားတာပါ”

“သူ့မှာလည်း အမြွှာအစ်ကိုရှိတယ် ဟုတ်လား”

“ဟုတ်တယ် သူကလူပျို်ကြီး... ပိုက်ဆံလည်းအရှာတော်တယ်... သူတို့ပြည့်ပြည့်စုံစုံနေကြရတယ်... ‘လဝန်း’ ကိုတောင်သူ့အမေနဲ့အစ်ကိုက မုဆိုးဖိုသူဌေးတစ်ယောက်နဲ့ယူဖို့အတင်းနားချနေကြတာ”

“အင်းပေါ့လေ... သူက ရုပ်လည်းချော ငယ်လည်းငယ်သေးတော့လေ... ကြိုက်မယ့်လူရှိမှာပါ... သူ အိမ်ထောင်ပြုလိုက်ရင်တော့ ကလေးတွေကို အန်တီတို့ပဲ ပြန်ခေါ်ထားချင်တယ်ကွယ်”

“အို ဘယ်ပေးကြမှာလဲ... သူ့အဘွားအရင်းကိုတောင် ‘ကိုနေ’ ကမပေးဘူး... မေကြီး နဲ့သူပဲ ဆက်မွေးထားကြမှာ”

“တို့ကလည်း အဘွားအရင်းပဲလေ”

“ဟင် အန်တီတို့က ကလေးတွေအတွက် ဘာတစ်ခုမှ

http://www.cherrythitsar.org


အနစ်နာခံခဲ့တာမှမဟုတ်ဘဲ... သူတို့ဘယ်ပေးပါ့မလဲ... ဘယ်ပတ်သက်ချင်ပါ့မလဲ... နာရေးသတင်းထည့်တုန်းကလည်း 'လဝန်း' နာမည်မှမပါတာ... ပတ်သက်တယ်လို့ ဘယ်ပြောလို့ရပါ့မလဲ"

'ယုယုနိုင်' က အငြိုးနှင့်ကောင်းကောင်းနှိပ်ကွပ်နေသဖြင့် 'ဒေါ်မေမေထွန်း' တို့ ဇနီးမောင်နှံ မျက်နှာငယ်နေရရှာသည်။

'ယုယုနိုင်' ဆီကအပြန် ပီစီအိုတွင် ဖုန်းဝင်ဆက်ကြ၏။

'ထွန်းအောင်ကျော်' ကလည်း အံ့သြဝမ်းသာသွားသည်။

"စိတ်မပူပါနဲ့ မေမေရာ... ကျွန်တော်ရအောင်ရှာပေးပါ့မယ်... ရန်ကုန်မှာရှိနေရင် ရှာလို့ရနေပါပြီ... အန်ကယ် 'အပ' ကို အကူအညီတောင်းကြည့်ရမှာပေါ့... အနေးနဲ့အမြန်သိရမှာပါ... မေမေတို့ပြန်လာခဲ့ကြပါ... အိမ်ကိစ္စက ကံထရိုက်နဲ့လွှဲခဲ့ရင်ဖြစ်ပါတယ်"

"အေး ကလေးတွေအကြောင်း ကြားရပြီးတည်းက ငါတို့လည်း ချက်ချင်းပြန်လာချင်နေတာ သားကြီး ရဲ့"

"ကားအော်ဒါငှားခဲ့လိုက်လေ... လမ်းမှာတစ်ညလောက်အိပ်ရင် မပင်ပန်းပါဘူး"

"အေး အေး"

# ၁၆

'လဝန်း' ခြေလှမ်းများတန့်သွားသည်။

သရဲအခြောက်ခံရသလို၊ ကြက်သီးမွေးညှင်းများထသွားခဲ့သည်။ ချက်ချင်း ချာကနဲလှည့်ထွက်လာခဲ့မိသည်။

ကားဖြူဖြူက နောက်ပြန်မောင်း၍ လိုက်လာခဲ့သဖြင့် မပြေးယုံတမယ် လျှောက်နေမိသည်။

"'လဝန်း'"

ကားပေါ်ကဆင်းပြီး သူ အနားသို့ရောက်လာခဲ့ပြီ။

"အေးအေးဆေးဆေး စကားပြောကြရအောင်"

http://www.cherrythitsar.org


“ဟင့်အင်း ဘာစကားမှပြောစရာမရှိဘူး”

“ကိုယ်ကတော့ရှိနေတယ်... ကလေးတွေကိစ္စဆွေးနွေးချင်တယ်”

“ရှင်တို့နဲ့ဘာဆိုင်လို့လဲ”

“သိပ်ဆိုင်တာပေါ့”

“ဘာမှမဆိုင်ဘူး”

“မင်းနဲ့ကိုယ်နဲ့ လက်ထပ်ထားတဲ့စာချုပ်ရှိနေတယ်လေ”

“အို အဲ့ဒီကိစ္စတွေက အလိမ်အညာတွေကြီးပဲ”

“ဘယ်လိုပဲဖြစ်ဖြစ် လက်မှတ်တော့ထိုးခဲ့ကြတာကြီးပဲ... ဒါဆိုရင် မင်းကလေးဟာ ကိုယ့်ကလေးပဲ”

“ရှင်တို့လိုရင်တစ်မျိုး မလိုရင်တစ်မျိုး သိပ်ပြောတတ်ကြတယ်... ကျွန်မနဲ့ပတ်သက်ခဲ့တဲ့ ‘ထွန်းအောင်ဇော်’ ဆိုတဲ့လူကသေပြီပဲ”

“ဒါပေမဲ့ မင်းလက်ထပ်ခဲ့တာက ‘ထွန်းအောင်ကျော်’ လေ”

“ဘာလဲ ကလေးရှိတယ် သတင်းကြားလို့ လိုက်လာတာလား”

“ဒါပေါ့”

http://www.cherrythitsar.org


"သိပ်ကလေးလိုချင်နေရင် ကိုယ့်ဖါသာကိုယ် မိန်းမယူပြီးမွေးပေါ့"

'ထွန်းအောင်ကျော်' က နှစ်ခြိုက်စွာရယ်မောရင်း...

"ဟားဟား ဟား မိန်းမတစ်ယောက်က ကိုယ့်ကိုအတင်းလက်ထပ်ခိုင်းလို့ ကိုယ်နဲ့စေ့စပ်ထားတဲ့ မိန်းကလေးလည်း ကိုယ့်ကိုစိတ်နာပြီး အဆက်ဖြတ်သွားခဲ့ပြီလေ"

"ရှင် မရှက်ဘူးလား... 'လဝန်း' ဟာ ရှင့်ညီရဲ့မိန်းမဆိုတာသိရဲ့သားနဲ့ တော်တော်နူတ်သရမ်းတာပဲ... ရှင်သိထားဖို့က ကျွန်မ နောက်အိမ်ထောင်ပြုဖို့ စီစဉ်ပြီးပြီ"

"မင်းနဲ့ကိုယ်နဲ့ ကွာမှမကွာရသေးတာ"

"အို အတူမနေတာ သုံးနှစ်ပြည့်ရင်ကွာပြီးသားပဲ"

"ကိုယ်က ကွာမပေးဘူးဆိုရင်ကော"

"အို ရှင်နဲ့ကျွန်မက ချစ်သူတွေမှမဟုတ်တာ... ကျွန်မနဲ့ချစ်ခဲ့တာက 'ကိုထွန်းအောင်ဇော်' ပဲလေ"

"ငါက မင်းကို စတွေ့တွေ့ချင်းတည်းက စိတ်ဝင်စားခဲ့တယ်... ချစ်ခဲ့တယ်ဆိုရင်ကော"

"တော်ပါ... ခုမှဒါတွေ လာပြောမနေပါနဲ့... ကလေးတွေကိုတွေ့ချင်ရင် တစ်ပတ်တစ်ခါလာပို့ပေးပါ့မယ်... ကျွန်မ

http://www.cherrythitsar.org


အကြွင်နာတရား မခေါင်းပါးပါဘူး... ဒါပဲမဟုတ်လား”

‘လဝန်း’ က ပုပ်သိုးသောမျက်နှာလေးဖြင့် ထွက်သွားခဲ့ပါပြီ။

အိမ်ရောက်သည်နှင့်အထုပ်တွေကို ပစ်ချပြီး...

“ဟင်း ဘူးသီးမှသိပ်အရီးတော်ချင်နေတယ်”

“ဟဲ့ ဘယ်သူ့ကိုပြောနေတာလဲ သမီးရဲ့”

“ ‘ထွန်းအောင်ကျော်’ ဆိုတဲ့လူပေါ့... တတ်လည်းတတ်နိုင်လွန်းတယ်... အရင်တုန်းကတော့ လူကိုမျက်နှာချင်းတောင်ဆိုင်ချင်တာမဟုတ်ဘူး... သူ့ကိုပဲ အမိဖမ်းသလိုလိုပုံစံနဲ့ဆက်ဆံခဲ့တာ... ခုမှ အတင်းလိုက်ရောနေတယ်”

“ဟင် ဒီကောင် ဘယ်ကသတင်းကြားခဲ့တာလည်း မသိဘူး”

“ကလေးကိစ္စ ဆွေးနွေးချင်လို့တဲ့”

“ဘာမှဆွေးနွေးစရာမလိုဘူးလို့ မပြောလိုက်ဘူးလား”

“ပြောတာပေါ့ မေကြီး ရဲ့... သူတို့ကလေးတွေကိုအရမ်းလိုချင်နေပုံရတယ်... ဘယ်လောက်အထိ အပိုင်ကြံဖို့စိတ်ကူးသလဲဆိုရင် ‘လဝန်း’ ဟာ သူ့ရဲ့တရားဝင်ဇနီးတဲ့... မကွာရှင်းရသေးဘူးတဲ့”

"ဟင် ဒါဆို အစကဘာလို့ ငြင်းသေးလဲ"

"အင်းလေ ဘာမှမဟုတ်ဘူး... ကလေးတွေကို ပိုင်ဆိုင်ချင်လို့နေမှာပေါ့"

"ကလေးလိုချင်ရင် မိန်းမယူလို့ပြောလိုက်ပေါ့"

"ပြောလိုက်တာပေါ့... ဟင် ဟိုမှာလိုက်လာပြီ"

ကားဖြူလေးရပ်သွားပြီး 'ထွန်းအောင်ကျော်' ကားပေါ်မှ ဆင်းလာသည်။

"ညည်းအထဲဝင်နေ"

'ဒေါ်ရင်မြင့်' က မျက်နှာပုပ်ဖြင့် ထိုင်ကြည့်နေခြင်းဖြစ်သည်။ 'ထွန်းအောင်ကျော်' က မျက်နှာချိုသွေးရင်း...

"မကြီး နေကောင်းတယ်နော်"

မကြီး ကမဖြေ။

"မကြီး တို့အိမ်ကထွက်သွားတယ်ပြောတည်းက ကျွန်တော်တောင် တောင်ပေါ်အိမ်ကိုလိုက်သွားသေးတာ လုံးဝအစဖျောက်အဆက်အသွယ် ပြတ်သွားပေမယ့် တောင်ပေါ်မှာတိုက်ဆောက်ပြီးသွားအောင် ကျွန်တော်ပဲ သွားကြည့်,ကြည့်ပေးခဲ့တာပါ... ဖေဖေနဲ့မေမေလည်း 'လဝန်း' သတင်းကိုစုံစမ်းရင်းလွန်ခဲ့တဲ့ငါးရက်က တောင်ပေါ်တိုက်ကိုဆေးသုတ်ကြတယ်...

ပစ္စည်းတွေဝယ်ထည့်ကြတယ်... ‘ဦးဘလှ’ ဆီက ‘လဝန်း’ တို့ ရန်ကုန်မှာရှိနေကြောင်း ကလေးနှစ်ယောက်ကိစ္စပါကြားခဲ့ရလို့ ဖေဖေနဲ့မေမေက သူ့မြေးတွေကို ပြန်ရချင်နေကြတယ်”

“အို မပေးနိုင်ပါဘူး... မြေးချီချင်ရင် မင်းပဲမိန်းမယူပြီး မွေးပေးလိုက်... ဒါပဲမဟုတ်လား... သွား သွား ပြန်တော့ ပြန်တော့”

ယခင်က ‘ဒေါက်တာထွန်းအောင်ကျော်’ ကို မိုးကျရွှေ ကိုယ်ဟု ထင်ခဲ့သူ မေကြီး တစ်ယောက် ယခုတော့ တစ်ပြားမှ မတန်အောင် ပြောလွှတ်နေပြီ။

‘ထွန်းအောင်ကျော်’ မျက်နှာငယ်ဖြင့် ပြန်ထွက်ခဲ့ရသည်။

“ရှုပ်တယ်အေ... ညည်းလည်း ‘ဇော်ဦး’ နဲ့မြန်မြန်သာ လက်ထပ်လိုက်တော့”

“ဘာဆိုင်လို့လဲ မေကြီး ရဲ့... သူတို့က ကလေးကိုပဲလို ချင်တာပါ... ‘လဝန်း’ ကိုယ်ချင်းစာတတ်ပါတယ်... ကျောင်း ပိတ်တဲ့ရက် သွားလည်ခိုင်းလိုက်ပါ့မယ်”

“အို မလွှတ်ပါဘူး... ပြန်မလွှတ်ရင် ဘယ်လိုလုပ်မလဲ”

“လွှတ်မှာပါ... ကိုယ်ကပိုင်ရှင်ပဲ... မွေးထားတဲ့အမေပဲ”

ထိုစကားကိုနားထောင်နေသော မေကြီး မျက်နှာကမည်း

http://www.cherrythitsar.org


ပြီး တင်းသွားခဲ့သည်။

မေကြီး အမိပွါယ်ကောက်လွဲနေပြီနဲ့ တူသည်။

"အေးပေါ့လေ... ညည်းကအမေဆိုတော့ ညည်းပိုင်တာပဲ... ညည်း သဘောပဲလေ"

ပြောရင်းကငိုသံပါလာပြီး မီးဖိုချောင်ထဲဝင်သွားသဖြင့်...

"စိတ်မကောက်ပါနဲ့ မေကြီး ရယ်... မကြိုက်ရင်မလွှတ်ပါဘူး... 'လဝန်း' နဲ့ကလေးနှစ်ယောက်ဟာ မေကြီး ရဲ့မေတ္တာရိပ်မှာ ကြီးပြင်းခဲ့ရတာပါ... မေကြီး သဘောကျပဲနေခဲ့ကြတာပါ... ကလေးတွေကို မလွှတ်တော့ဘူးနော်"

ကြီးဒေါ်ကြီးကို စိတ်ဆင်းရဲမှာတော့ စိုးပါသည်။

တစ်နေ့တခြား အိုမင်းလာပြီဖြစ်သော ကျေးဇူးရှင်ကို စိတ်ဆင်းရဲအောင် မလုပ်ချင်ပါ။

'ကိုနေ' က ညနေဘက် ကလေးတွေကို ဝင်ကြိုနေကြ။

တူနှင့်တူမကို တစ်ဖက်စီဆွဲ၍ တက်လာရင်း...

"နက်ဖြန်မှုကြိုမလွှတ်နဲ့တော့... 'ထွန်းအောင်ကျော်' ဆိုတဲ့ကောင် ကလေးတွေကိုလာတွေ့သွားပြီ"

"မင်းညီမကိုယ်တိုင်ကိုက ကျောင်းပိတ်ရက်ဆိုလွှတ်မယ်လို့ စိတ်ကူးရှိနေတာ"

"သြော်..."

'နေဝန်း' ၏ သြော်ဆိုသည့်အသံသည် အံ့သြခြင်းအထင်သေးရှုံ့ရှာခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတွေဖြင့် ရောပြွန်းနေပါသည်။ မကြီး ကိုသေချာပြောထားပါလျှက် ယခုလိုပြောလိုက်ခြင်းအတွက် 'လဝန်း' စိတ်တိုနေမိသည်။

ခါတိုင်း ကျောင်းကပြန်လာနေကြဆိုလျှင် တစ်အိမ်လုံးကြွက်ကြွက်ညံနေတတ်သော်လည်း ယခုတော့ တိတ်ဆိတ်၍နေသည်။

ကလေးတွေခမြာလည်း လူကြီးတွေတစ်ယောက်တစ်နေရာစီ ရောက်နေကြသလို၊ မျက်နှာတွေတင်းနေကြသဖြင့် ဘယ်သူ့ဆီကပ်ရမှန်း မသိကြ။ ဟိုကြည့်ဒီကြည့်လုပ်နေကြသည်။

'ကိုနေ' က ထုံးစံအတိုင်း ထပ်ခိုးပေါ်တက်သွားတော့၏။

"လာ လာ အဝတ်ချွတ် ရေချိုးရအောင်"

ကိုယ့်ကလေးကိုယ် တာဝန်ယူသည့်သဘောဖြင့် 'လဝန်း' က ရေချိုးဖို့ခေါ်သည်။ ခါတိုင်း ဘကြီးနှင့်အဘွားက ချိုးပေးပြီး မိခင်က သနားခါးလိမ်းပေး အဝတ်လဲပေးယုံ။

ယခုတော့ ရေချိုး၊ အဝတ်အစားလဲ၊ သနပ်ခါးလိမ်းသုံးမျိုးလုပ်ပေးရသဖြင့် မောနေရသည့်အထဲ ကလေးနှစ်ယောက်

လုံးက ဟိုပြေးဒီပြေးလိုက်လုပ်နေသဖြင့် လိုက်ဖမ်းနေရသည်။

"ခွမ်း..."

"ကဲ ကွဲပြီမဟုတ်လား... မှန်ကွဲရင်မကောင်းဘူးလို့ နင်တို့ကိုဘယ်နှစ်ခါ ပြောရမလဲ... ကဲ ကဲ ကမြင်းဦး... ဆော့ဦး"

"ဖြန်း ဖြန်း"

"အား ကြောက်ပါပြီ မေလေး ရဲ့... နောက်မလုပ်တော့ပါဘူး"

"ကြောက်ပြီ ကြောက်ပြီ"

ကလေးနှစ်ယောက်ကို တစ်ခါမျှ မရိုက်ဘူးကြ။

အန္တရာယ်ဖြစ်မှာစိုး၍ အော်ခြင်းငေါက်ခြင်းမျှသာရှိသည်။

"ဟဲ့ကောင်မ... ညည်းလင်စိတ်မွန်ပြီး ရိုက်မနေနဲ့ သုံးနှစ်ဆိုတာ ငယ်ငယ်လေးရှိသေးတာ... လူကြီးတောင်ဘာကိုင် ကိုင်ပြုတ်ကျသေးတာ"

သနပ်ခါးပါးကွက်ပေါ် မျက်ရည်တွေစီးကျနေသော ကလေးနှစ်ယောက်ကို ပွေ့ချီပြီး မေကြီး က ငိုသံဖြင့်အော်သွားခြင်းဖြစ်သည်။ ဤကလေးနှစ်ယောက်ကို မွေးကာစတည်းက မေကြီး သာလျှင် ရေချိုးပေး၊ အီးကုန်းပေး၊ ထမင်းကျွေး၊ အတူ

http://www.cherrythitsar.org


အိပ်စက်ခဲ့ခြင်းဖြစ်၍ မူကြိုပို့ရခြင်းကိုပင် တလွမ်းလွမ်းတဆွေးဆွေးဖြစ်နေခဲ့ရသူ။

ယခုတော့ ကျောင်းပိတ်ရက်ကိုလည်း ဟိုဘက်အမျိုးအိမ်ပို့တော့မည်ဆို၍ ညပါခွဲရတော့မည်။

ကလေးနှစ်ယောက်ကိုပွေ့ရင်း မိမိ၏သံယောဇဉ်နွံနစ်ခြင်းကို နောင်တရနေမိသည်။ 'လဝန်း' ၏ နွံမှတစ်ဆင့် ဤအမြွှာ၏နွံတွင် ရုန်းမထွက်နိုင်အောင် ဖြစ်နေပြီ။

အသက် ၅၅ နှစ်ဆိုသည့်အရွယ်သည် တဏှာနွံများကို စွန့်လွှတ်သင့်သည့်အရွယ်။

ဘာသာရေးနှင့် ပျော်မွေ့ရမည့်အရွယ်။

ယခုတော့ မိမိမှာ ပုတီးကိုင်ရမည့်အရွယ်မှာ မြေးတွေကိုင်နေမိသည်။

အဘွားအရင်းဖြစ်သည့် 'နွေး' ပင်လျှင် မိမိလောက် သံယောဇဉ်မကြီး၊ အပူမကြီး။

အပူဆိုရင် ယူတတ်ရင်ရတာပဲ။

ကုသိုလ်ဆိုတာလည်း ယူတတ်ရင်ရတာပဲ။

"ဟော တစ်အိမ်လုံးအသံလည်း မကြားပါလား... မရှိကြဘူးလား"

http://www.cherrythitsar.org


'နွေး' က အထုပ်တွေအပိုးတွေနှင့် ရောက်လာခြင်းဖြစ်သည်။

ထုံးစံအတိုင်းလာတိုင်း အရုပ်နှစ်ခုကပါနေကြ။ မြေးတွေကျောင်းဆင်းချိန်မှန်းပြီး မြို့ထဲမှာအစားအသောက်တွေ ဝယ်လာနေကြ။

"ကဲ ကော်ပြန့်ကြော်... ကော်ပြန့်စိမ်း...အသားဖက်ထုပ်စုံလို့နော်... 'နေဝန်း' ကော မရောက်သေးဘူးလား"

"ရှိတယ် မေမေ"

"ဟဲ့ နေမကောင်းဘူးလား.. 'မမြင့်' လည်း မျက်နှာမကောင်းဘူး... ဘာတွေဖြစ်နေကြတာလဲ"

'လဝန်း' ကတရှုံ့ရှုံ့ငိုရင်း 'ထွန်းအောင်ကျော်' အကြောင်းကိုပြောပြသည်။

"သူ့အလှည့်ကိုယ့်အလှည့်ပေါ့ 'မမြင့်' ရယ်.. အခုကိုယ့်အလှည့်ပဲ... ကိုယ်ပေးမှဖြစ်တာ... သူတို့သိပ်တွေ့ချင်ရင် သိပ်လိုချင်နေရင် ကိုယ့်အလိုကိုလိုက်ခိုင်းပေါ့... ဒီကိစ္စကို မေကြီးစိတ်တိုင်းကျ စီစဉ်ပစေ... ညည်း ဒီအရွယ်ရောက်အောင် ပညာတတ်ဖြစ်အောင် ဒီလူတွေရဲ့အသိုင်းအဝိုင်းကြားရောက်အောင် မေကြီး ရဲ့မေတ္တာတွေ စေတနာတွေနဲ့ ခြံလွှမ်းခဲ့ရတာ... မျက်

http://www.cherrythitsar.org


ရည်တွေကျခဲ့ရတာ… မေကြီး အသက်ကြီးချိန်ကြမှ စိတ်မဆင်းရဲပါစေနဲ့တော့”

“မေကြီး မကြိုက်တာ ဘာမှမလုပ်ဘူးလို့ ကတိသားပါ”

‘ဒေါ်ရင်မြင့်’ က ခေါင်းတညိတ်ညိတ်လုပ်ရင်း…

“ငါ မှားသွားတာပါလေ… တကယ်ဆို ‘လဝန်း’ ပြောတာမှန်ပါတယ်… ကလေးတွေကောင်းစားရေးအတွက် လက်ခံရမယ့်ကိစ္စပဲလေ… ‘လဝန်း’ ရဲ့အိမ်ထောင်ရေးကတော့ ကိုယ်ကြိုက်တာသာရွေးပါ… ‘ကိုနေ’ လည်း ဝန်ထုပ်ဝန်ပိုးကြီးပေါ့သွားတာပေါ့… အရွယ်ရှိတုန်း ကိုယ့်ဘဝအဖော်ကိုယ်ရှာဦး”

# ၁၅

"ကလေးတွေက ချစ်စရာကောင်းလိုက်တာ ဖေကြီးရယ် 'မေထွန်း' တော့ အိမ်ကိုတောင် တစ်ခါတည်းခေါ်ခဲ့လိုက်ချင် တာ"

"ဇွတ်မလုပ်ပါနဲ့ကွာ... သူတို့က ပိုးမွေးသလိုမွေးလာခဲ့ကြရတာ... အခုမှ ကိုယ်က အမျိုးတော်ချင်နေတာလေ"

"ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တယ်တော်... သားကြီးနဲ့ 'လဝန်း' နဲ့ပေးစားလိုက်ရင် ကလေးတွေလည်း သူစိမ်းပထွေးနဲ့မနေရတော့ဘူးလေ... 'လဝန်း' က တခြားလူ

http://www.cherrythitsar.org


နဲ့ယူတော့မှာတဲ့”

“မင်းသားကမှ စိတ်မဝင်စားတာ”

‘ထွန်းအောင်ကျော်’ က အနားသို့လာဝင်ထိုင်ရင်း...

“ကျွန်တော်အမှန်အတိုင်း ဖွင့်ပြောပါရစေ ဖေဖေ”

“ဟော အေး... ဘာများလဲသားရဲ့”

“ ‘လဝန်း’ ကို စတွေ့လိုက်တည်းက ကျွန်တော်စိတ်ဝင်စားခဲ့မိပါတယ်... နိုင်ငံခြားကိုရောက်တည်းက ခပ်စိမ်းစိမ်းဖြစ်နေတဲ့ သွေးအေးနေခဲ့တဲ့ ‘နှင်းပွင့်’ ရဲ့ မာကြောကြောအရေးအသားတွေကြောင့် ကျွန်တော်လည်း တုန့်ပြန့်မှုတွေနှေးကွေးနေတဲ့အချိန်မှာ ‘လဝန်း’ ကိုတွေ့ဆုံခွင့်ရခဲ့ပါတယ်... မေကြီး ဆေးရုံတက်ရတဲ့နေ့က ‘လဝန်း’ ပုံစံက အရမ်းအားငယ်နေတာ မျက်လုံးပြူးလေးနဲ့ နားစွဲတရမ်းရမ်းနဲ့... သူ့ကိုစိတ်ဝင်စားမိလို့ စိတ်ကူးယဉ်မိတုန်းရှိသေးတယ် ထုံးစံအတိုင်း အမေ့သားငယ်က လက်ဦးသွားခဲ့တာ... ကျွန်တော်နာမည်ကိုသုံးပြီး သွားနေတယ်ဆိုတာကိုသိလို့ နာမည်ပျက်မှာကြောက်လို့ တားသေးတယ် မရဘူးလေ”

“ဟုတ်လား ဒါဆို သားကြီး က ‘လဝန်း’ ကိုလက်ထပ်နိုင်တယ်ပေါ့”

"ကျွန်တော့်ညီရဲ့သွေးဟာ ကျွန်တော့်သွေးပါပဲ... မေမေတို့ကလည်း ဒီကလေးတွေကို အရမ်းတောင့်တနေတယ်ဆိုတော့လည်း အိမ်ထဲပြန်ရောက်အောင် ခေါ်ပေးပါ့မယ်... ဒါပေမဲ့ သူတို့ကအရမ်းစိတ်နာနေတာ... ကလေးတွေကိုတော့ ကျောင်းပိတ်ရက်လွှတ်ပေးမယ် ပြောတာပဲ"

"မေမေက ဒီမှာ ခေါ်ထားချင်တာ"

"မင်းက ခုမှတွေ့ပြီးသည်လောက်ဖြစ်နေရင် အတူနေတဲ့ လူတွေဘက်ကလည်း စဉ်းစားကြည့်ဦးလေ... အပိုင်တော့ပေးမယ်မထင်ဘူး"

"သားကြီးနဲ့ယူလိုက်ရင်တော့ ရောက်လာမှာပဲ ရအောင် ကြိုးစားရမှာပေါ့ ... သူတို့ကနဂိုတည်းက 'ဒေါက်တာထွန်းအောင်ကျော်' ကိုပဲ လိုချင်တာလို့ပြောခဲ့ဖူးတယ်လေ"

"အခုမလိုချင်တော့ဘူးတဲ့... မလာပါနဲ့တဲ့ တခြားလူနဲ့ လက်ထပ်တော့မှာတဲ့"

"အလကားမူနေတာပါကွယ်... လောလောဆယ်ကလေးနှစ်ယောက် ကျောင်းပိတ်ရက်ရောက်လာအောင် အရင်လုပ်ရဦးမယ်... ပြီးရင် မင်းနဲ့နီးစပ်အောင် လှော်ရမှာပဲ"

'ဒေါ်မေမေထွန်း' တစ်ယောက် အချိန်ရှိသ၍ မြေးနှစ်

http://www.cherrythitsar.org



ယောက်ကိစ္စအတွက်သာ စဉ်းစားလုံးပမ်းနေခဲ့သည်။

နေ့စဉ်မှူကြိုသို့သွား၍ အရုပ်တွေ၊ ကစားစရာတွေ၊ မုန့်တွေသွားပို့ရသည်။ ကလေးတွေနှင့်စကားပြောသည်။

မေကြီး မုန့်ဆိုင်မှထိုင်ခြောင်းနေ၍ နေ့စဉ်မြင်နေရသည်။

"'ဒေါ်ရင်မြင့်' ရှိလားရှင့်"

အိမ်သို့ရှေ့ဆင့်နောက်ဆင့် ရောက်လာခြင်းဖြစ်ပါသည်။

"သြော် 'ဒေါ်မေမေထွန်း' "

"လာမယ် လာမယ်နဲ့ မလာဝံ့တာနဲ့ ကြာနေတာလေ... မြေးတွေဆီတော့ နေ့တိုင်းရောက်တယ်"

"အင်း ပြောတယ်... အရုပ်တွေပါလာလို့မေးကြည့်တော့ အဘွားဆိုတာ လာပေးသွားတာတဲ့"

"မေကြီး တို့ကလည်း ကိုယ်ဝန်ရှိနေတာများ ပြောမသွားဘူး... ပင်ပန်းဆင်းရဲခံပြီး နေခဲ့ကြတယ်... ခုတော့ အနားယူကြတော့ အိမ်မှာပဲပြန်လာနေကြတော့ ကျွန်မတို့မိသားစုကတခြားအသိုင်းအဝိုင်းတွေလို မရိုင်းစိုင်းတတ်ဘူးဆိုတော့မေကြီးသိပြီးသားပါလေ... 'ကိုအောင်နိုင်' ကလည်း မှာလိုက်တယ်...

http://www.cherrythitsar.org


အရင်တုန်းကလိုပဲ ပြန်လာနေကြပါတဲ့... ဩော် တောင်ပေါ် ကတိုက်ကိုလည်း လိုက်ကြည့်ဦး... ဟိုတယ်ကြီးလားအောင်း မေ့ရတယ်... ဟီးနေတာပဲ”

မိမိကိုဖားနေမှန်း စည်းရုံးနေမှန်းသိပါသည်။

“မလိုက်တော့ပါဘူးရှင်... သိတဲ့အတိုင်း ‘လဝန်း’ လက်ထပ်ပြီးရင် ကလေးတွေကိုလည်း ‘မေထွန်း’ တို့ဆီအပ်ပြီးရင် ကျွန်မ စစ်ကိုင်းချောင်မှာပဲ သွားနေတော့မယ်”

နောက်ဆုံးစကားသံများက လှိုင်းထပြီး ငိုသံပါနေမှန်းသိသာပါသည်။

“အို တရားထိုင်ချင်ရင် ရန်ကုန်မှာ ဆယ်ရက်စခန်းဝင်မလား... တောင်ပေါ်မှာလည်း မိုးကုတ်ဝိပဿနာကျောင်းရှိနေတာပဲ... အတူသွားအတူဝင်ကြတာပေါ့... ကလေးတွေက မေ ကြီးနဲ့ နေခဲ့တာဆိုတော့ မေကြီး မရှိရင်မဖြစ်ဘူးထင်တယ်... ဒါနဲ့ ‘လဝန်း’က ‘ထွန်းအောင်ကျော်’လက်ထပ်ခွင့်တောင်း ထားတာကို ခွင့်ပြုလိုက်ပြီလား”

“မဟုတ်ဘူးလေ... ‘ထွန်းအောင်ကျော်’ နဲ့ ဟန်ဆောင်လက်ထပ်ထားတဲ့ စာချုပ်ရှိနေလို့ ကွာရှင်းခွင့်တောင်းပြီးလို့ရခဲ့ရင် သူ့ကို သဘောကျနေတဲ့ လုပ်ငန်းရှင် ‘ဇော်ဦး’ နဲ့လက်

http://www.cherrythitsar.org


ထပ်မှာလေ”

“အို မဖြစ်နိုင်တာ... မေကြီး က အဲ့ဒီကိစ္စကိုဖျက်လေ... တကွဲတပြားစီ ဖြစ်ကုန်ပါ့မယ်...အရင်တုန်းက ‘ဒေါက်တာထွန်းအောင်ကျော်’ ကိုပဲလိုချင်တာဆို... လိုချင်တယ်လို့ဆန္ဒပြုရင် တကယ်ရတတ်ပါတယ်”

“အခုတော့ လိုချင်ပုံမရတော့ဘူး သူ့လူက ‘ထွန်းအောင်ကျော်’မဟုတ်မှန်းသိသွားတော့ သူ စိတ်မဝင်စားတော့ဘူးလေ”

“ဟာ သူ စိတ်ဝင်စားလာအောင် ကျွန်မပစ္စည်းတစ်ခုယူလာတယ်... အဲ့ဒါကိုပြလိုက်ရင် သူ ဟိုလူကိုယူမှာမဟုတ်တော့ဘူး... ရော့ ရော့ ဒါ သားကြီး မသိအောင်ခိုးလာတာ... ‘လဝန်း’ ပြန်လာရင်ပြလိုက်”

ဒိုင်ယာရီစာအုပ် အဟောင်းတစ်ခု။

လွန်ခဲ့သည့် သုံးနှစ်ကျော်က စာအုပ်။

“ရှင် ဆေးရုံတက်ခဲ့တဲ့ ရက်တွေလတွေကို မှတ်မိလား”

“အင်း မှတ်မိတယ်”

“အေး မှတ်မိရင် အဲ့ဒီနေ့တွေရက်တွေ လတွေကိုရှာပြီး ဖတ်ကြည့်ပေတော့”

**ယနေ့ဆေးရုံတွင် ခွဲမကြိခဏရာကောင်းသော လဝန်း ဆိုတဲ့ မိန်းမချောလေးကို တွေ့ဆုံခွင့်ရခဲ့တယ်...**

http://www.cherrythitsar.org



သူကြီးဒေါ်မူးလဲသွားလို့ ဆေးရုံရောက်လာကြတာ...

နောက်တစ်ခေါက်သွားကြည့်တော့ သူမရှိဘူး...

သူ ဆပေးဆယူ နောက်ဆုံးနှစ်တက်နေတာတဲ့...

ဘဝတစ်သက်တာမှာ လဝန်း ဆိုတဲ့ကောင်မလေးလိုမျိုး ငါ့ကို ခွဲဆောင်နိုင်တဲ့လူမရှိသေးဘူး...

နှင်းပွင့် နဲ့လည်း အဆက်အသွယ် ပြတ်သလောက်ပါပဲ

နိုင်ငံခြားရောက်သွားပြီဆိုတော့ ငါ့ထက်သာတာကိုတွေ့ လို့နေမှာပေါ့လေ...

တကယ်လို့ နှင်းပွင့် နဲ့ဝေးခဲ့ရင်တော့ လဝန်း ရဲ့အေးမြ ကြည်လင်တဲ့ မျက်နှာလေးကို တစ်သက်လုံးကြည့်နေချင်တော့တာပဲ...

ဒုတိယနေ့

ပထမနေ့က ကြည်နူးခဲ့တာလေးတွေ နောက်တစ်နေ့ ပျောက်ကွယ်ခဲ့ရတယ်...

ထုံးစံအတိုင်းပဲ ဇော် ဝင်လုသွားခဲ့ပြီ...

တခြားလူဆိုရင်တော့ ပြိုင်လုလိုက်ချင်သေးတယ်...

ခုတော့ ကိုယ့်ညီဖြစ်နေတော့ အရှုံးပေးလိုက်ပါတယ်လေ

အမြွှာမို့လားမသိဘူး... ငါကြိုက်မယ့်ကောင်မလေးတွေ ကို သူ အရင်ကြိုက်သွားခဲ့တာ သုံးယောက်မြောက်ပဲ...

ကိုယ်ကအကြီးမို့ အနစ်နာခဲ့ရတာများပါပြီလေ...

သူလည်း တော်တော်စွဲလန်းနေပုံရတယ်... လဝန်း တို့ နေတဲ့ကောင်ပေါ်အထိ လိုက်သွားခဲ့တယ်...

http://www.cherrythitsar.org


**အင်း အရင်ကောင်မလေးတွေတုန်းကလို ပေါ့ပေါ့ဖျက်ဖျက်မလုပ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ...**

'ထွန်းအောင်ဇော်' တောင်ပေါ်သွားချည်ပြန်ချည်လုပ်နေသောရက်များကိုလည်း 'ထွန်းအောင်ကျော်' က အတိအကျကူးထားနိုင်သဖြင့် မေကြီး သက်ပြင်းရှည်ကြီးချရင်း...

"အင်း ဒီစာအုပ်လေးကို ဖတ်ကြည့်ပြီးရင်တော့ 'လဝန်း' ပြန်လက်ခံနိုင်မယ်ထင်ပါတယ်... 'ထွန်းအောင်ကျော်' နဲ့ယူဖြစ်ရင်တော့ ကလေးတွေအတွက် အကောင်းဆုံးပေါ့... သူပြန်လာရင် ကျွန်မပေးဖတ်လိုက်ပါ့မယ်"

'ဒေါ်မေမေထွန်း' ဝမ်းသာကြည်နူးစွာဖြင့် ပြန်သွားခဲ့သ လို မေကြီး လည်း ရင်ထဲက ခံပြင်းမှုတွေ သောကတွေပျောက်ကုန်ပြီး ပေါ့ပါးလန်းဆန်းသွားခဲ့ပြီဖြစ်သည်။

'နေဝန်း' ပြန်လာလျှင် ဤစာအုပ်ကို ပြရမည်။ သူလည်း ကျေနပ်မှာပါလေ။ ညနေစောင်းကို မျှော်နေမိသည်။

ကားရပ်သံကြောင့် လှမ်းကြည့်လိုက်သောအခါ 'ဦးအောင်နိုင်' ကိုလက်တွဲ၍ သားဖြစ်သူက အိမ်ပေါ်ကိုခေါ်လာနေလေပြီ။

နောက်ခန်းမှ 'နေဝန်း' နှင့်ကလေးနှစ်ယောက် ဆင်းလာကြသည်။

http://www.cherrythitsar.org



ထုံးစံအတိုင်း အရုပ်တွေလက်မှာပိုက်လို့။

"နေကောင်းတယ်နော် 'မရင်မြင့်' "

"ဟုတ်ကဲ့"

" 'မောင်နေ့' ကိုလည်း တခြားမှာအလုပ်မလုပ်ခိုင်းတော့ဘူး… သူက အရောင်းအဝယ် အတော်ကျွမ်းနေပြီပဲ စားရိတ်ငြိမ်းနေဖို့ ခြံထဲမှာသီးသန့်တိုက်ခန်းပေးမယ်… တစ်လတစ်ဝသိန်းပေးမယ်… တစ်နှစ်တစ်ခါ ဘောက်ဆူးပေးမယ်… လုပ်ခွင့်ပေးမလား… သူက မေကြီး သဘောဆိုလို့ လာမေးရတာ"

"သူ့တူနဲ့တူမကို သူ မခွဲနိုင်ဘူးလေ… ဒီတော့ မိသားစုအလုပ်ကိုပဲလုပ်ပေါ့… တစ်ခုတော့ရှိတယ်လေ… နှိမ်တော့မနှိမ်ကြနဲ့ပေါ့"

"အံမယ်လေးဗျာ မနှိမ်ပါဘူး… ခေါင်းပေါ်မှာတင်ထားမှာပါ… 'မောင်နေ' က ကျုပ်မြေးတွေကို ရှာကျွေးပြီးကောင်းကောင်းမွန်မွန်ထားခဲ့လို့လေ… ခက်တာက သတို့သမီးက မာနကြီးနေတုန်းဗျ"

"ဒီစာအုပ်လေး ပြလိုက်ရင်တော့ သူ စိတ်ပြန်လည်လာလောက်ပါတယ်"

"ဒါဆိုရင် ဒီလိုလုပ်ကြရအောင်ဗျာ"

"ဘယ်လိုလဲ"

"ဒီလို ဒီလို"

**သုံးနှစ်မြောက်မင်္ဂလာဆုတောင်း**

**ဒေါက်တာထွန်းအောင်ကျော် နှင့် လဝန်း တို့၏သုံးနှစ်မြောက်မင်္ဂလာခရီးမှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတု အထိချစ်ခင်ပျော်ရွှင်စွာ လက်တွဲနိုင်ကြပါစေ။**

**ဖေဖေ၊ မေမေ**

**မေကြီး၊ နွေး**

**ကိုနေ**

**သော်တာ၊ စန္ဒာ**

http://www.cherrythitsar.org


"ဟင် မေကြီး ရေ… ဒီမှာကြည့်ပါဦး… မပြောမဆိုပိုင်စိုးပိုင်နင်းလုပ်လိုက်ကြတာ… လိုချင်ရင်တစ်မျိုး မလိုချင်ရင်တစ်မျိုး သိပ်စီးပိုးလွန်းကြတယ်"

"သမီးက မကျေနပ်ဘူးလား"

"အို ကိုယ့်ကိုတကယ်မချစ်တဲ့လူကိုတော့ မယူချင်ပါဘူး"

"သမီးကတော့ သူ့ကို တကယ်ချစ်မြတ်နိုးခဲ့တာမဟုတ်လားကွယ်"

"ကိုယ်က သူ့ကိုချစ်ခဲ့မိတာဖြစ်ပေမယ့် သူကမှ ကိုယ့်ကိုမချစ်တာ"

"အေး အေး သူချစ်လားမချစ်လားသိချင်ရင် ဒီစာအုပ်လေးဖတ်ကြည့်လိုက်နော်"

စာဖတ်နေသော 'လဝန်း' ၏ မျက်နှာလေး နီမြန်းလာကြောင်းတွေ့လိုက်ရသည်။

"ပွမ် ပွမ် ပွမ်"

"တီ တီ တီ"

ကားဟွန်းသံကောဖူပေါင်းနဲ့ကြီးကို မောင်နှမနှစ်ယောက်မှုတ်ပြီးဆင်းလာသော အသံရော ညံသွားခဲ့သည်။ ကားပေါ်မှဆင်းလာသော 'ထွန်းအောင်ကျော်'ကိုမြင်လိုက်ရသော 'လဝန်း'

http://www.cherrythitsar.org


၏မျက်နှာမှာ ရဲတွတ်နေကြောင်းတွေ့ရသည်။ လှစ်ကနဲအိမ်ထဲ ဝင်ပြေးသွားခဲ့ပြီ။

"မေကြီး ရေ... ဖေဖေနဲ့မေမေ ကရဝိတ်မှာဘူဖေးစားဖို့ စောင့်နေကြတယ်... ပြီးရင် 'မေနွေး' ကိုလည်း ဝင်ခေါ်ရဦးမယ် နက်ဖြန်တောင်ပေါ်တိုက်သစ်ကို အားလုံးသွားကြမယ်... ဟိုမှာ သုံးနှစ်မြောက်မင်္ဂလာပွဲကို ခမ်းခမ်းနားနားကျင်းပဖို့ စီစဉ်ထား တယ်... 'လဝန်း' ရော လှလှလေးပြင်ခဲ့နော်"

ယနေ့အဖို့တော့ 'လဝန်း' လုံးဝလှမည်မထင်။

ဘာတစ်ခုမှ လုပ်၍မရ။ ကိုင်လိုက်လျှင် ပြုတ်ကျသွား သည်။ နှုတ်ခမ်းနီတွေလည်း ဘေးကိုပေကုန်ပြီ။

သူတို့လုပ်ချင်တာတွေ ဇွတ်လုပ်နေကြသည်။

'လဝန်း' ဘာမှမစီစဉ်ရသေး။

"သွားကြစို့ သမီးရေ... ညည်းအမေကိုလည်း ဝင်ခေါ်ရ ဦးမှာ"

'လဝန်း' က မကျေနပ်ကြောင်း ပြချင်သဖြင့်...

"နက်ဖြန်မလိုက်နိုင်ဘူးနော်"

'ထွန်းအောင်ကျော်' က အိပ်ခန်းဝတွင်လာရပ်ရင်း...

"မလိုက်လို့မရဘူးလေ... သတို့သမီးမပါဘဲ ကလေးနှစ်

http://www.cherrythitsar.org



ယောက်နဲ့သွားလို့ဖြစ်မလား... အားလုံးပျော်ရွှင်ဖို့အတွက် ‘လဝန်း’ က မဖျက်ဆီးရဘူးလေ”

“ကာယကံရှင်ကို ဘာမှမတိုင်ပင်ဘဲနဲ့ ဇွတ်လုပ်တာက ကောကောင်းလား”

“ကိုယ့်အလှည့်တုန်းကလည်း ဘုမသိဘုမသိနဲ့မိန်းမ တစ်ယောက်ကို လက်ထပ်ခဲ့ရသေးတာပဲလေ... ဇွတ်လုပ်ခဲ့ကြ တာပဲလေ”

“အဲ့ဒီတုန်းက ကိုယ်ကချစ်လို့ ပစ်သွားမှာစိုးလို့လုပ်ခဲ့ပေ မယ့် သူကမချစ်လို့ စကားတောင်ပြောခဲ့လို့လား”

“ကိုယ့်ညီအတွက် ရှောင်ပေးခဲ့ရတာလေ”

“ရှင်က အခုချစ်နိုင်သေးလို့လား... အချစ်မပါရင် ပျော် စရာကောင်းမှာမဟုတ်ဘူး”

“စိတ်ချ ပျော်စရာကောင်းစေရမယ်”

“ပွမ် ပွမ် ပွမ်”

“ပွမ် ပွမ် ပွမ်”

“ကဲ မြန်မြန်လုပ်လေ... တော်ကြာအရပ်ပျက်တော့မယ်”

“နက်ဖြန်တော့တောင်ပေါ်မသွားနဲ့ဦး... ‘လဝန်း’ ဘာမှ မဝယ်ခြမ်းရသေးဘူး”

http://www.cherrythitsar.org


"ကရဝိတ်ကအပြန် ဝင်ဝယ်လို့ရတယ်... မန္တလေးမှာ တစ်ညအိပ်ပေးမယ်... အဲ့ဒီမှာ တစ်နေကုန်တစ်ညလုံးဝယ်လို့ရ ပါတယ်... ကလေးအမေပဲ သိပ်ရှိုးထုတ်စရာမလိုပါဘူး"

'လဝန်း' က နှုတ်ခမ်းစူပြီး မျက်နှာကိုပုပ်ထားလိုက်ပါ သော်လည်းသူမ ရင်ခုန်သံတွေကတော့ ညံနေပါသည်။

"တီ တီ တီ"

" 'လဝန်း' ရေ မပြီးသေးဘူးလား"

'ကိုနေ့' အသံကြောင့် 'လဝန်း' ထရပ်လိုက်သည်။

'ထွန်းအောင်ကျော်' က သူမလက်ကိုဆွဲ၍ ခေါ်ထုတ်ခဲ့ ခြင်းဖြစ်သည်။

မေကြီးနှင့် 'ကိုနေ' က သူတို့စုံတွဲကို ကြည်နူးသောအပြုံး များဖြင့် ကျေနပ်စွာလှမ်းကြည့်နေကြပါသည်။

**စာဖတ်သူများရွှင်လန်းချမ်းမြေ့ကြပါစေ...**

**ဆွေဆွေအောင်**

**၆-၁၀-၂၀၀၄ (ညနေ ၅-၀၀)**

http://www.cherrythitsar.org



ရွှေရွှေအောင်

# ရေညာကြီး